The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .18, NO . 22 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 4, 2018

# jynfaps;uGif6DS vpkyfskd&;

စာမျက်နှာ - ၈



## မှုဆယ် (၁၀၅) မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်မှ တင်ပို့နေသည့် ဈေးကွက်ဝင် သရက်သီးများ

စာမျက်နှာ - ၁၂

## International Trade Basic Course (Weekend Programme) (Batch-4) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

စာမျက်နှာ - ၁၇

## မြန်မာ့လယ်ယာထွက်ကုန်အချို့နှင့် ဂျပန်ဈေးကွက်

စာမျက်နှာ - ၁၅

## ရန်ကုန်ကားဈေးကွက် အနည်းငယ်တည်ငြိမ်လာ

စာမျက်နှာ - ၂၂



# မြဝတီဘဏ်လီမိတက်
## MYAWADDY BANK LIMITED

### ပြည်တွင်းငွေလွှဲလုပ်ငန်းများ (Domestic Remittance)

- လူကြီးမင်းတို့၏လွှဲပို့ငွေများကို မြဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲများ တည်ရှိရာမြို့များသို့ မြန်ဆန်တိကျစွာငွေလွှဲပို့နိုင်ပါကြောင်း။
- မြဝတီဘဏ်၏ ချိတ်ဆက်ဘဏ်များဖြစ်သည့်
  - ကမ္ဘောဇဘဏ်
  - ကမ္ဘာ့ရတနာဘဏ်
  - ဧရာဝတီဘဏ်
  - ကျေးလက်ဖွံ့ဖြိုးရေးဘဏ်
  - ယူနိုက်တက်အမရာဘဏ်
  - မြန်မာ့အရှေ့တိုင်းဘဏ်
  - အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်
  - မြန်မာနိုင်ငံသားများဘဏ်
  - ရန်ကုန်မြို့တော်ဘဏ်
  - အင်းဝဘဏ်
  - အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်
  - ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်
  - သမဝါယမဘဏ်တို့နှင့်ဆက်သွယ်၍
- ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်အလုန် ငွေလွှဲပို့နိုင်ပါကြောင်း။
- မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့်လည်းကောင်း၊ Fax ဆက်သွယ်နိုင်သောမြို့များသို့ငွေလွှဲဖြင့်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။



### နိုင်ငံတကာငွေလွှဲလုပ်ငန်းများ (International Remittance)

- ပြည်ပဘဏ်များမှ မြန်မာနိုင်ငံ မြဝတီဘဏ်သို့ ငွေလွှဲပေးပို့ခြင်း (Inward Remittance) နှင့် မြန်မာနိုင်ငံ မြဝတီဘဏ်မှပြည်ပဘဏ်များမှတဆင့် ငွေလွှဲပေးပို့ခြင်း (Outward Remittance) လုပ်ငန်းများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ S.W.I.F.T ဖြင့် လျှင်မြန်စွာဆောင်ရွက်ပေးပါသည်။
- Western Union Co.Ltd (WESTERN UNION) နှင့်ပူးတွဲ၍လည်း ပြည်ပမှ ငွေလွှဲဝင်ရောက်လာခြင်း (Inbound Remittance)၊ ပြည်ပသို့ ငွေလွှဲပေးပို့ခြင်း (Outward Remittance) တို့ကို လမ်းမတော်၊ တရုတ်နောင်၊ သိမ်ဖြူ၊ ဗိုလ်တထောင်၊ ဂန္ဓမာ၊ ရန်ကင်း၊ နေပြည်တော်၊ မန္တလေးဘဏ်ခွဲတို့တွင် ဆောင်ရွက်နိုင်ပါသည်။

**မှန်သည် မြန်သည် မြဝတီ**

## INTERNATIONAL REMITTANCES

မြဝတီဘဏ်(ရုံးချုပ်)

Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax (01) 2301396, 2301460, 2301402, 2301418
Email mwdbankygn@mptmail.net.mm



# TERMINAL

## Terminal Petrol Filling Station

1. Terminal 201 (လေတပ်အနီး၊ ပြည်လမ်း၊ မင်္ဂလာဒုံ) ၀၂၄၀၊ ရန်ကုန်-ပြည်လမ်း၊ BOC မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်။ Ph : 09-977838201, 09-977838621
2. Terminal 202 (အကွက်အမှတ် (၁၇၁၈က)၊ မြေတိုင်းရပ်ကွက် (၁)၊ အမှတ်(၃) လမ်းမကြီး၊ အိုးအိမ်မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်) Ph : 09-977838202, 09-977838622
3. Terminal 203 (မြေတိုင်းရပ်ကွက်အမှတ် (သကတ-(၈) တိုးချဲ့)၊ မြေကွက်အမှတ် (၁၈၁၊A)၊ လှိုင်သာယာမြို့နယ်) Ph : 09-977838203, 09-977838623
4. Terminal 204 (ဂျိုးဖြူကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၄၀၊ C)၊ သန္တာရာကုံကွင်း၊ ဦးပိုင်အမှတ် (၄၄ ခ+၄၅ ခ)၊ ရင်းတိုက်ကွင်းကျေးရွာ၊ တိုက်ကြီးမြို့နယ်) Ph : 09-977838204, 09-977838624
5. Terminal 205 (မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်) Ph : 09-977838205, 09-977838625
6. Terminal 206 (အမှတ် (၃၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ခရေလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်) Ph : 09-977838206, 09-977838626
7. Terminal 208 (ဆင်ကျုံးကွင်းအမှတ် (၈) ဦးပိုင်အမှတ် (ခ၊၃၇၊ ငၢ၃၇၊ စ၊၃၇၊ ဆ၊၃၇) ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်) Ph : 09-977838208, 09-977838628
8. Terminal 501 (ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ရေလျှံကြီးကျေးရွာအုပ်စု၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း) Ph : 09977838501
9. Terminal 101 (ရာဇဌာနီလမ်း နှင့် ဥတ္တရသီရိလမ်းထိပ်၊ နေပြည်တော်) Ph : 09-977838101, 09-977838620

"Terminal ဆိုင်များတွင်
လူကြီးမင်းတို့ လိုအပ်သော စက်သုံးဆီများကို
ဂါလန် (၅၀) အထက်မှာယူပါက
ရန်ကုန်မြို့တွင်းပို့ဆောင်ခ မယူဘဲလိုက်လံပို့ဆောင်ပေးနေပါပြီ"



" TRUST THE QUALITY, TRUST TERMINAL "

**Hot Line : 09 977 838 023**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် မေ ၃၀ ရက် ၁၃:၀၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများတွင် တရုတ်နိုင်ငံသည် ကုန်သွယ်မှုပမာဏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ကြောင်း၊ အလားတူ နယ်စပ်ကုန်သွယ်မှုများတွင်လည်း မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်ရေးသည် အများဆုံးဖြစ်ပါကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူများ၏ တွေ့ကြုံနေရသော အခြေအနေများ၊ အကြံပြုချက်များကို သိရှိလို၍ ယခုကဲ့သို့ အစည်းအဝေး ကျင်းပကာ ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသား လုပ်ငန်းရှင်များအပါအဝင် ကုန်သည် လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်များ ပိုမိုရရှိလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အခွန်အခများ ပိုမိုရရှိနိုင်ခြင်း၊ ကုန်သွယ်လုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ဒေသတွင်း လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဘဏ်များ၏ လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

စာမျက်နှာ ၆ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(၂/ ၂၀၁၈)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၂/ ၂၀၁၈) အစည်းအဝေးကို ၂၀၁၈ ခုနှစ် မေ ၃၁ ရက် ၁၃:၀၀ နာရီတွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်ပမှ တင်သွင်းယာဉ်များကို ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်ကို တိုးမြှင့်သတ်မှတ်ခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတွင်လည်း ကုန်စည်ပို့ဆောင်ရေးနှင့် လုပ်ငန်းများတွင် အဓိကလိုအပ်ချက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ ထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ကြီးကြပ်ရေးကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးမှလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကလည်း မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

## မြန်မာ့အနာဂတ် အလုပ်အကိုင်များခေတ်သစ်ဆီသို့ အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား




၂၀၁၈ ခုနှစ် မေလ ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကမ္ဘာ့ဘဏ်အုပ်စုမှ ကျင်းပပြုလုပ်သည့် "မြန်မာ့အနာဂတ် အလုပ်အကိုင်များ ခေတ်သစ်ဆီသို့" အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား (Report Launch of Myanmar's Future Jobs; Embracing Modernity) သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအရင်းအမြစ် အပါအဝင်

စာမျက်နှာ ၁၇ သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့



မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၆၂ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ကောက်ညှင်းဆန် ၂၈၈၆၈ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန်တန်ချိန် ၂၂၅၀၀၊ ကောက်ညှင်းဆန် ၆၃ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၅၉၆၄ တန် ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၀၆ တန် တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုသည် ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၇၅၉ တန်ပိုမိုတင်ပို့ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် မူဆယ်နဲ့လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၉ သန်းတန်ဖိုးရှိဆန်ကွဲ ၂၉၁၆ တန်ကျော်တင်ပို့ခဲ့ရာ မူဆယ်မှ ၂၀၂၉ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၈၈၇ တန်တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၈၁၇ တန်လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၂၀ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၅ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၄၀၉၅တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အီးယူနိုင်ငံများသို့ အများဆုံးတင်ပို့ပြီး ဧည့်မထဆန် ၂၀၁၉ တန်၊ ပေါင်းဆန်တန်ချိန် ၄၀၀၊ ဗီယက်နမ်နိုင်ငံသို့ ငစိန်ဆန် ၁၁၂၅ တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀ နဲ့ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၈၄၅၃ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်ရေကြောင်းမှ ဆန်ကွဲ တင်ပို့မှု လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀၄ သန်း တန်ဖိုးရှိဆန်ကွဲ ၉၁၇၅ တန်ကို ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၅၀၇၅ တန် လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်စခန်းများမှ ဆန်ပိုမိုတင်ပို့ပြီး ရေကြောင်းမှ ဆန်တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ချောရော ဆန်ကြမ်းပါဈေးအတက်အကျအနည်းငယ်ရှိ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချော(ပေါ်ဆန်းဆန်)ဈေးအနည်းငယ်ကျပြီး ဆန်ကြမ်း(ဧည့်မထ၊ ရက်၉၀ဆန်) ဈေးအနည်းငယ်တက်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကား ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ် အိတ်ကျပ် ၃၅၅၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၆၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀ ရှိပြီး ဈေးငြိမ်နေသော်လည်း ပေါ်ဆန်းဆန်(ရှယ်) တစ်အိတ်ကျပ် ၃၇၅၀၀ မှ ကျပ် ၃၈၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ ခန့်ဈေးကျကြောင်းသိရပါတယ်။ ကျားပျံ(ရှယ်)ကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်အိတ်ကို ကျပ် ၄၀၀၀၀ မှ ကျပ် ၄၂၀၀၀ရှိကြောင်း၊ ကုန်စည်ဒိုင်ကို ဆန်အဝင် ပုံမှန်ရှိကြောင်း၊ အရောင်းအဝယ်အေးကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးမှာ မိုးသုခတစ်အိတ်လျှင် ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ အကြမ်း(ရှယ်) တစ်အိတ်ကျပ် ၂၁၅၀၀ မှ ကျပ် ၂၁၈၀၀ရှိပြီး ဈေးငြိမ်နေပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၁၉၅၀၀ မှ ကျပ် ၁၉၇၀၀၊ ရက် ၉၀ဆန် တစ်အိတ်ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၅၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၂၀၀ ခန့်ဈေးတက်ကြောင်းသိရပါတယ်။ သီးထပ်(ရှယ်)ကတော့ တစ်အိတ်ကိုကျပ် ၂၁၅၀၀ မှ ကျပ် ၂၁၇၀၀ ရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ကျောက်ဆည်ခရိုင်တွင် နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည်ခရိုင်တွင် နွေစပါးစိုက်ဧက ၄၇၇၉၀ ဧက စိုက်ပျိုးရန် လျာထားခဲ့သော်လည်း ၅၁၈၆၄ ဧက စိုက်ပျိုးခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၁၈၅၉၉ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၈၄၂ ဧက၊ မြစ်သားမြို့နယ်တွင် ၂၀၈၄၁ ဧက၊ တံတားဦးမြို့နယ်တွင် ၂၅၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ မိုးရေ၊ မြစ်ရေ၊ ချောင်းရေလုံလောက်စွာရရှိသောကြောင့် နွေစပါးများ ကောင်းစွာအောင်မြင်ဖြစ်ထွန်းလျက်ရှိပါသည်။ ကျောက်ဆည်ခရိုင်အတွင်း နွေစပါးကိုအရည်အသွေးကောင်း၊ ဈေးကောင်းရရှိသော မနောသုခ၊ ရွှေမနော်စပါးမျိုးများစိုက်ပျိုးကြပါသည်။ ယခုအချိန်တွင် နွေစပါးများ ထွက်ပေါ်ခြင်းမရှိသေးသော်လည်း ယခုလက်ရှိစပါးဈေးနှုန်းများအနေဖြင့် ဧရာပဒေသာစပါးတင်း ၁၀၀လျှင် ကျပ် ၇၅၀၀၀၀၊ မနောသုခစပါးတင်း ၁၀၀ လျှင် ကျပ် ၆၅၀၀၀၀ ဖြစ်ပြီး ဧရာပဒေသာ ဆန်တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ မနောသုခဆန်တစ်တင်းခွဲအိတ်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ကုန်သည်ပွဲစားများထံမှ သိရှိရပါသည်။ ယခုအချိန်တွင် နွေစပါးများစပါးနှံစတင်ထွက်ပေါ်နေပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရပါသည်။



**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၆-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၄၄ | ၄၄၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၄ | ၄၃၀ | ▽ | ၄၅၀ | ၄၅၀ | □ | ၄၁၂ | ၄၁၀ | ▽ | ၄၄၃ | ၄၃၈ | ▽ |
| ဆန်ဖြူ ၁၀% | ၄၃၂ | ၄၂၈ | ▽ | ၄၄၅ | ၄၄၅ | □ | - | - | - | ၄၃၈ | ၄၃၃ | ▽ |
| ဆန်ဖြူ ၁၅% | ၄၂၆ | ၄၂၃ | ▽ | ၄၄၀ | ၄၄၀ | □ | - | - | - | ၄၃၃ | ၄၂၈ | ▽ |
| ဆန်ဖြူ ၂၅% | ၄၀၇ | ၄၁၃ | △ | ၄၂၉ | ၄၂၉ | □ | ၃၇၃ | ၃၇၃ | □ | ၃၉၅ | ၃၉၀ | ▽ |
| ပေါင်းဆန် | ၄၄၇ | ၄၄၆ | ▽ | - | - | - | ၄၀၀ | ၃၉၈ | ▽ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၆-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၂၀၀၀ | □ | ၉၁၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | ▽ | ၂၄၀၀၀ | ▽ | ၁၀၀၀၀ | □ | ၄၄၀၀၀ | □ |
| ပဲခူး | ၅၈၀၀ | △ | ၂၂၀၀၀ | △ | ၇၄၀၀ | △ | ၃၇၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၄၀၀၀ | △ | ၁၄၅၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၀၅၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၄၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | |
| ရန်ကုန်(ဝါးတန်း) | ၅၆၆၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၇၀၀၀ | △ | - | - | ၄၇၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၆၀၀၀ | ▽ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၈၂၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၉၄၀ | △ | ၄၀၀၀၀ | △ | - | - | ၅၉၀၀၀ | □ |
| မြိတ် | ၆၀၀၀ | △ | ၂၅၅၀၀ | ▽ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၈-၅-၂၀၁၈ မှ ၁-၆-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 938 | 50,709,341.440 |
| 2 | Form D | 83 | 2,456,181.420 |
| 3 | Form E | 105 | 30,340,016.130 |
| 4 | Korea GSP | 2 | 97,697.130 |
| 5 | Form AK | 75 | 3,438,854.360 |
| 6 | Form AJ | 9 | 531,064.840 |
| 7 | Form AI | 44 | 1,476,536.060 |
| 8 | Form AANZ | 6 | 110,260.050 |
| 9 | Form DFTP | 1 | 297,964,800 |
| 10 | Form CHINA | 1 | 12,500.000 |
| Grand Total | | 1264 | 89,470,416.230 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၆-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၅/၅ | ၁/၆ | ပြောင်းလဲမှု | ၂၅/၅ | ၁/၆ | ပြောင်းလဲမှု | ၂၅/၅ | ၁/၆ | ပြောင်းလဲမှု | ၂၅/၅ | ၁/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၀၇ | ၈၇၀ | ▲ | ၇၀၀ | ၈၀၀ | ▲ | ၇၅၀ | ၈၀၀ | ▲ | ၇၆၀ | ၈၁၀ | ▲ |
| ပဲစင်းငုံ | ၇၇၆ | ၈၆၉ | ▲ | ၆၆၇ | ၇၁၇ | ▲ | ၆၄၀ | ၇၀၀ | ▲ | ၆၂၅ | ၇၄၀ | ▲ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၂၂၂၂ | ၂၃၁၁ | ▲ | ၂၁၅၇ | ၂၂၆၃ | ▲ | ၂၁၀၅ | ၂၁၀၅ | ■ |
| ကုလားပဲရိုးရိုး | ၁၄၅၀ | ၁၄၅၀ | ■ | ၁၁၀၉ | ၁၁၀၀ | ▼ | ၁၁၁၅ | ၁၁၁၅ | ■ | ၁၀၉၅ | ၁၀၉၅ | ■ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၁၅ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၂၄၀ | ၁၂၁၀ | ▼ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၁၀၇ | ၂၂၅၈ | ▲ | ၂၀၅၂ | ၂၀၅၂ | ■ | ၂၀၀၀ | ၂၀၈၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၆-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၅/၅ | ၁/၆ | ပြောင်းလဲမှု | ၂၄/၅ | ၃၁/၅ | ပြောင်းလဲမှု | ၂၄/၅ | ၃၁/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၆၅ | ၃၇၀ | ▲ | ၅၁၂ | ၄၉၇ | ▼ | ၅၁၂ | ၅၀၄ | ▼ |
| ပဲစင်းငုံ | ၃၇၀ | ၃၇၀ | ■ | ၅၅၉ | ၅၄၁ | ▼ | ၅၀၉ | ၅၀၆ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၄၆ | ၇၄၁ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၅၀၀ | ၅၀၀ | ■ | ၅၁၂ | ၄၉၇ | ▼ | ၅၄၀ | ၅၄၁ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၈) မှ |
| | (၁၉-၅-၁၈)ထိ | (၂၆-၅-၁၈)ထိ | (၂၆-၅-၁၈) ထိ |
| မတ်ပဲ | ၈၁၄၃၈ | ၇၀၂၇ | ၈၈၄၆၅ |
| ပဲတီစိမ်း | ၅၇၇၀၅ | ၁၅၄၃ | ၅၉၂၄၈ |
| ပဲစင်းငုံ | ၃၂၅၂၀ | ၇၉၁ | ၃၃၃၁၁ |
| ကုလားပဲ | ၁၄၉၆၃ | ၁၈၆၃ | ၁၆၈၂၆ |
| ပဲလွန်းဖြူ | ၁၇၁၈၇ | ၁၅၄ | ၁၇၃၄၁ |
| မြေထောက်ပဲ | ၆၅၇၄ | ၂၉၇ | ၆၈၇၁ |

## ပြည်ပဲကြီးသီးနံ့ဈေးငြိမ်နေပြီး ပဲကြော်ဖိုသမားအဝယ်ရှိ

မေလကုန်ပတ် ပြည်ပဲဈေးကွက်အတွင်း ပဲကြီးသီးနံ့ ပဲအဝင်ရှိပေမယ့် ယခင်တစ်ပတ်ကထက် လျော့နည်းခဲ့ကာ အိတ်အနည်းငယ်သာဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲများရှိခဲ့တဲ့အတွက် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့သော်လည်း ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အေးခဲ့တယ်လို့ သိရပါတယ်။

ပဲကြော်ဖိုသမားများ ဝယ်ယူမှုရှိသလောက် ရောင်းချ မှုများရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ရွှေကျွန်းတစ်တင်းကျပ် ၃၃၀၀၀၊ ကမ်းနားတစ်တင်းကျပ် ၂၈၀၀၀ တို့ဖြင့်ဈေးအတက်အကျမရှိဘဲ လဆန်းရက်မှ စဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးကွက်မှာ ထောပတ်ပဲ၊ စားတော်ပဲသီးနံ့များထက် ဈေးလျော့ပေမယ့် ကျန်ပဲများအားလုံးထက် ဈေးကောင်းရလျက်ရှိသလို ကုလားပဲသီးနံ့ထက်ပင် ယခုနှစ်မှာဈေးပိုနေခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

# မေလကုန်ပတ် ပြည်ပမျိုးစုံဈေးကွက်မှာ ပဲစင်းငုံသီးနံ့ဈေးပိုလာပြီး ကျန်ပဲများဈေးငြိမ်နေသလို အရောင်းအဝယ်လည်း အေးနေခဲ့



ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မေလကုန်ပတ်မှာ ပဲဈေးအတော်များများ ဈေးငြိမ်သလို အရောင်းအဝယ်လည်း အေးနေခဲ့ကြပါတယ်။ မိုးရွာသွန်းမှုနေ့စဉ်ဖြစ်တဲ့အတွက် ပဲအဝင်လည်းပါးခဲ့တယ်လို့ သိရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံစတဲ့ သီးနံ့များမှာ အရောင်းအဝယ်ဖြစ်တယ်ဆိုသော်လည်း ယခင်တစ်ပတ်ကထက် လျော့နည်းခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းမှာတော့ မတ်ပဲသီးနံ့မှာ တစ်တင်းကျပ် ၁၆၀၀၀ ဖြင့် ဈေးငြိမ်နေပြီး ပဲစင်းငုံသီးနံ့ကတော့ ဈေးပိုရလာတာကြောင့် တစ်တင်းကျပ် ၁၄၀၀၀ ဖြင့် မတ်ပဲဈေးနီးပါးထိ ဈေးပိုလာခဲ့ပါတယ်။ ယခင်နှစ်က မေလကုန်ပတ်အတွင်း မတ်ပဲဈေးမှာ တစ်တင်းကျပ်သုံးသောင်းကျော်ရရှိလို့ ယခုနှစ်ဈေးရဲ့ထက်ဝက်ခန့်ကျဆင်းပေမယ့် ပဲစင်းငုံသီးနံ့မှာ ယခင်နှစ်ကတစ်တင်းကျပ်နှစ်သောင်းခန့်ရရှိခဲ့လို့ ယခုနှစ်ဈေးမှာ တစ်တင်းကျပ်ခြောက်ထောင်ခန့်လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ပဲလက်ကျန်အနေဖြင့် မတ်ပဲရော ပဲစင်းငုံသီးနံ့ပါ လက်ကျန်ရှိနေခဲ့ပြီး ပဲအဝင်အနေဖြင့်တော့ ပဲစင်းငုံသီးနံ့အဝင်မရှိတော့ဘဲ မတ်ပဲသီးနံ့မှာနေ့စဉ်အဝင်ဆက်ရှိနေကြောင်းသိရပါတယ်။

ကုလားပဲသီးနံ့ဈေးမှာ တစ်တင်းကျပ် ၂၁၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဝယ်လက်မှာပဲခွဲစက်သမားများသာ ဝယ်ယူခဲ့ကြပေမယ့် ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အေးခဲ့တာကို တွေ့ရပါတယ်။ ပဲလက်ကျန်များရှိတာကြောင့် ပဲအဝင်ပါးလာသော်လည်း လိုသလောက်ရောင်းချမှုရှိခဲ့ပါတယ်။ ကုလားပဲသီးနံ့မှာ ယခင်နှစ်က တစ်တင်းကျပ်လေးသောင်းထိရရှိခဲ့လို့ ပဲကြီးသီးနံ့နှင့်ဈေးပြိုင်ဈေးကောင်းရလျက်ရှိပေမယ့် ယခုနှစ်မှာတော့ ကုလားပဲသီးနံ့ဈေးဟာ ပဲသစ်ပေါ်ချိန်မှစ၍ တစ်တင်းလျှင်ကျပ်သုံးသောင်းမကျော်ဘဲ သုံးသောင်းနီးပါးထိသာရရှိခဲ့လို့ ယခုနှစ် ကုလားပဲသီးနံ့ဟာ ဈေးအေးတဲ့ပဲသီးနံ့ဖြစ်ခဲ့လို့ အချို့လက်လီပဲသီးနံ့များထက်ပင် ဈေးလျော့နည်းခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ လက်ကားဈေးကွက်အတွင်း နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သောပဲများမှာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနံ့များဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ ပဲအချို့နေ့စဉ်ရောင်းဝယ်မှုမဖြစ်ဘဲ အရောင်းအဝယ်အေးခဲ့တယ်လို့ သိရပါတယ်။

လက်လီရောင်းဝယ်မှုအဖြစ်များတဲ့ပဲများဖြစ်သော ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲသီးနံ့များမှာ ယခုတစ်ပတ်အတွင်း အိတ်အနည်းငယ်သာ ရောင်းဝယ်မှုဖြစ်ခဲ့ပြီး ပဲဈေးနှုန်းများမှာ ထောပတ်ပဲတစ်တင်းကျပ် ၃၅၀၀၀ မှ ကျပ် ၄၀၀၀၀၊ ပဲနီပြားသီးနံ့မှာ တစ်တင်းကျပ် ၃၀၀၀၀၊ စားတော်ပဲသီးနံ့မှာ တစ်တင်းကျပ် ၃၅၀၀၀ မှ ကျပ် ၃၆၀၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်မှုဖြစ်လျက်ရှိကာ လက်လီပဲဈေးကွက်မှာ ဈေးကောင်းရနေတဲ့သီးနံ့များဖြစ်ခဲ့လို့ ပြည်ပဝယ်လိုအားရှိသော မတ်ပဲ၊ ပဲစင်းငုံသီးနံ့များထက် ဈေးပိုကောင်းလျက်ရှိခဲ့ကြပါတယ်။ ယခုနှစ်အတွင်း လက်ကားရောင်းဝယ်မှုအဖြစ်များသော ပဲများထက်လက်လီရောင်းဝယ်မှုဖြစ်တဲ့ ပဲသီးနံ့အချို့က ဈေးကောင်းနေခဲ့သလို အဆိုပါ လက်လီပဲများမှာ ယခင်နှစ်ဈေးနှုန်းများထက် ယခုနှစ်မှာ ဈေးကောင်းရရှိနေခဲ့ကြပါတယ်။ ဒါကြောင့် ယခင်နှစ်က ထောပတ်ပဲ၊ ပဲနီပြားသီးနံ့များမှာ ကျပ်သုံးသောင်းအောက်သာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်မှာတော့ ပဲသစ်ဈေးနှုန်းမှာကတည်းက ကျပ်သုံးသောင်းအထက်ရရှိခဲ့ကြပြီး စားတော်ပဲသီးနံ့ ဈေးမှာ နှစ်စဉ်လိုလို ဈေးကောင်းခဲ့တဲ့ လက်လီပဲသီးနံ့ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင်တွင် ပဲဈေးမငြိမ်

မေလနောက်ဆုံးအပတ်အတွင်းဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံ၊ မတ်ပဲသီးနံ့ပေါက်ဈေးနှုန်းများမှာမတည်ငြိမ် ပဲအကျဈေးနဲ့ အတက်/အကျဖြစ်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံကတော့ ဒီတစ်ပတ်မှာ တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ်၁၄၀၀၀ဖြစ်ပြီး အနည်းငယ်ဈေးမြင့်လာကာ အိတ် ၂၀၀၀ကျော်၊ မတ်ပဲသီးနံ့တစ်တင်းကျပ်၁၅၀၀၀နှုန်းနဲ့ အိတ်၃၀၀ခန့်အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပဲတီစိမ်းသီးကတော့ တစ်တင်း ကျပ် ၄၃၀၀၀/၄၂၀၀၀ နှုန်းပေါက်လျက်ရှိပြီး ပဲဈေးကွက်မှာတော့ ဈေးအမြင့်ဆုံးဖြစ်ပြီး အိတ်၅၀၀/၇၀၀ခန့်အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ကုလားပဲဈေးကွက်မှာ ဒေသတွင်းသုံးအနေနဲ့ ကြာဆန်စက်၊ ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက်အရောင်းအဝယ်ကတော့ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ်ကုလားပဲဖြူလုံးကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၁၂၀၀၊ ထိုင်ဝမ် တစ်တင်း ကျပ် ၂၀၇၀၀၊ 929 ကျပ် ၂၁၀၀၀၊ V7ကျပ် ၂၁၀၀၀နှုန်းနဲ့ အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပဲဈေးကွက်အတွင်း ပဲကြီးသီးနံ့နှင့်ပဲတီစိမ်းသီးနံ့ပေါက်ဈေးနှုန်းကတော့ အမြင့်ဆုံးဖြစ်နေကြောင်းတွေ့ရပါတယ်။ယခုတစ်ပတ်ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာကျပ် ၂၇၅၀၀/၃၁၀၀၀နှုန်းပေါက်လျက်ရှိပြီး စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊CPပြောင်းစသည့် သီးနံ့များလည်းဈေးနှုန်း အတက်/အကျအနည်းငယ်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်စွန်တာနီပဲတစ်တင်း ကျပ် ၂၁၀၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၂၃၇၀၀၊ ထောပတ်ပဲတစ်တင်း ကျပ်၃၉၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၈၀၀၀၊ ဂျုံတစ်တင်း ကျပ် ၁၈၀၀၀၊CPပြောင်းတစ်တင်း ကျပ်၁၀၆၀၀နှုန်းနဲ့အသီးသီးပေါက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

# ပခုက္ကူကုန်စည်ဒိုင်၌ တရိပ်ရိပ်တက်လျက်ရှိသော ပဲတီစိမ်းကြီးနှင့်ပဲစင်းငုံနီ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင် ကျပ် ၁၅၈၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပဲစင်းငုံ(အသစ်)တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ဈေးဖြင့် ၂၅ အိတ်ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၀၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၀၆၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ လုံးကြီးV2 ၏မျိုးခွဲဖြစ်သော ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၂၀၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၂၀၅၀၀ဖြင့် အိတ် ၅၀ ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင်ကျပ် ၂၃၀၀၀ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ (ကျွန်း)တစ်တင်းလျှင် ကျပ် ၂၀၆၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပြောင်းဖူးစေ့ (CP)ဈေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၁၀၆၀၀ ဖြင့် အိတ် ၁၀၀ ခန့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ဒေသထွက် ပဲနီပြားမှာ တစ်တင်းလျှင်ကျပ် ၃၀၀၀၀ ဖြင့် အိတ်၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကြီး ပြောင်မှာ ယခုတစ်ပတ်တွင် ဈေးတရိပ်ရိပ်တက်လျက်ရှိပြီး ယခင်တစ်ပတ်က တစ်တင်းလျှင်ကျပ် ၄၀၉၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၄၂၆၀၀ ဖြင့်အိတ် ၅၀ ခန့် ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသထွက်မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ကျဆင်းနေပါတယ်။

ယခင်တစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင်ကျပ် ၁၀၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင်ကျပ် ၈၁၀ ဖြင့် ပိဿာချိန် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကြက်ဆူတစ်ပိဿာလျှင်ကျပ် ၁၂၀၀ ဈေးဖြင့် ပိဿာချိန် ၁၀၀၀ ခန့်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၁.၅.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုဆိပ်ကမ်း | - MT.CORVUS | P'Oil(In Bulk) ၅၀၀၀ ကုန်ချရန် |
| ထီးတန်းဆီဆိပ်ကမ်း | - MT.SK LINE-1 | P'Oil(In Bulk) ၅၀၀၀ ကုန်ချရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - ALS SUZURN | ကုန်သေတ္တာ ၃၅၀ ကုန်တင် ၅၅၂ ကုန်ချရန် |
| အလုံဆိပ်ကမ်း(၂) | - YAAN BYAE | Urea (In Bulk) ၆၂၅၅ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၃) | - MCC SHANGHAI | ကုန်သေတ္တာ ၂၀၀ ကုန်တင် ၄၃၂ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၁) | - STOVE TIDE | ဆန်၃၀၀၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၃) | - U THAR | Urea (Bag)၁၂၀၀၀ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၅) | - MJ BULKER | ဆန ၂၂၄၀၀ ကုန်တင်ရန် |
| Myanmar Integrated Port Ltd | - SPLIT | Steel ၂၈၁၆၀ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၁) | - YANTRA BHUM | ကုန်သေတ္တာ ၂၄၉ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၄) | - ARCA | ကုန်သေတ္တာ၄၅၉ကုန်တင်၄၃၀ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၂) | - TROGIR | Steel Product ၂၇၀၄၈ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - MANDARIN EAGLE | Steel ၂၇၂၁၉ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၄) | - TROGIR | Steel Product ၂၇၀၄၈ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - IKAN PARANG | Steel ၂၈၂၃၅ ကုန်ချရန် |
| PUMA JETTY | - MT. GREAT DIAMOND | Diesel Oil ၁၂၁၀၇ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| RAINBOW SYMPHONY | Ammonium Nitrate ၆၂၉၈ ကုန်ချရန် | THAI | ၃၁.၅.၂၀၁၈ |
| POSITIVE STAR | Units Vehicle (RO/RO) ၁၆၂၉ ကုန်ချရန် | - | ၁.၆.၂၀၁၈ |
| DU JUAN SONG | G/C ၄၅၀ ကုန်တင် ၈၉၆၅ကုန်ချရန် | CHINA | ၂.၆.၂၀၁၈ |
| NI LI CHA | 465 Pkgs Vehicle& Steel Plate 9 Unit ကုန်ချရန် | - JAPAN | ၄.၆.၂၀၁၈ |
| UNI AUC ONE | Steel Product ၅၁၂၄တန်ကုန်ချရန် | CHINA | ၅.၆.၂၀၁၈ |
| VALENTINA-R | Coal 24000ကုန်ချရန် | RUSSIA | ၇.၆.၂၀၁၈ |
| YU RONG | Steel ၁၃၇၂၈ တန်ကုန်ချရန် | CHINA | ၈.၆.၂၀၁၈ |
| LOTUS LEADER | Units Vehicle (RO/RO) ၆၁ ကုန်ချရန် | JAPAN | ၈.၆.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁.၅.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၆.၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁.၆.၂၀၁၈ |
| SEA MASTER | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၆.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၆.၂၀၁၈ |
| SINAR BATAM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃.၆.၂၀၁၈ |
| ALS SUZURAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၆.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၄.၆.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၃၁.၅.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONISIA | ၃၁.၅.၂၀၁၈ |
| MT.OCEAN FALCON | ဒီဇယ်ဆီ | SINGAPORE | ၃၁.၅.၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ+MOGAS(92 RON) | SINGAPORE | ၃၁.၅.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၃၁.၅.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၂.၆.၂၀၁၈ |
| MT.FLY SEAL | ဒီဇယ်ဆီ+MOGAS(92 RON) | SINGAPORE | ၂.၆.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၅.၆.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၆.၆.၂၀၁၈ |
| MT.GLORY OCEAN | P'Oil(In Bulk) | SINGAPORE | ၇.၆.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၈.၆.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၀.၆.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၁၂.၆.၂၀၁၈ |

## ဘိုကိတ်ပဲသီးနှံ ပြည်ပဲဈေးကွက်မှာ ဈေးအေးအရောင်းအဝယ်အေး

ပြည်ပဲဈေးကွက်မှာ မေလကုန်ပတ်တွင် ဘိုကိတ်ပဲသီးနှံအနေဖြင့် လက်လီရောင်းဝယ်မှုဖြစ်ခဲ့တဲ့ ပဲသီးနှံထဲမှာ ပါဝင်နေပြီး ပဲဈေးနှုန်းကတော့ ဈေးအေးခဲ့တဲ့အတွက် တစ်တင်း ကျပ် ၁၅၅၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ အခြား လက်လီ ပဲသီးနှံများ ယခုနှစ်တွင် ဈေးကောင်းရခဲ့ပေမယ့် ဘိုကိတ်ပဲသီးနှံကတော့ မတ်၊ ဧပြီလများမှစ၍ ဈေးအေးခဲ့တဲ့အတွက် ကျပ်နှစ်သောင်းအောက် လျော့နည်းလာခဲ့ပြီး ယခုအချိန်ထိလည်း ပဲဈေးမှာမြင့်တက်လာခြင်းမရှိဘဲ ဈေးအေးသလို အရောင်းအဝယ်လည်း အေးနေခဲ့ပါတယ်။

ယခင်နှစ်ကဆိုလျှင် ဘိုကိတ်ပဲသီးနှံ ဈေးမှာ တစ်တင်းကျပ်နှစ်သောင်းကျော်ရရှိခဲ့ကာ ပဲသစ်ပေါ်ချိန်ထိလည်း ကျပ်နှစ်သောင်းအထက်ရရှိပြီး ပဲအဝင်ပါးချိန်မှစ၍ တဖြည်းဖြည်း ဈေးလျော့နည်းခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မေ ၁၉ ရက်မှ ၂၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၀ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၃ မျိုးကို တန်ချိန်အားဖြင့် ၁၀၆၅ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၈၃ တန်နဲ့ နှိုင်းယှဉ်ပါက ၁၈၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ဆီးသီးခြောက်၊ ဖန်းခါးသီးခြောက်၊ ဆီးဆန်၊ နနွင်းတက်၊ နာနတ်လျှော်နဲ့ ချဥ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

အဆိုပါသီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၂ သန်း တန်ဖိုးရှိ တောင်လုံးကျော် လေးတန်နီးပါးကို မြန်မာနိုင်ငံသို့တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မေ ၁၉ ရက်မှ ၂၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၇၅၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၆၄၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၂၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၄ တန်ပိုမိုခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၆ သန်း ပိုမို ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ကဏန်း၊ ငါးခြောက်၊ ငါးဆားနယ်၊ ငါးမျိုးစုံနဲ့ ငါးပူတင်းရေခွံခြောက် တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ယခုလိုတန်ချိန်ရော တန်ဖိုးပါ ပိုမိုရတာ ဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံဈေးအနေနဲ့ ယခင်တစ်ပတ်က ကဏန်းတစ်တန်လျှင် ယွမ် ၈၇၅၀၀ ရှိရာမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ၆၆၆၆၇ ယွမ်သို့ လည်းကောင်း၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၀၀၀၀ မှယွမ် ၂၈၀၀၀သို့ လည်းကောင်း ဈေးဆက်လက်ကျဆင်းခဲ့တာတွေ့ရပါတယ်။ **မော်မော်အောင်**

## ရေစကြိုကုန်စည်ဒိုင်တွင် ပြောင်းဖူးစေ့ (CP)ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမှာ အနည်းငယ်ကျလျက် မြေပဲနီလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ်၂၀၀၀မှ ၂၂၀၀ ကျပ်၊ ကွာ့န်းဆန် တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင်ကျပ် ၂၄၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိဿာလျှင်ကျပ်၂၂၀၀ မှ ၂၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲပိစပ် တစ်တင်းလျှင် ကျပ် ၉၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၃၅၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၀၀၀၀၊ ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ကျပ် ၂၀၅၀၀၊ 929 ကုလားပဲဖြူ တစ်တင်းလျှင် ကျပ် ၂၀၃၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၇၀၀၀ မှကျပ် ၂၈၀၀၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၄၂၀၀၀ မှကျပ် ၄၂၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှကျပ် ၄၂၀၀၀၊ မတ်ပဲ တစ်တင်းလျှင်ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀၊



ပြောင်းဖူးစေ့ (CP) ဈေးမှာ တစ်တင်းလျှင် ကျပ် ၁၀၆၀၀ ဈေးဖြင့် အိတ် ၃၅၀ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန…… မှအဆက်

ယင်းနောက် တက်ရောက်လာကြသူများက လက်တွေ့ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာတွင် တွေ့ရှိရသော အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက် များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည် ထောင်စုဝန်ကြီးက နိဂုံးချုပ် စကားပြော ကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိမ်ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ကွမ်းလုံ-ဟိုပန်-ချင်းရွှေဟော်-လောက်ကိုင် နယ်စပ်ကုန်သွယ်ရေး ကုန် သည်များအသင်း၊ ပင်လယ်ရေကြောင်းမှ ပြည်ပသို့ကုန်ပစ္စည်း တင်ပို့/တင်သွင်းသူများ၊ နယ်စပ်မှ ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့/တင်သွင်းသူများ၊ ငွေလွှဲလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

## ကြက်သွန်

# ပြည်ဈေးကွက်အတွင်း မိုးနှင့်အတူ ကြက်သွန်နီအရောင်းအဝယ်အေးလျက်ရှိ



ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်၌ အရောင်းအဝယ်မှာ မိုးနှင့်အတူ သိသိသာသာ အေးသွားကြောင်းသိရပါတယ်။ မုန်တိုင်းမိုးကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကြက်သွန်နီဝင်ရောက်မှုမှာလည်း နည်းသွားသည့်အတွက် လက်ကျန်ကုန်ပစ္စည်းများနှင့်သာ အရောင်းအဝယ်ပြုလုပ်နေရကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံလက်ကားဈေးတစ်ပိဿာကို အရည်အသွေးပေါ် မူတည်၍ ကျပ် ၄၅၀- ၅၀၀- ၅၇၀ -၆၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီ ဈေးများတွင်(ကြီး) ကျပ် ၆၀၀၊ ကျပ် ၆၅၀ ၊ (လတ်) ကျပ် ၇၀၀၊ ကျပ် ၇၅၀ ၊ (သေး)ကျပ် ၅၅၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်လီဈေးနှုန်းများဖြစ်သော(ကြီး) ကျပ် ၇၀၀၊ ကျပ် ၈၀၀ ၊ (လတ်) ကျပ် ၈၀၀၊ကျပ် ၈၅၀၊ (သေး) ကျပ် ၆၀၀၊ ကျပ် ၆၅၀ နှုန်းတို့ဖြင့် နှိုင်းယှဉ်ပါက လက်လီဈေးကျပ် ၁၅၀ ခန့်ကျဆင်းသွားကြောင်း သိရပါတယ်။ စားသုံးသူများအနေဖြင့် ကြက်သွန်နီ အလုံးကြီးများကို အကြိုက်မတွေ့ဘဲ အလတ်စများသာ အကြိုက်တွေ့သည့်အတွက် အလတ်စဈေးနှုန်းများ ဈေးပိုရရှိကာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ကြက်သွန်တင်ပို့

မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃၅၅၇၅ တန်ဖိုးရှိကြက်သွန်နီ ၄၂၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၇၅ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၁၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၀၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၁၀၀ နဲ့ အမေရိကန်ဒေါ်လာ ၁၃၂၅၀၀ တန်ဖိုးရှိကြက်သွန်ဖြူ တန် ၂၀၀ ကို ထိုင်း နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယမန်နှစ်က မုံရွာဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဆုံး ကျပ် ၃၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်မှာ စိုက်ပျိုးထုတ်လုပ်သူများပြားလာတဲ့အတွက် အထွက်နှုန်း ပိုများလာကာ ဈေးကျဆင်းခဲ့ကြောင်း ဒေသခံကုန်သည်များက ပြောပါတယ်။ **မော်မော်အောင်**

## နေကြာ

# ကသာခရိုင်တွင် နေကြာသီးနှံ ရိတ်သိမ်းချိန်ဈေးကောင်းရ

စစ်ကိုင်းတိုင်း ဒေသကြီး ကသာခရိုင်တွင် နေကြာစိုက်ပျိုး ဧက ၄၃၁၄၄ ဧကရှိပြီး ခရိုင်အတွင်း အခြားမြို့နယ်များနဲ့ အထွက်နှုန်းချင်းမတူပေမယ့် တစ်ဧကပျမ်းမျှ တင်းသုံးဆယ်ထွက်ပြီး ၂၀၁၇-၂၀၁၈ စိုက်ပျိုးရာသီ ကသာခရိုင် နေကြာထုတ်လုပ်မှု တင်းပေါင်း ၁၅၁၀၀၄၀ တင်းထွက်ရှိမှာဖြစ်ပါတယ်။ လက်ရှိတွင် စတင်ရိတ်သိမ်းလျက်ရှိနေပြီး နေကြာတစ်တင်းကျပ် ၉၀၀၀ ဈေးဖွင့်လို့ နေကြာစိုက်တောင်သူများ ဈေးကောင်းရကြတယ်လို့ သိရပါတယ်။

ခရိုင်အတွင်း နေကြာအထွက် ၂၅ ရာခိုင်နှုန်းကို ဒေသတွင်းလှောင်လက်များ ဝယ်ယူသိုလှောင်လျက်ရှိပြီး ၇၅ ရာခိုင်နှုန်းကို မန္တလေး၊ မြစ်ကြီးနား၊ ရွှေဘို၊ မုံရွာ ပွဲရုံများကို တင်ပို့ကြပါတယ်။ အစေ့စားနေကြာ တင်ပို့မှုများပြီး ဆီစားနေကြာစိုက်ပျိုးမှုနည်းပါတယ်။ ကောလင်းမြို့နယ် နေကြာစေ့လှော်ဖိုလုပ်ငန်းများက နှစ်ပေါက်ဝယ်လှောင်ကြပါတယ်။ နေကြာသီးနှံကို ဧရာဝတီ၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းစတဲ့ တိုင်းဒေသကြီးများနဲ့ မွန်ပြည်နယ်မှာ အများအပြား စိုက်ပျိုးနေတာ တွေ့ရပါတယ်။ ပြည်ပတင်ပို့မှုများပုံမှန်ရှိနေပြီး ဈေးကွက်ခိုင်မာလို့ မျိုးကောင်းမျိုးသန့် အထွက်တိုးနေကြာနှင့် ပြောင်းလည်းစိုက်ပျိုးလာကြတယ်လို့ နေကြာကုန်သည်များထံက သိရပါတယ်။

နေကြာကို မြေပဲနဲ့ သီးညှပ်စိုက်ပျိုးလို့ တစ်ဧက စိုက်ပျိုးကုန်ကျစရိတ် တစ်သိန်းကျော်ရှိပါတယ်။ တင်းသုံးဆယ်အထွက်နှုန်းနဲ့ အထက်ရှိပြီး တစ်တင်းကျပ် ၉၀၀၀ ဈေးရောင်းရလို့ နှစ်သိန်း ကျော် အကျိုးအမြတ်ရှိတယ်လို့ နေကြာစိုက် တောင်သူများထံက သိရပါတယ်။ **ကြည်နိုင်ဦး၊ အင်းတော်**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၃၀၀ နီးပါးတင်ပို့

မေလ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၉၈ ဒသမ ၄၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံသို့ ၂၄ ဒသမ ၄၅ တန်၊ စင်ကာပူနိုင်ငံသို့ ၁၂၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်သို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့မန်ကျည်း ၂၆၉ တန်နဲ့ နှိုင်းယှဉ်ရင် မန်ကျည်း ၂၉ တန် ပိုမိုတင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ချင်းတန်ချိန် ၁၆၀၀ကျော်တင်ပို့

မေလ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ချင်း ၁၆၆၃ ဒသမ ၉၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တန်ချိန် ၁၄၂၀၊ အိန္ဒိယနိုင်ငံသို့ ၂၈ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၂၁၅ ဒသမ ၉၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ချင်းခြောက်က တစ်တန်ကို ပျမ်းမျှ အမေရိကန် ဒေါ်လာ၆၇၀ ဝန်းကျင်ရရှိခဲ့ပြီး ရိုးရိုးချင်းက တစ်တန်ကို ပျမ်းမျှ အမေရိကန် ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၆၆၁၁၉ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## နှမ်း

# ရှမ်းနှမ်း ပုံမှန်အရောင်းအဝယ်ရှိ

ရှမ်းနှမ်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းသုံး အနေနဲ့သာအဝယ်ရှိနေပြီး သူ့ဈေးနဲ့သူတော့ ဝယ်လက်အနည်းငယ်ရှိလာတယ်လို့လည်းသိရပါတယ်။ ပြည်ပဝယ်လက်ကတော့ အခုထိမရှိသေးပါဘူး။ မူဆယ်ဝယ်လက်တွေကတော့ ဈေးကိုသာမေးပြီး ဝယ်ယူမှုမရှိသေးဘူးလို့လည်း သိရပါတယ်။ ပြည်တွင်းသုံးအမှုန့်ကြိတ်ဖို့အတွက်ရယ်၊ ပရဆေးဖော်ဖို့ ရယ်အတွက်သာအဝယ်ရှိလို့ တစ်ပတ် ကို ပိဿာချိန်ရာဂဏန်းခန့်သာ အဝယ်ရှိနေတယ်လို့လည်း သိရပါ တယ်။

အောင်ပန်းဈေးကွက်မှာသာ အရောင်းအဝယ်အနည်းငယ်ဖြစ်နေပြီး ဟိုပုံးဈေးကွက်မှာတော့ အရောင်းအဝယ်မဖြစ်ဘူးလို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နှမ်း အရည်အသွေးပေါ် မူတည်ပြီး ဈေးကလည်းကွာလာပါတယ်။ တစ်ပိဿာပေါက်ဈေးကတော့ ထိပ်စ(မြေနီ)ကျပ် ၁၇၀၀၊ လတ်စကျပ် ၇၀၀ မှ ကျပ် ၈၀၀ ဈေးရှိပြီး ဆင်တောင်နှမ်းကတော့ ကျပ် ၂၅၀၀ ဈေးရှိပါတယ်။ ဟိုပုံးချင်းကတော့ တစ်ပိဿာကို ကျပ် ၂၂၀၀ ဈေးပေါက်နေပေမယ့် အရောင်းအဝယ်တော့ မဖြစ်ဘူးလို့ ဟိုပုံးချင်းပွဲရုံတွေထံက သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

# တရုတ်နိုင်ငံသို့ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၀၂၄၃ တန်ဖိုးရှိ နှမ်းတက် (ရှမ်းစ) ၃၅၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၈၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၇၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ကျပ် ၉၁၆၃၇၀ ဈေးရှိပြီး ယခမန်နှစ်ကာလတူက ကျပ် ၉၀၉၈၆၀ ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ချင်း

# ဈေးကောင်းရနေတဲ့ ချင်းစို

အောင်ပန်းဈေးကွက်မှာတော့ ဒီတစ်ပတ်လည်း ချင်း(စို)က ဈေးကောင်းနေဆဲပါပဲ။ အိမ်နီးချင်းနိုင်ငံတွေ ကို နယ်စပ်ကနေတစ်ဆင့် ပေးပို့နေတဲ့ဈေးကွက်ကြောင့် တမူး၊ တောင်ကုတ် ဝယ်လက်တွေက ဝယ်ယူနေကြသလို ပြည်တွင်းကလည်း ဓားလှီးချင်းပြုလုပ် ဖို့အတွက် ဝယ်ယူနေတဲ့ဈေးကွက်လည်း ရှိနေတယ်လို့သိရပါတယ်။ မေလလယ်အထိ ဝယ်လိုအားကအတော်များများဖြစ်နေခဲ့ပြီး ဒီတစ်ပတ်မှာတော့ ရာသီ ဥတုကြောင့် ဝယ်လိုအားကအနည်း ငယ်ကျလာတယ်လို့သိရပါတယ်။ မိုးရာသီရောက်လာပြီဖြစ်သဖြင့် မုန်တိုင်းအန္တရာယ်ကြောင့် တစ်ဖက်နိုင်ငံကို တင်ပို့ဖို့လည်း အခက်အခဲရှိလာလို့ ဝယ်ယူမှုအနည်းငယ်လျော့ကျလာတယ်လို့သိရပါတယ်။

မိုးအဆက်မပြတ်ရွာလာပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲလာရင်တော့ ဈေးကလည်းတစ် ပိဿာကို ကျပ် ၁၀၀ ခန့်ကျလာနိုင်တယ်လို့လည်း ချင်းပွဲရုံတွေက ခန့်မှန်းနေပါတယ်။ ချင်း (တက်)အစိုကတော့ ဖြုန်းအားကောင်းတာကြောင့် လက်ကျန်လည်း နည်းလာပါပြီ။ ချင်း(ဥမ)တွေ ထွက်လာဖို့ကလည်း နှစ်ပတ်/သုံးပတ်ခန့်လိုပြီး အခုလိုမိုးရွာလာရင်တော့ ဒီထက်စောပြီး ပေါ်လာနိုင်တယ်လို့လည်းသိရပါတယ်။ ဒီတစ်ပတ်အောင် ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာ ပေါက်ဈေးကတော့ ထိပ်စ ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀၊ (လတ်စ)က ကျပ် ၇၀၀ မှ ကျပ် ၈၀၀ နဲ့(ညံ့စ)က ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ မှ ၁၃၀၀ဈေးရှိကြောင်း သိရှိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

# စစ်တွေမှ ချင်းပိုမိုတင်ပို့

မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၈၀၀၀ တန်ဖိုးရှိ ချင်းစို တန် ၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇ တန်နဲ့နှိုင်းယှဉ်ပါက ၄၃ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ စစ်တွေချင်းတစ်တန်လျှင် မိမိဘက်ပေါက်ဈေး ကျပ် ၁၀၁၉၄၇၀ ဝန်းကျင် ရှိတယ်လို့ သိရပါတယ်။

အလားတူ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၃၀၀ တန်ဖိုးရှိ ချင်းစိုတန် ၂၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၁ တန်နဲ့ နှိုင်းယှဉ်ပါက ၄၁တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

အာလူးဟာ ယနေ့ကာလမှာ လူအများစား သုံးနှစ်သက်တဲ့ အစားအစာတစ်ခုအဖြစ် ကျော်ကြားပြီး အာဟာရနှင့် ပြည့်စုံတဲ့ စားဖိုဆောင်သီးနှံ တစ်ခုဖြစ်ပါတယ်။ အာလူးရဲ့ ရုက္ခဗေဒအမည်ကတော့ Solanum ဖြစ်ပြီး မျိုးရင်းအမည်ကတော့ Solanaceae ဖြစ်ပါတယ်။ အာလူးကို ဘီစီ ၅၀၀၀ နှင့် ၈၀၀၀ အကြားမှာ ပီရူးနိုင်ငံနဲ့ ဘိုလီးဗီးယား နိုင်ငံအစွန်ပိုင်းလောက်မှာ စတင်စိုက်ပျိုးခဲ့တယ်လို့သိရပါတယ်။ ၁၅၃၆ ခုနှစ်ခန့်မှာတော့ ပီရူးကိုသိမ်းပိုက်ခဲ့တဲ့ စပိန်လူမျိုးတွေဟာ အာလူးရဲ့ အရသာကို နှစ်သက်တဲ့အတွက် ဥရောပကို သယ်ဆောင်စိုက်ပျိုးခဲ့ပြီး နောက်ပိုင်းကာလများမှာ ကမ္ဘာအနှံ့ ပျံ့နှံ့သွားခဲ့တယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံကိုတော့ ၁၉ ရာစု အလယ်လောက်မှာ အာလူးမျိုး ရောက်ရှိခဲ့တယ်လို့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။ အာလူးဟာ စားသုံးသူများ နှစ်စဉ်နှင့် အမျှ တိုးပွားနေတဲ့အပြင် ဟင်းအဖြစ်ရော သားရေစာအဖြစ်ပါ စားသုံးကြတာကြောင့် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုများပြားလာသလို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်မှုမှတစ်ဆင့် ဝင်ငွေများစွာလည်း ရရှိလျက်ရှိပါတယ်။ ဒါ့ကြောင့် အာလူးဈေးကွက်ဟာ ဝေစုကြီးမားတဲ့ ဈေးကွက်ကြီးတစ်ခုလည်း ဖြစ်တယ်ဆိုတာ သံသယရှိစရာ မလိုအောင်ပါပဲ။

**မြန်မာနိုင်ငံအတွင်းစိုက်ပျိုးရာဒေသများ**

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ပေမယ့် နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အာလူးကို ရှမ်းပြည်နယ်မှာ အဓိကစိုက်ပျိုးပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှာလည်း စိုက်ပျိုးထွက်ရှိပါတယ်။

**အာလူးမျိုးစိတ်များနှင့် စိုက်ပျိုးချိန်များ**

မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ အာလူးအမျိုးအစားများကတော့ L-11 အမျိုးအစား၊ Markies အမျိုးအစား၊ Carolu အမျိုးအစား၊ Kufri Jyoti အမျိုးအစား၊ CIP-24 အမျိုးအစား၊ Altantic အမျိုးအစားတို့ကို အများစုစိုက်ပျိုးလျက်ရှိပြီး LKP မျိုးခွဲများနဲ့ ပါကစ္စတန်မျိုး၊ နယ်သာလန်မျိုးများကို စိုက်ပျိုးနေကြတဲ့အပြင် အမေရိကန်မျိုးများကိုလည်း တင်သွင်းစိုက်ပျိုးဖို့ စီစဉ်နေကြောင်းကိုလည်း သိရပါတယ်။ တရုတ်မျိုးခွဲများကိုလည်းစိုက်ပျိုးတာ တွေ့ရပါတယ်။ စိုက်ပျိုးသူများကတော့ ဘင်္ဂလားမျိုး၊ ရှမ်းမျိုးနဲ့ စစ်ပိုလ်မျိုးလို့လည်း အလွယ်ခေါ်ကြတာကို လေ့လာတွေ့ရှိရပါတယ်။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့မှာတော့ ဆောင်းဦးပေါက်နှင့် ဆောင်းကာလတို့မှာ စိုက်ပျိုးကြပြီး ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှာ တူးဖော်ကြပါတယ်။ ရှမ်းပြည်နယ်မှာတော့ မိုးကာလနှင့် ဆောင်းကာလတို့မှာ စိုက်ပျိုးတာကို တွေ့ရှိရပါတယ်။ ပုံမှန်အားဖြင့် အာလူးကို မိုးအာလူးနှင့် ဆောင်းအာလူးဟု ခွဲခြားထားပြီး မိုးအာလူး



# ပြည်ပဈေးကွက်ချဲ့နိုင်မည် အာလူးစိုက်ပျိုးရေး

ကို မတ်လနှင့် ဧပြီလမှာ စိုက်ပျိုးပြီး ဩဂုတ်နှင့် စက်တင်ဘာလတို့မှာ တူးဖော်ပါတယ်။ ဆောင်းအာလူးကိုတော့ အောက်တိုဘာနှင့် နိုဝင်ဘာလမှာ စတင်စိုက်ပျိုးကာ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလမှာ တူးဖော်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာတော့ ရေအာလူးလို့ခေါ်တဲ့ အာလူးအမျိုးအစားကို ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလတို့မှာ ရေသွင်းစိုက်ပျိုးပြီး ဧပြီ၊ မေလခန့်မှာ ပေါ်တတ်တာကိုလည်း တွေ့ရပါတယ်။ ကုန်းအာလူးကိုတော့ မတ်လလောက်မှာ စိုက်ပျိုးပြီး ဇူလိုင်လမှာ ပေါ်ထွက်ပါတယ်။ မိုးကြိုအာလူးကို ဧပြီနဲ့ မေလမှာစိုက်ပျိုးကာ ဩဂုတ်မှာ ပေါ်ထွက်ပါတယ်။ စကအာလူးလို့ခေါ်တဲ့ ဆောင်းအာလူးကိုတော့ ဩဂုတ်လမှာစိုက်ပျိုးကာ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာ ထွက်ရှိတယ်လို့ သိရပါတယ်။

**မျိုးယူခြင်း၊ စိုက်ပျိုးခြင်း၊ ပိုးမွှားများကာကွယ်ခြင်းနှင့် ရိတ်သိမ်းခြင်း**

အာလူးဟာမြေဆီလွှာ ၆၀ ဒီဂရီဖာရင်ဟိုက်နှင့် ၇၀ ဒီဂရီဖာရင်ဟိုက်တို့တွင် ကောင်းစွာဖြစ်ထွန်းကြောင်း သိရပါတယ်။ အာလူးပင်ဟာ မြေဩဇာကြိုက်သည့်အတွက် မစိုက်ပျိုးမီ မြေဆီလွှာတွင် နိုက်ထရိုဂျင်ဓာတ်နည်းပြီး ဖော့စ်ဖားရပ်နှင့် ပိုတက်စီယမ်ဓာတ်တို့များသော ၅-၁၀-၁၀ အချိုးရှိ ဓာတ်မြေဩဇာကို အသုံးပြုရပါတယ်။ အာလူးစိုက်ပျိုးရာမှာ မျိုးရွေးချယ်မှုဟာ အရေးကြီးလှပါတယ်။ မျိုးကိုရွေးချယ်တဲ့အခါမှာ အနာအဆာကင်းပြီး မျက်စိနည်းတဲ့မျိုးကို ရွေးချယ်ရပါတယ်။ အာလူးမျိုးယူတဲ့အခါမှာလည်း တူးထားတဲ့ အာလူးကို ချက်ချင်းစိုက်ပျိုးမည့်မျိုးအဖြစ်သုံးလို့ မရသေးဘဲ Tuber Dormancy လို့ခေါ်တဲ့ မျိုးစုနား ချိန်နှစ်လ၊ သုံးလမှာ အမှောင်ခန်းမှာ စနစ်တကျသိုလှောင်ထားရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့အခါမှာလည်း ပြုပြင်ထားတဲ့မြေမှာ အလုံးလိုက်သော်လည်းကောင်း၊ ခွဲစိတ်၍သော်လည်းကောင်း စိုက်ပျိုးခြင်းဖြစ်ပါတယ်။ အာလူးစိုက်ပျိုးတဲ့မြေဟာ ခြောက်သွေ့မှုမရှိပါက ပိုမိုကောင်းမွန်ကြောင်းနှင့် မြေစေးအမျိုးအစားမှာ စိုက်ပျိုးရန်မသင့်ကြောင်းကိုလည်း သိရှိရပါတယ်။ ကုန်းအာလူးကို စိုက်ပျိုးရာမှာ မိုးရေကို အားထား စိုက်ပျိုးရကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ဆောင်းအာလူး စိုက်ပျိုးရာမှာတော့ ရေ သွင်းစိုက်ပျိုးရတယ်လို့ ဆိုပါတယ်။ အာလူးကို အဓိက

**K.K.M (မြဝတီ)**

ဖျက်ဆီးတဲ့ ပိုးမွှားများမှာ ပင်ဖြတ်ပိုး၊ နှစ်ဆယ့်ရှစ်ပြောက်ကျိုင်းပိုးတို့ဖြစ်ပြီး နှစ်ဆယ့် ရှစ်ပြောက်ကျိုင်းပိုးဟာ မိုးရာသီနှင့် ဆောင်းရာသီတွင် ကျရောက်တတ်တယ်လို့ ဆိုပါတယ်။ အာလူး စိုက်ခင်းတွေမှာ ပင်ညှိုးရောဂါဟာ အဖြစ်များပြီး ရောဂါဖြစ်ပါက စိုက်ခင်းတစ်ခုလုံး ပျက်စီးတတ်ပါတယ်။ မျိုးအဖြစ်သိမ်းထားတဲ့ အာလူးများမှာတော့ အာလူးဥတိုးဖလံကြောင့် ပျက်စီးတတ်ကြောင်း လေ့လာသိရှိရပါတယ်။ ဒီဖျက်ပိုးတွေကြောင့် မျိုးရယူတဲ့အချိန်ကစပြီး စိုက်ပျိုးတူးဖော်တဲ့အထိ ပျက်စီးဆုံးရှုံးမှု တွေ့ရှိတတ်ပြီး ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို စနစ်တကျ အသုံးပြုဖို့ လိုအပ်လှပါတယ်။ ပိုးသတ်ဆေးအသုံးပြုတဲ့အခါမှာလည်း စံချိန်စံညွှန်းနဲ့အညီ သုံးစွဲဖို့ အရေးကြီးပါတယ်။ အာလူးတူးဖော်တဲ့အခါမှာတော့ ပေါက်ပြားဖြင့်သော်လည်းကောင်း၊ ထယ်ထိုး၍သော်လည်းကောင်း၊ လက်ဖြင့်သော်လည်းကောင်း တူးဖော်ကြပြီး တူးဖော်ချိန်စောပါက အာလူးများပုပ်သွားတတ်တယ်လို့ သိရှိရပါတယ်။ တူးဖော်ထားတဲ့ အာလူးများကို ခြောက်သွေ့တဲ့နေရာမှာ သိုလှောင်မှသာ အာလူးများ ပုပ်သွားခြင်းကို ကာကွယ်နိုင်မှာပါ။

ယခုအခါ မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့သည့် အာလူးများကို AVENTINE LIMITED က နယ်သာလန်နိုင်ငံမှ အာလူးမျိုး (Atlantic) ကိုတင်သွင်း၍ ရှမ်းပြည်နယ် ဟဲဟိုး၊ တောင်ကြီးတို့တွင် မျိုးပွားထုတ်လုပ်ကာ ဟဲဟိုး၊ တောင်ကြီးတို့အပြင် မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းတို့တွင် စိုက်ပျိုးကြပြီး၊ တောင်သူများအား အာလူးမျိုး(Atlantic)၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့ကိုကြိုတင်ထုတ်ပေးကြောင်း၊ စိုက်ပျိုးစရိတ်များကိုပါ ကြိုတင်ထုတ်ပေးကြောင်းသိရပါတယ်။ ထို့ပြင် အာလူးတစ်ဧက စိုက်ပျိုးပါက ရင်းနှီးငွေ ၁၈ သိန်းမှ သိန်း ၂၀ ကုန်ကျမှုရှိတာကြောင့် AVENTINE LIMITED မှ တစ်ဧကလျှင် ရင်းနှီးငွေကျပ် ၁၂ သိန်းမှ ၁၃ သိန်းအထိ ကြိုတင်ထုတ်ပေးကာ စိုက်ပျိုးရာတွင်လည်း အထွက်နှုန်းတိုးရန်အတွက် ကုမ္ပဏီရှိစိုက်ပျိုးရေး ဝန်ထမ်းများက စိုက်ပျိုးပုံအဆင့်ဆင့် နည်းပညာပေးကာလုပ်ဆောင်ပေးလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။

ဒါကြောင့် စိုက်ပျိုးသူတောင်သူများ ကြိုးစားလျှင်ကြိုးစားသလောက် အကျိုးအမြတ်ခံစားရမှာဖြစ်ပြီး အာလူးမျိုးများစိုက်ပြီး ရက်ပေါင်း ၉၀ မှ ရက် ၁၀၀ အတွင်း အာလူးတူးရကြောင်း၊ ရာသီဥတု ရေမြေအပေါ် မူတည်ပြီး အာလူးစိုက်စက်များ၊ အာလူးတူးစက်များကိုလည်း ကုမ္ပဏီမှကူညီပေးကြောင်း၊ ထွက်ရှိလာသည့် အာလူးများကိုကုမ္ပဏီမှပင် ဈေးနှုန်းတစ်ခုသတ်မှတ်ပြီး ပြန်လည်ဝယ်ယူပေးကြောင်း သိရပါတယ်။ ယခုနှစ်တွင် အာလူးတစ်ဧကအထွက်နှုန်း ခြောက်တန်ထိထွက်ရှိပါက အာလူးတစ်ပိဿာ ကျပ် ၆၀၀ နှုန်းဖြင့် ပြန်လည်ဝယ်ယူပေးပြီး ခြောက်တန်အထက် ထွက်ရှိပါက တစ်ပိဿာ ကျပ် ၆၂၀ အထိ ဝယ်ယူပေးကြောင်း၊ တောင်သူများကြိုးစားလျှင် ကြိုးစားသလောက် အကျိုးအမြတ်များစွာ ရရှိကြောင်း၊ ကုမ္ပဏီမှ အာလူး တစ်ပိဿာ ကျပ် ၆၀၀ မှ ၆၂၀ အထိ ဝယ်ယူပေးချိန်တွင် ဟဲဟိုး၊ တောင်ကြီး၌ အာလူးတစ်ပိဿာ ဒေသပေါက်ဈေး ကျပ် ၄၀၀ မှ ၄၅၀ ခန့်သာရှိပြီး ကုမ္ပဏီမှ ၎င်းတို့မျိုးပေးစိုက်ပျိုးထားသော အာလူးများကို ဈေးနှုန်းကောင်းကောင်းပေး၍ ဝယ်ယူကြောင်းလည်း သိရှိရပါတယ်။

လက်ရှိအနေအထားကတော့ ရန်ကုန်မှ မြဝတီသို့ ၁၂ ဘီးကားတစ်စီးလျှင် အာလူး ၁၆ တန်ခန့် သယ်ဆောင်တင်ပို့နိုင်ပြီး ကားခအနေဖြင့် အာလူးတစ်ပိဿာ ၄၁ ကျပ် မှ ၄၆ ကျပ်အထိ ပေးဆောင်နေရပါတယ်။ ကားပိုင်ရှင်များအနေဖြင့်လည်း အတက်ကုန် အာလူးတင်ဆောင်လာပြီး အဆင်းကုန်များအား မိမိဈေးကိုက်ရာ ကုန်များ တင်ဆောင်နိုင်ကြောင်းလည်း သိရှိရပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် အာလူးသည်ပို့ကုန်လိုင်စင်မလိုသည့် ပစ္စည်းဖြစ်သဖြင့် အကောက်ခွန်တွင် 1 kg လျှင် သုည ဒသမ ၅၂၅ အမေရိကန်ဒေါ်လာဖြင့် ပို့ကုန်ကြေညာလွှာ တင်သွင်းကာ ပြည်တွင်းအခွန်တွင် နှစ်ရာခိုင်နှုန်း အခွန်ပေးဆောင်ပြီးပါက တင်ပို့ ခွင့်ရရှိပြီဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံတွင် အာလူးတစ်ပိဿာ ပေါက်ဈေးမှာ ပစ္စည်းပေါ် မူတည်ပြီး ၃၁ ဘတ်မှ ၃၅ ဘတ် အထိ ရရှိကြောင်းကိုလည်း စုံစမ်းသိရှိရပါတယ်။

**ထွက်ရှိမှု၊ စားသုံးမှု နှင့် ပိုလျှံမှု အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၁၆-၂၀၁၇ခုနှစ် စာရင်းများအရ အာလူးစိုက်ဧက စုစုပေါင်းမှာ ၉၀၂၇၉ ဧကခန့်ရှိပြီး အထွက်နှုန်းမှာ တန်ချိန် ၅၆၃၂၀၆ တန်ခန့်ထွက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပြည်တွင်းသုံးစွဲမှုမှာ တန်ချိန် ၃၅၄၂၈၁ တန်ခန့် ရှိသဖြင့် ပိုလျှံတန်ချိန်မှာ ၂၀၈၉၂၅ ခန့်ရှိနိုင်ကြောင်း စိုက်ပျိုးရေးဌာန၏စာရင်းများအရ သိရှိရပါတယ်။

**ကမ္ဘာ့အာလူးဈေးကွက်အခြေအနေ**

လက်ရှိကမ္ဘာ့အာလူးဈေးကွက် အခြေအနေကို လေ့လာကြည့်ရာမှာ ဥရောပနဲ့ ခနသဟာရ နိုင်ငံတွေဟာ ယခင်ကတော့ အာလူးဈေးကွက်မှာ ဦးဆောင်ခဲ့ပေမယ့် ယခုအခါမှာ အာဆီယံ နိုင်ငံတွေဟာ အထွက်နှုန်းကောင်းကောင်းနဲ့ ဈေးကွက်ဝေစုကို စိုးမိုးနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်ကစပြီး အာလူးဈေးကွက်ဝေစုရဲ့ တစ်ဝက်ကို ဖွံ့ဖြိုးဆဲနိုင်ငံတွေက သိမ်းယူခဲ့တာဖြစ်ပြီး နှစ် ၂၀ အတွင်း အမြင့်မားဆုံးဈေးကွက်ဝေစု ခွဲဝေပေးရမှုလို့တောင် ဆိုနိုင်ပါတယ်။ အာလူးတွေ အထွက်နှုန်းကောင်းပေမယ့်လည်း တိုးပွားလာတဲ့ လူဦးရေကြောင့် ဈေးကွက်လိုအပ်ချက်ဟာ ကြီးမားနေဆဲပါပဲ။ အရင်ကတော့ အာလူးကို ချက်ပြုတ်စားသောက်ဖို့ အသုံးများပေမယ့် ခေတ်ရဲ့ ပြောင်းလဲလာမှုအရ အသင့်စားအာလူးတွေကို လူကြိုက်များလာတာဟာ

စာမျက်နှာ ၁၅ သို့



## ခတ်ဆီ/ဒီဇယ်

# ခတ်ဆီ၊ ဒီဇယ် အဝင်လျော့

မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၀၀၇၈၅၇ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၃၈၆၀၅ ဒသမ ၄၆ တန်ကို လည်းကောင်း အမေရိကန် ဒေါ်လာ ၁၈၈၃၄၅၁၆ တန်ဖိုးရှိအောက်တိန်း (92)နဲ့ အောက်တိန်း(95) ၃၃၂၀၃ ဒသမ ၅ တန်၊ စုစုပေါင်း ၇၁၈၀၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒီဇယ်တင်သွင်းမှုမရှိဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၈၅၃၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၆၇၇၀ ကျော်တင်သွင်းမှုလျော့နည်းသလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီ တန်ချိန် ၈၀၄၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၁၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ခတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၄၇၄၆၀ တန်ဖိုးရှိ ဒီဇယ် ၃၃၁၅ ဒသမ ၁၄ တန် တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၉၂၀ ၊ အောက်တိန်း (92) ကျပ် ၈၈၀၊ အောက်တိန်း (95)ကျပ် ၉၃၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၉၅၀၀၀၊ ရောင်းဈေး ကျပ် ၁၉၇၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၁ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၂၀၀၀နဲ့ ဈေးလျော့ခဲ့တယ်လို့ သိရပါတယ်။ခတ်ဆီဈေးက မေ ၂၈ ရက်မှာ ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၁၁၀၀၊ ဒီဇယ် တစ်လီတာ ကျပ် ၉၆၀ ၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ကျပ် ၉၇၀ ၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၉၆၀၊ ခတ်ဆီတစ်လီတာ ကျပ် ၈၄၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ မေ ၂၈ ရက် တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၉၅၀၀၀၊ ရောင်းဈေး ကျပ် ၁၉၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ မေ ၂၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၉၄၀၀၀၊ ရောင်းဈေး ကျပ် ၁၉၆၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဇွန် ၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၉၂၀၀၀၊ ရောင်းဈေး ကျပ် ၁၉၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးအပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အောက်တိန်း(95) နဲ့ အောက်တိန်း (92)မှာ ဈေးနည်းနည်းမြင့်လာပြီး အဆင့်မြင့်ဒီဇယ်က ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၉၁၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၉၁၀၊ အောက်တိန်း (95) ကျပ် ၉၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၃၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၄၁၀၀ ၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ခတ်ဆီဈေး၊ ဒီဇယ်ဈေးများမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာကျပ် ၉၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၈၀၊ အောက်တိန်း (92) ကျပ် ၉၆၀၊ အောက်တိန်း (95) ၁၀၈၅ ကျပ် နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၃၀၀၊ အောက်တိန်း(92) တစ်ဂါလံ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ဒေါ်လာဈေးငြိမ်နေခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် မေလနောက်ဆုံးပတ်အတွင်း ဈေးငြိမ်နေခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင်၁၃၅၆ ကျပ်မှ အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အီတလီအစိုးရဖွဲ့စည်းမှုအကျပ်အတည်းသည် ယူရိုငွေကြေးအပေါ် သက်ရောက်မှုရှိခဲ့ပြီး ယူရိုငွေကြေး အားပျော့လာမှုနှင့်အတူ အမေရိကန်ဒေါ်လာမှာ စိတ်ဝင်စားမှုများလာခြင်း၊ အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်မှု အလားအလာနှင့် အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင်ပေးလိုက်မည်ဆိုပါက အမေရိကန်ဒေါ်လာငွေဈေးမှာ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မေ ၂၈ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၄၉ ကျပ်၊ဝယ်ဈေး ၁၃၄၇ ကျပ်ဈေးရှိခဲ့ရာမှ မေ ၃၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၄၇ ကျပ်၊ ဝယ်ဈေး ၁၃၄၅ ကျပ်ရှိခဲ့ပြီး ဇွန် ၁ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၄၅ ကျပ်၊ ဝယ်ဈေး ၁၃၄၃ ကျပ်ဖြင့် တစ်ပတ်တာအတွင်း ဈေးအတက်အကျ အနည်းငယ်သာရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

# ပြည်တွင်းရွှေဈေး အတက်အကျနည်း

ယခင်တစ်ပတ်ကဈေးမြင့်နေခဲ့သည့် ပြည်တွင်းရွှေဈေးမှာ မေလ နောက်ဆုံးပတ်တွင် ဈေးငြိမ်နေခဲ့ပြီး အတက်အကျမရှိခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ မေလစတုတ္ထပတ်က ကျပ် ၉၃၅၀၀၀ ဈေးရှိခဲ့သောပြည်တွင်းရွှေဈေးနှုန်းများသည် မေလနောက်ဆုံးပတ်အတွင်း ကျပ် ၉၃၄၀၀၀ ဖြင့် အနည်းငယ်သာကျဆင်းခဲ့သည်။

"ပြည်တွင်းရွှေကတော့ ဈေးငြိမ်နေတယ်။ အတက်အကျလည်း သိပ်မရှိဘူး။ မိုးဦးကာလလည်း ဖြစ်လာတော့ ဈေးကွက်ကလည်း ပုံမှန်အတိုင်း လည်ပတ်နေတယ်လို့ပဲဆိုရမယ်။ ကမ္ဘာမှာတော့ မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ဖို့ အလားအလာတွေမြင်လာရလို့ ကမ္ဘာ့ရွှေဈေးကလည်း အတက်အကျသိပ်မရှိဘူး။ အမေရိကန်ဒေါ်လာ ၁၃၀၀ ဝန်းကျင်မှာပဲရှိနေတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၂၈ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၃၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ မေ ၃၁ ရက်တွင် ကျပ် ၉၃၅၀၀၀သို့ တက်လာခဲ့ပြီး ဇွန် ၁ ရက်တွင် ကျပ် ၉၃၄၀၀၀ သို့ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မေ ၂၇ ရက်က ရွှေတစ်အောင်စလျှင် ၁၂၉၈ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မေ ၃၁ ရက်တွင် တစ်အောင်စလျှင် ၁၃၀၄ အမေရိကန်ဒေါ်လာသို့ မြင့်တက်လာပြီး ဇွန် ၁ ရက်တွင် ၁၂၉၉ အမေရိကန်ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# Listing Promotion Seminar ပြုလုပ်မည်

အများပိုင် ကုမ္ပဏီများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရောက်ပါက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊ အကျိုးကျေးဇူးများနှင့် ရင်ဆိုင်တွေ့ကြုံရမည့် အခက်အခဲများကို လွယ်ကူစွာကျော်လွှားနိုင်ရန် လိုအပ်သော သတင်းအချက်အလက်များ ရရှိနိုင်စေရန် ရည်ရွယ်၍ Listing Promotion Seminarကို ဇွန် ၅ ရက် နေ့လယ် ၁ နာရီတွင် ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် Key Note Speech အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးစီးပွားရေး အကြံပေးပုဂ္ဂိုလ် Dr.Sean Turnell က တက်ရောက် ဟောပြောမည်ဖြစ်ပြီး မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးသိန်းမြင့်၊ ရန်ကုန်စတော့အိတ်ချိန်းမှ ဦးသက်ထွန်းဦး၊ Allen and Gledhill(Myanmar)မှ ဦးမင်းနိုင်ဦးနှင့် Special Task Force မှ Mr. Neville Daw တို့က အလားအလာရှိသော အများပိုင်ကုမ္ပဏီများအတွက် လိုအပ်သော သတင်းအချက်အလက်များကို ဝေမျှပေးသွားမည်ဟု သိရသည်။

ယခုအခမ်းအနားသို့ တက်ရောက်ရန် စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် ဖုန်းနံပါတ် ၀၁-၃၇၁၂၇၄ နှင့် ၀၉၇၉၉၄၅၄၅၂၅ သို့ ဇွန် ၄ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်း တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

June 1, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 84.30 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.41 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 67.11 |
| I DR | Indonesia Rupiahs | 13877.06 |
| JPY | Japan Yen | 109.17 |
| MYR | Malaysia | 3.98 |
| PKR | Pakistan Rupees | 115.63 |
| PHP | Philippines Pesos | 52.57 |
| RUB | Russia Rubles | 62.13 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1073.74 |
| LKR | Sri Lanka Rupe | 158.68 |
| THB | Thailand Baht | 31.99 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22725.83 |

*Source:xe.com*

## World Gold Price

May-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1300 | 1298 | 1299 |
| 29 | 1303 | 1303 | 1301 |
| 30 | 1303 | 1300 | 1300 |
| 31 | 1307 | 1305 | 1305 |
| 1 | 1303 | 1303 | 1302 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-5- 2018 | 934.00 | 933.80 |
| 29-5- 2018 | 934.30 | 934.50 |
| 30-5- 2018 | 934.00 | 934.00 |
| 31-5- 2018 | 934.50 | 934.00 |
| 1-6- 2018 | 935.00 | 934.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6.39 | 31.92 | 84.50 | 67.44 |
| 29 | 6.41 | 32.09 | 84.66 | 67.76 |
| 30 | 6.43 | 32.13 | 84.40 | 67.60 |
| 31 | 6.40 | 31.99 | 84.25 | 67.48 |
| 1 | 6.41 | 31.99 | 84.30 | 67.1 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28-May | 16.43 | 3044.39 | 2243.67 | 6855.98 | 901.00 |
| 29-May | 16.45 | 3068.41 | 2244.11 | 6850.47 | 905.00 |
| 30-May | 16.36 | 3064.88 | 2247.64 | 6786.34 | 905.00 |
| 31-May | 16.51 | 3142.68 | 2254.25 | 6863.70 | 909.00 |
| 1-June | 16.41 | 3102.35 | 2278.28 | 6851.80 | 910.00 |

## Energy NYMEX 1-6-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 67.18 | 0.14 | 0.21 |
| Brent Crude Futr (USD/bbl) | 77.68 | 0.12 | 0.15 |
| Gasoline Rbob Fut (Cent/gal) | 216.31 | 0.26 | 0.12 |
| Natural Gas Futr (USD/MMBtu) | 2.95 | -0.01 | -0.20 |
| Heating Oil Futr (Cent/gal) | 220.41 | -0.05 | -0.02 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၉၀၀၀ကျော်နဲ့ နယ်စပ်လမ်းမှ တန်ချိန် ၁၀၉၀၀ ကျော်ဝင်

မေလ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၄၈၃၇၃၄ တန်ဖိုးရှိဘိလပ်မြေ ၉၀၇၅ ဒသမ ၀၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၇၅ တန်၊ ကိုရီးယားနိုင်ငံမှ သုညဒသမ ၀၈တန်နဲ့ မလေးရှားနိုင်ငံမှတန်ချိန် ၉၀၀၀ တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မေလ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၉၈၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၀၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၉၁၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စိန်(ထိုင်း)က ပစ္စည်းပြတ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ၅၁၁၅ ကျပ်၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)၅၁၅၅ ကျပ်၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊အယ်လ်ဖာကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ခရောင်းကျပ်၅၂၀၀၊အပါချီကျပ်၄၂၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ ကျပ် ၅၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၃၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နဂါးဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ကမ္ဘောဇနဲ့ နဂါးဘိလပ်မြေက အရောင်းသွက်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၄၀၀၀၀ နီးပါးဝင်

မေလ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၂၈၄၀၂၅ တန်ဖိုးရှိ မြေဩဇာ ၃၈၈၇၆ ဒသမ ၆၂၅ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါ နိုင်ငံမှ တန်ချိန် ၈၀၀၊ တရုတ်နိုင်ငံမှ ၂၄၁၃၇တန်၊ ဂျာမနီနိုင်ငံမှ၁၃၇တန်၊အင်ဒိုနီးရှားနိုင်ငံမှ သုည ဒသမ ၀၈တန်၊ အီတလီနိုင်ငံမှ ၂၀၃ ဒသမ ၄၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၆၀၁ ဒသမ ၇၆ တန်၊ မလေးရှားနိုင်ငံမှ ၆၂၈ တန်၊ နော်ဝေနိုင်ငံမှ ၅၇၃ တန်၊ ရုရှားနိုင်ငံမှ ၂၂၅၃ ဒသမ ၀၇ တန်၊ ဆွီဒင်နိုင်ငံမှ ၂ ဒသမ ၇၀ တန်၊ ထိုင်းနိုင်ငံမှ ၈၂၅၀တန်၊ယူအက်စ်အေနိုင်ငံမှ ၁ ဒသမ ၄၁၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၈၉ ဒသမ ၂၀ တန်တင်သွင်းခဲ့တယ်လို့ သိပါတယ်။ ဒီတစ်ပတ်တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဒုတိယအများဆုံးက ရုရှားနိုင်ငံမှတင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အာမို၊ယူရီးယား၊ အော်ဂဲနစ်၊ ကွန်ပေါင်း၊ ပိုတက် နဲ့ ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ မြေဩဇာ တန်ချိန် ၇၅၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၁၂၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

# မြေဩဇာဈေးကွက်အရောင်းပုံမှန်ရှိ

မေလ ၁၉ ရက်မှ ၂၅ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၃၂၁၃၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန်၃၀၅၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၅၀၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်း ဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မကွေး၊မန္တလေးနဲ့တောင်ကြီးမှာအရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး(ရွှေတုံး၊ရွှေပျား)ကျပ် ၁၅၀၀ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး၄၆%(ရွှေတောင်-တရုတ်)ကျပ် ၂၅၀၀၀၊ ပုလဲ-အသေး၄၆%(ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၅၅၀၀ ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာယူရီးယား-ပုလဲ(ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ကျပ် ၅၀၀ ဈေးမြင့်ပြီးတီစူပါ ၂၀%ကျပ် ၁၈၀၀၊ ပိုတက်က ကျပ် ၂၄၀၀၊ မြားကမ္ဘာက ကျပ် ၂၀၀ ဈေးကျခဲ့ပြီးကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲနဲ့ မြားကမ္ဘာက အရောင်းသွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်)ကျပ် ၂၆၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀% (တရုတ်)ကျပ် ၁၁၇၀၀၊ပိုးသတ်ဆေး ကျပ် ၂၂၀၀၊တီစူပါ၁၅ပတ်လည်(တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၇၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ပိုတက်(တရုတ်)ကျပ် ၂၃၆၀၀၊ယူရီးယား(ယူအေအီး)ကျပ် ၂၃၀၀၀၊ မြားကမ္ဘာ ကျပ် ၁၆၃၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်မှာနှမ်းစပြီးစိုက်လာတာကြောင့် မြေဩဇာက နည်းနည်းအဝယ်လိုက်လာသလို မြေဩဇာဈေးတွေနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဒီလိုဈေးမြင့်ရတာကလည်း အရောင်းအဝယ်ကောင်းတာပါသလို ကုမ္ပဏီဈေးတွေလည်း နည်းနည်းမြင့်လာတာကြောင့် အခုလို ဈေးမြင့်ရတာလို့ မြေဩဇာအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၇၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ်၁၇၄၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၆၀၀၀၊ တောင်သူမ ကျပ် ၁၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ်၉၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)နဲ့ တီစူပါက ကျပ် ၅၀၀၊ အာမို (၁၅း၁၅း၁၅)၊ မြားသီးစုံနဲ့အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀ ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၅၄၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၅၀၀၊ တီစူပါ (၄၆%တရုတ်) ကျပ် ၂၂၅၀၀၊ မြားသီးစုံ ကျပ် ၁၅၅၀၀၊ ပန်းသီးစုံ ကျပ် ၁၆၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀၊ပိုတက်ကျပ်၂၃၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# ဒီတစ်ပတ် နှံ့ဆီ၊နှံ့မှုန့်အဝင်လျော့

မေလ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၀၄၀၃ တန်ဖိုးရှိ နှံ့ဆီ ၂၉၇ဒသမ ၆၄၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ် မလေးရှားနိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၄၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ် အမေရိကန်ဒေါ်လာ ၂၅၄၃၈၀ တန်ဖိုးရှိ နှံ့မှုန့် ၁၂၂ဒသမ၄၀ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံမှာ နယူးဇီလန်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၁၇၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နှံ့ဆီရော နှံ့မှုန့်ပါ တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၅ မှ ၂၅/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၅ မှ ၁၈/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၆၅၂.၀၀ | ၂၄၂၀.၅၀ | (-) | ၇၆၈.၅၀ |
| ၅။ | တာချီလိတ် | ၆၁၀၀.၀၀ | ၄၅၀၀.၀၀ | (+) | ၁၆၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၀၀.၀၀ | - | (+) | ၂၀၀.၀၀ |
| ၈။ | မြိတ် | ၃၀၃၀.၀၀ | ၃၁၅၀.၀၀ | (-) | ၁၂၀.၀၀ |
| | စုစုပေါင်း | ၁၀၉၈၂.၀၀ | ၁၀၀၇၀.၅၀ | (+) | ၉၁၁.၅၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၅ မှ ၂၅/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၅ မှ ၁၈/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၇၈၀.၁၀ | ၁၉၄၅၁.၅၈ | (-) | ၆၇၁.၄၈ |
| ၂။ | လွယ်ဂျယ် | ၁၀၃၄.၀၀ | ၇၈၃.၀၀ | (+) | ၂၅၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၉၇၅.၇၅ | ၂၂၈၈.၀၀ | (-) | ၃၁၂.၂၅ |
| ၄။ | ကန်ပိုက်တီး | ၁၈၃၅.၀၀ | ၁၇၆၀.၀၀ | (+) | ၇၅.၀၀ |
| ၅။ | မြဝတီ | ၆၆၂၉.၉၀ | ၄၈၂၉.၉၀ | (+) | ၁၇၉၉.၁၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၃၅၀.၀၀ | (-) | ၃၅၀.၀၀ |
| ၈။ | ရိုဒ် | ၁၇၀၀.၀၀ | ၁၁၀၀.၀၀ | (+) | ၆၀၀.၀၀ |
| ၉။ | တမူး | ၁၇၉.၀၀ | - | (+) | ၁၇၉.၀၀ |
| | စုစုပေါင်း | ၃၂၁၃၂.၈၅ | ၃၀၅၆၂.၅၈ | (+) | ၁၅၇၀.၂၇ |

ဇော်ဝင်း

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

# မူဆယ်မှနှမ်းပိုမိုတင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၆ဝ သန်း တန်ဖိုးရှိ နှမ်းနက်တန် ၅ဝ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၇ဝ သန်း တန်ဖိုးရှိ နှမ်းနက်တန် ၆ဝ နီးပါးနဲ့ နှမ်းညို(အခွံချွတ်) ၈၆ တန်၊ စုစုပေါင်းတန်ချိန် ၁၄၅ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန် ၃၁၄တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၆၉ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၆၁၆၃၅ ကျပ်၊ နှမ်းနက် တစ်တန်လျှင် ၁၉၆၆၄၅၇ကျပ် ဈေးရှိပါတယ်။

**မော်မော်အောင်**

## မြေပဲဆန်

# ယခုတစ်ပတ် မုံရွာမြေပဲဆန်ဈေးကျ

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် မေလကုန်ပတ်မှာ ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ မေလဆန်းပိုင်းပေါက်ဈေးထက် အနည်းငယ်ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်ကတော့ ပုံမှန်သာဖြစ်နေကြောင်း၊ အနည်းငယ်သာဝင်ရောက်လျက်ရှိပြီး အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပဲကုန်သည်တစ်ဦးထံမှသိရပါတယ်။

ဆီဆန်ဈေးကို မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူနှင့် မြေပဲလုံးဆန်နီများကို မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိသလောက် ဆားလှော်သမားများကဝယ်ယူလို့ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိနေတာ သိရပါတယ်။

ယခုတစ်ပတ်မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃ဝဝနဲ့ အိတ် ၂ဝဝခန့်၊ (လုံးဆန်နီ) ကျပ် ၂၂၅ဝနဲ့ အိတ်၅ဝဝခန့်၊ (ဆီဆန်) ကျပ် ၂၁ဝဝနဲ့ အိတ်၁ဝဝခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကာ မြေပဲဆီဈေးမှာ တစ်ပိဿာ (လက်ကား) ကျပ် ၄၅ဝဝ၊ (လက်လီ)ကျပ် ၅ဝဝဝ-၅၅ဝဝ နှုန်းပေါက်ဈေးရှိကြောင်းသိရ ပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## စားအုန်းဆီ



# ဒီတစ်ပတ် မလေးရှား စားအုန်းဆီဈေး ၂ ရာခိုင်နှုန်းခန့်ကျဆင်း

မလေးရှားနိုင်ငံ ဘာဆာမလေးရှား ကုန်စည်ဒိုင်၏ သြဂုတ်လအတွက် ချုပ်ဆိုသော ငွေလဲလှယ်မှုနှုန်းထားသည် မေ ၂၉ ရက်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး စားအုန်းဆီ၏ အခြေခံစံထား ဈေးနှုန်းသည်လည်း တစ်တန်လျှင် ၂၄၁၈ ရင်းဂစ်ဖြင့် ဈေးပိတ်သိမ်းခဲ့သည်။ ထိုတစ်ရက်အတွင်း၌ပင် စားအုန်းဆီဈေးမှာ ၂၄ဝ၈ ရင်းဂစ်အထိ ဆက်လက်ကျဆင်းခဲ့သဖြင့် မေ ၁၇ ရက်နောက်ပိုင်း အဆိုးဆုံးသော ဈေးကျဆင်းမှုဖြစ်ကြောင်း တွေ့ရသည်။

စားအုန်း ဆီဈေးသည် မေ ၂၄ ရက်မှစ၍ ဆက်တိုက်ကျဆင်းနေခြင်းဖြစ်ပြီး ယခုဈေးသည် တစ်ပတ်အတွင်း အနိမ့်ဆုံး ကျဆင်းမှုဖြစ်ကြောင်းသိရသည်။ မေ ၂၉ ရက် ဈေးပိတ်သိမ်းချိန်အထိ စားအုန်းဆီ ကုန်သွယ်မှုအနေဖြင့် ၂၅ တန်တွဲပေါင်း ၃၈၇၉၇ တွဲ ရောင်းချမှုရှိခဲ့သည်။

“ဈေးကွက်ကတော့ စိတ်ပျက်စရာ အခြေအနေပါ။ ရေနံစိမ်းရဲ့ ဈေးအခြေအနေနဲ့ ဒါလီယံကုန်စည်ဒိုင်ရဲ့ အခြေအနေဟာ ဆက်စပ်ဖြစ်ပေါ်နေတာပါ”ဟု တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောသည်။

ပြီးခဲ့တဲ့ တစ်ပတ်ကတော့ ပဲပုပ်ဆီဈေး မြင့်တက်လာမှုနဲ့အတူ စားအုန်းဆီဈေးလည်း အနည်းငယ် တက်ခဲ့ပေမယ့် ရင်းဂစ်တန်ဖိုးကတော့ ကျမြဲအတိုင်းကျနေတာကြောင့် နိုင်ငံခြားငွေ ကိုင်ဆောင်ထားတဲ့ ဝယ်လက်တွေအတွက် တွက်ခြေကိုက်ခဲ့ကြောင်း သိရသည်။ “စားအုန်းဆီဈေးဟာ ရေနံစိမ်းဈေးအတက်အကျပေါ် မူတည်လှုပ်ခတ်နေပြီး ဟင်းသီးဟင်းရွက်ဆီတွေကို ဇီဝလောင်စာ ထုတ်လုပ်မယ်ဆိုတဲ့ သတင်းတွေကလည်း ပေါ်ထွက်နေပါတယ်။ လောလောဆယ်မှာတော့ ရုရှား၊ အမေရိကန်နဲ့ ဆော်ဒီအာရေဗျနိုင်ငံတို့က ရေနံစိမ်းထုတ်လုပ်မှု တိုးမြှင့်မယ်ဆိုတဲ့သတင်းကြောင့် လောင်စာဆီဈေးကလည်း အနည်းငယ်ကျဆင်းလာပါတယ်”ဟု ကုန်သည်တစ်ဦးက ပြောသည်။

အမေရိကန်နိုင်ငံ စားအုန်းဆီဈေးကွက်သည် ပြီးခဲ့သော တနင်္လာနေ့က အမျိုးသားနေ့ ပိတ်ရက်ဖြစ်သဖြင့် ဈေးကွက်ပိတ်ခဲ့ပြီး ချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့၏ ဇူလိုင်လအတွက် ပဲပုပ်ဆီ စာချုပ်ဈေးသည် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဒါလီယံကုန်စည်ဒိုင်၏ စက်တင်ဘာလ ပဲပုပ်ဆီ စာချုပ်ဈေးသည် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စားအုန်းဆီစာချုပ်ဈေးမှာ ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၁-၆-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅ဝဝ | ၅၅ဝဝ | □ | ၄၉ဝဝ | ၄၉ဝဝ | □ | ၁၉ဝဝ | ၁၉ဝဝ | □ |
| ရန်ကုန် | ၅၈ဝဝ | ၅၈ဝဝ | □ | ၅၅ဝဝ | ၅၅ဝဝ | □ | ၁၈ဝဝ | ၁၈ဝဝ | □ |
| မန္တလေး | ၄၅ဝဝ | ၄၅ဝဝ | □ | ၄၆ဝဝ | ၄၆ဝဝ | □ | ၁၉ဝဝ | ၂ဝဝဝ | □ |
| ပဲခူး | ၅၄ဝဝ | ၅၄ဝဝ | □ | ၅၅ဝဝ | ၅၅ဝဝ | □ | ၁၈ဝဝ | ၁၈ဝဝ | □ |
| မကွေး | ၄၈ဝဝ | ၄၈ဝဝ | □ | ၅၅ဝဝ | ၅၅ဝဝ | □ | ၂ဝဝဝ | ၂ဝဝဝ | □ |
| မုံရွာ | ၄၅ဝဝ | ၄၅ဝဝ | □ | ၄၅ဝဝ | ၄၅ဝဝ | □ | ၁၇၈ဝ | ၁၉၅ဝ | △ |
| စစ်တွေ | ၄ဝဝဝ | ၄ဝဝဝ | □ | ၄ဝဝဝ | ၄ဝဝဝ | □ | ၂၃ဝဝ | ၂၃ဝဝ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၆-၂၀၁၈ US$/Ton

| အမျိုးအစား | မေလတတိယပတ် | မေလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | - | ၆၃၇.၅ဝ | - |
| RBD P.Olein | ၆၃၄.ဝဝ | ၆၃၈.၅ဝ | △ |
| RBD P.Stearin | ၆ဝ၈.၅ဝ | ၆၂၄.ဝဝ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁-၆-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၉၃.၃၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ဝ.၁ဝ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ဝ.ဝ၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.ဝ၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၁.၉ဝ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ဝ.ဝ၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ဝ.၆ဝ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၆ဝ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၃၅.၅၈၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁-၆-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၇၅ ဒေါ်လာနှင့် USD ဈေး ၁၃၅၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁-၆-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅ဝ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

12 Commerce Vol: 18, No.22 Monday June 4 2018

# မူဆယ် (၁၀၅) မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်မှ တင်ပို့နေသည့် ဈေးကွက်ဝင်သရက်သီးများ

**S.W.M**

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးကုန်စည်ဒိုင်မှ တစ်ဖက်နိုင်ငံသို့ သရက်သီးများ ရောင်းချမှုကို ယခုနှစ်ဧပြီလ ၁၅ ရက်နေ့ မှစ၍စတင်ရောင်းချနိုင်ခဲ့သည်။ ယင်းသို့ ရောင်းချနိုင်ရန် ကြိုတင်စီမံမှုများ စနစ်တကျ ဆောင်ရွက်ခဲ့ရသည်။ တစ်ဖက်နိုင်ငံ တရုတ်ပြည်၌ မြန်မာ့သရက်သီး ဈေးကွက်ပျောက်ကွယ်မသွားရေး အတွက် ဆေးထိုး သရက်သီးများ ဈေးကွက်သို့ မရောက်ရှိရေး၊ သကြ်န်မတိုင်မီ လေပြင်းတိုက်ခိုက်မှုကြောင့် ကြွေကျသရက်သီးများ ဈေးကွက်သို့ မရောက်ရှိရေး၊ ရောက်ရှိပါကလည်း သဘာဝအစိမ်းတိုင်းသာ စနစ်တကျ ထုပ်ပိုး၍ ဈေးကွက်သို့ရောက်ရှိရေး ကြိုတင်အစီအမံများချမှတ်၍သရက်သီး စိုက်ပျိုး ထုတ်လုပ်သူများအား သစ်သီးဝလံကုန်စည်ဒိုင်မှ ဦးဆောင်၍ အသိပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သစ်သီးဝလံ အရောင်းကွင်း တာဝန်ခံများအား ဖိတ်ကြားရှင်းလင်းခြင်း၊ ခြံလုပ်ငန်းရှင်များအား ဆက်သွယ်၍ ကြိုတင်တားဆီးနိုင်ရေး ဆောင်ရွက်ခြင်း၊ သစ်သီးဝလံ ကုန်စည်ဒိုင်သစ်သီးအရောင်းကွင်းများနှင့် ပွဲရုံများတွင်လည်း ကြော်ငြာဆိုင်းဘုတ်များ ချိတ်ဆွဲဆောင်ရွက်ခြင်း၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာပေးခဲ့ပါသည်။

သရက်သီးအား တစ်ဖက်နိုင်ငံရှိတရုတ်လူမျိုး ဝယ်လက်များမှ မူဆယ်(၁၀၅)မိုင် သစ်သီးကုန်စည်ဒိုင်သို့ လာရောက်၍ မိမိတို့လိုချင်သောသရက်သီးအမျိုးအစား၊ အရည်အသွေးပေါ် မူတည်၍ အပြိုင်အဆိုင် ဈေးပြိုင်ပေး၍ ဝယ်ယူကြခြင်းဖြစ်ပါသည်။ ယခုနှစ်ရောင်းချရသော သရက်သီးအမျိုးအစားများအနေဖြင့် စိန်တလုံး၊ ရွှေဟသ်ာ (ခေါ်) ဟသ်ာ၊ နန်းတော်မှိုင်း၊ ဩစတြေးလျမျိုး R2E2၊ တရုတ်အခေါ် ကျင်းဟွာ (ခေါ်) မြန်မာအခေါ် စိမ်းချို၊ မယ်သီ၊ ရင်ကွဲ သရက်သီး အမျိုးအစားများ ရောင်းချနေရကြောင်း သိရပါသည်။

ရောင်းချနေရသော သရက်သီးအမျိုးအစားများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လေ့လာသိရှိရပါသည်-

**စိန်တလုံး။** ။ စားသုံးသူအတွက် ကောင်းသော်လည်း အထွက်နှုန်းနည်းသော အသီးမျိုးဖြစ်ပါသည်။ အရသာအရှိဆုံးဖြစ်ပြီး အများဆုံး ရောင်းရသော သရက်သီးအမျိုးအစား ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး အတော်များများနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတော်များများမှ သရက်သီး စပေါ်ချိန် ဧပြီလလယ်လောက်မှ ဝင်ရောက်လာပြီး ယခုအခါမြေပြန့်မှ စိန်တလုံးများ ပါးသွားပြီဖြစ်၍ ထီးချိုင့်၊ ကသာ၊ ငအိုးဘက်မှ စိန်တလုံးများ စဝင်လာနေပြီ ဖြစ်သကဲ့သို့ ရှမ်းပြည်နယ် ရပ်စောက်၊ အင်တော၊ ဆီဆိုင်၊ ဟိုပုန်းဘက်မှ စိန်တလုံးများမှာလည်း ဇွန်လဆန်းပိုင်းလောက်တွင် စဝင်လာမည်ဖြစ်ကြောင်း သိရပါသည်။ ပုံသဏ္ဍာန်မှာ အဝိုင်းပုံသဏ္ဍာန်ရှိပြီး အလေးချိန်မှာ တစ်လုံးလျှင် ၃၀၀ ဂရမ်ဝန်းကျင်ရှိပါသည်။ ဈေးနှုန်းအနေဖြင့် တစ်ကီလိုလျှင် ၄ ယွမ်မှ ၆ ယွမ်ကြားရရှိကြောင်း စုံစမ်းသိရှိရပါသည်။

**ဟသ်ာ။** ။ စိန်တလုံးကဲ့သို့ လူကြိုက်များပြီး အများဆုံး ရောင်းရသော သရက်သီး အမျိုးအစားဖြစ်ပါသည်။ အသီးပုံသဏ္ဍာန်မှာ စိန်တလုံးထက် အလုံးပိုထွားပြီး ရှည်လျားသဏ္ဍာန်ရှိ၍ အသီးထိပ်တွင် နှုတ်သီးပုံသဏ္ဍာန်ပါရှိပါသည်။ စိန်တလုံးထက် အသီးထွက်နှုန်းပိုကောင်းပါသည်။ တစ်ခါတစ်ရံ ဈေးနှုန်းမှာ စိန်တလုံးထက် သာသွားသည့် အခါရှိသကဲ့သို့ တစ်ခါတစ်ရံ စိန်တလုံးအောက် ရောက်သွားသည့်အခါမျိုးလည်း ရှိတတ်ပါသည်။ လက်ရှိအခြေအနေအရ တစ်ကီလိုလျှင် ၅ ယွမ် ပတ်ဝန်းကျင်လောက်ရရှိကြောင်း သိရှိရပါသည်။

**နန်းတော်မှိုင်း။** မန္တလေးတိုင်းဒေသကြီးကျောက်ဆည်၌ စမ်းသပ်စိုက်ပျိုး အောင်မြင်ခဲ့သော သရက်သီးမျိုးဖြစ်ပါသည်။ ဧပြီလ အကုန်ပိုင်းလောက်မှစတင်ဝင်ရောက်ခဲ့ပြီး လက်ရှိလည်း ဝင်နေဆဲဖြစ်ပါသည်။ ကျောက်ဆည်ဘက်၌ မေလကုန်လောက်တွင် ကုန်သွားသလောက် ရှိသွားမည်ဖြစ်ပြီး ဗန်းမော်နှင့် ကသာကြားရှိ ရွှေကူဘက်မှ ဆက်ဝင်လာရန်ရှိပါသည်။ ပုံသဏ္ဍာန်မှာ သွယ်၍ ရှည်ပြီး ဟသ်ာပုံသဏ္ဍာန်နှင့် မတိမ်းမယိမ်း ပုံသဏ္ဍာန် ရှိပါသည်။ ဟသ်ာထက် အနည်းငယ် ငယ်၍သိပ်မကြီးသည့်အတွက် အလေးချိန်မှာ တစ်လုံးလျှင် ၃၀၀ ဂရမ်နှင့် ၄၀၀ ဂရမ်ကြား ရှိပါသည်။ အရသာမှာ စိန်တလုံးလောက် မကောင်းသော်လည်း ဟသ်ာထက် ပို၍စားလို့ကောင်းပါသည်။ အစေ့ပါး၊ အခွံမာ၍ အထားခံသောအသီး ဖြစ်ပါသည်။ အမျှင်ဓါတ်ပါဝင်မှု မရှိပေ။ အသီးတင်နှုန်း၊ အထွက်နှုန်းကောင်း၍ ဈေးကွက်တွင် အလားအလာ အကောင်းဆုံးသော အသီးဖြစ်ပါသည်။ ဈေးကွက်တွင် ဈေးအမြင့်ဆုံးဟု ပြောလို့ရအောင် တစ်ကီလိုလျှင် ၈ ယွမ်ထိရရှိကြောင်း သိရပါသည်။

**ဩစတြေးလျမျိုး R2E2။** ။ ယခုနှစ်မှ ဈေးကွက်သို့ စတင်ထိုးဖောက် ဝင်ရောက်လာသောသရက်သီးမျိုး ဖြစ်ပါသည်။ အသီးပုံသဏ္ဍာန်မှာ လုံး၊ ဝိုင်း၊ ကြီး ပုံသဏ္ဍာန်ရှိပြီး မှည့်လာပါက အနီရောင်သန်းပါသည်။ အလုံးကြီးပြီး အလေးချိန်စီး၍ တစ်လုံးလျှင် ၅၀၀ ဂရမ်မှ ၁၅၀၀ ဂရမ်ထိ ရှိတတ်ပါသည်။ အရသာကောင်းမွန်ပြီး စိန်တလုံးနီးပါးလောက်ရှိပါတယ်။ အချိုဓါတ်အရသာ လေးပင်မှု မရှိပေ။ အမျှင်ဓါတ်ပါဝင်မှုလည်း မရှိပေ။ တရုတ်ဈေးကွက်မှ ဝယ်လိုအားကောင်းနေ၍ ဝင်လာသော အသီးများအား ဝယ်လက်သို့မျှ၍ ပေးနေရပါသည်။ စိုက်ပျိုးရခက်ပြီး လက်ဝင်၍ ဂရုတစိုက် ဆောင်ရွက်ပေးရသည်။ ယခုရက်ပိုင်းအတွင်း တစ်ကီလိုအား ၅ ယွမ်ဖြင့် ရောင်းနေရကြောင်း သိရပါသည်။

**ကျင်းဟွာ (ခေါ်) စိမ်းချို။** ။ တရုတ်လိုအမည်မှာ ကျင်းဟွာဟုခေါ်ပြီး မြန်မာလို အမည်အနေဖြင့် စိမ်းချိုဟုခေါ်ပါသည်။ အသီးပုံသဏ္ဍာန်မှာ လုံးပတ်ကြီးပြီး ရှည်လည်းရှည်ပါသည်။ အလေးချိန်ကောင်းပြီး တစ်လုံးလျှင် ၅၀၀ ဂရမ်မှ ၂၀၀၀ ဂရမ်အထိ အောင်ရှိတတ်ပါသည်။ ဘယ်အနေအထားမျိုးမဆို စားလို့ရပြီး စိမ်းလျှင်လည်း စားလို့ရ၍ မှည့်လျှင်လည်း စားလို့ရပါသည်။ အစိမ်းစားသော်လည်း အရသာမချဉ်ပေ။ မှည့်ရင် စားကောင်းသလို မစိမ်းမမှည့်ဝင်းပြင်း အနေအထားဖြင့် စားပါကလည်း အရသာရှိပါသည်။ စိမ်းလျှင် အစိမ်းရောင်ရှိ၍ မှည့်လျှင်လုံးဝဝါသွားသည့် အဝါရောင်မျိုး မဟုတ်ဘဲ အဝါရောင်ဖျော့ဖျော့လေးသာ ဖြစ်ပါသည်။ အမျှင်ဓါတ် လည်း ပါဝင်မှုမရှိပေ။ တရုတ်ပြည်၏ အနာဂတ် ဈေး ကွက်တွင် ဝယ်လိုအားအလားအလာ အကောင်းဆုံးသော သရက်သီး အမျိုးအစားဖြစ်ပြီး အထွက်နှုန်းလည်း ကောင်းပါသည်။ ပြည်တွင်းရော ပြည်ပဈေးကွက်ပါ ထိုးဖောက်နိုင်မည့် အနေအထား ရှိပါသည်။ လောလောဆယ် တစ်ကီလိုလျှင် ၄ ယွမ်နှင့် ရောင်းနေရကြောင်း သိရပါသည်။

**မယ်သီ။** ။ မန္တလေးတိုင်း ဒေသကြီးရှိ မြစ်ငယ်၊ ပုသိမ်ကြီး၊ အမရပူရ၊ တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်မြို့များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ရှိ စဉ့်ကိုင်၊ မြင်းမူ၊ ဝက်လက်၊ ရွှေဘို၊ ကသာ၊ ကောလင်း၊ ထီးချိုင့်မြို့နယ်များတွင် စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်၍ ဈေးကွက်ထဲသို့ ဧပြီလလယ်လောက်မှ စတင်ဝင်ရောက်လာခြင်းဖြစ်ပါသည်။ လက်ရှိတွင်လည်း ရောင်းနေရဆဲ ဖြစ်ပါသည်။ မေလအကုန်လောက်တွင် အသီး အဝင်ကျဲသွားမည့် အနေအထားတွင်ရှိပါသည်။ အရသာပိုင်းနှင့် ပတ်သက်၍ စိန်တလုံးသရက်အားမမီပေ။ အသီးထွက်နှုန်းကောင်းသော်လည်း ကိုင်တွယ်ထိန်းသိမ်းရာတွင် ခံနိုင်ရည်အားနည်းပြီး အမျှင် ဓါတ်ပါဝင်မှုများပါသည်။ ပုံသဏ္ဍာန်အားဖြင့် သေး၊ သွယ်၊ ရှည်၍ ပြည့်ပြည့်ဖြိုးဖြိုး မရှိပေ။ အစေ့ပါးပါသည်။ အခွံအရောင်မှာ မှည့်လျှင် အဝါရောင်ရှိပါသည်။ အလေးချိန်မှာ တစ်လုံးလျှင် ၃၀၀ ဂရမ်ဝန်းကျင် လောက်ရှိပြီး လောလောဆယ်တွင် တစ်ကီလိုလျှင် ၄ ယွမ်ဝန်းကျင်လောက်နှင့် ရောင်းနေရကြောင်း သိရပါသည်။

**ရင်ကွဲ။** ။ မြန်မာပြည်ရှိဒေသအများအပြားမှ ထွက်ရှိသော သရက်သီး အမျိုးအစားဖြစ်ပါသည်။ လက်ရှိလောလောဆယ်တွင် မန္တလေးတိုင်းဒေသကြီးမှ အဝင်အများဆုံးဖြစ်ပြီး ကျန်တိုင်း/ပြည်နယ်ဒေသကြီးများမှ လည်း အဝင်ရှိနေပါသည်။ ရှမ်းပြည်နယ်ဒေသကြီးမှ ရင်ကွဲမှာ ဇူလိုင်လကုန်ဩဂုတ်လပိုင်းမှ ထွက်မည်ဖြစ်သောကြောင့် အသီးရာသီအား မမီနိုင်ပေ။ ပုံသဏ္ဍာန်မှာ ဒေသအပေါ်မူတည်၍ အမျိုးမျိုး ပြောင်းလဲနိုင်သော်လည်း ယေဘုယျပုံသဏ္ဍာန်မှာ မတိုမရှည်နှင့် အနည်းငယ်ဝပြီး သဘာဝအလျောက် အလယ်တွင် အချိုင့်အစင်းကြောင်းတစ်ကြောင်း ရှိပါသည်။ အရသာမှာ စိမ်းလျှင် ချဉ်၍ မှည့်လျှင်ချိုပါသည်။ အချို့အသီးများမှာ မှည့်သော်လည်း ချဉ်ချိုအရသာရှိပါသည်။ အမျှင်ဓါတ်ပါဝင်မှု အများဆုံးဖြစ်ပါသည်။ အလေးချိန်မှာ သိပ်မစီးသော်လည်း တစ်လုံးလျှင် ၃၀၀ ဂရမ်မှ ၆၀၀ ဂရမ်ထိရှိပါသည်။ ဈေးအနေဖြင့် တစ်ကီလိုလျှင် ၂ ယွမ်မှ အများဆုံး ၄ ယွမ်ထိ ရတတ်ကြောင်း သိရပါသည်။




မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင် သရက်သီးဈေးကွက်မှာ ဇွန်လကုန်တွင် အသီးတုံး၍ သရက်သီးရာသီကုန်ဆုံးမည့်အနေအထားဖြစ်ပါသည်။ လက်ရှိကျန်ကာလရက်များအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ၊ ကောလင်း၊ ထီးချိုင့်၊ ဘုတလင်၊ ကျွန်းလှဘက်မှ ထွက်သော စိန်တလုံး၊ ရင်ကွဲနှင့် မန္တလေးတိုင်း ဒေသကြီးမှ ကျန်ရှိနေသေးသော စိန်တလုံး၊ ဟသ်ာလက်ကျန် အသီးနှင့် ဗန်းမော်၊ ကသာကြားရှိ ရွှေကူဘက်မှ ထွက်ရှိသော နန်းတော်မှိုင်း အသီးများ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ စမ်းသပ်စိုက်ပျိုးထွက်ရှိသော ဩစတြေးလျမျိုး R2E2 အသီးများ၊ တရုတ်လို ကျင်းဟွာခေါ် မြန်မာလို စိမ်းချိုအသီးများမှာ သရက်သီးရာသီပိတ်သိမ်းသည်အထိ ရောင်းချသွားနိုင်ကြောင်း စုံစမ်းသိရှိရပါသည်။

တစ်ဖက်တရုတ်နိုင်ငံတွင်လည်း ဇွန် ၂၀ ရက်နောက်ပိုင်းမှစ၍ သရက်သီးစတင် ထွက်ရှိတော့မည်ဖြစ်ပါသည်။ တရုတ်ပြည်၌ သရက်သီး စိုက်ပျိုးထွက်ရှိရာဒေသများမှာ ရွှေလီမြို့နှင့် ကီလိုမီတာ ၂၀၀ ဝေးသည့် နုကျန်းဒေသ၊ ယူနန်ပြည်နယ် အနောက်တောင်ဘက်ရှိ ရန်ကျန်းဒေသ၊ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်အစပ်ရှိ ဟွာဖင်းမြို့၊ လန်ချန်းခရိုင်တို့ ဖြစ်ပြီး ယူနန်ပြည်နယ်မှ အများဆုံး စိုက်ပျိုးထွက်ရှိကြောင်း သိရပါသည်။ ဇူလိုင်လတွင် တရုတ်ပြည်၌ သရက်သီးမှာ အရှိန်အဟုန်နှင့် ထွက်ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့် ဇွန်လကုန်လောက်တွင် ကုန်သလောက် ရှိသွားပြီ ဖြစ်၍ တရုတ်ဝယ်လက်မှာလည်း နည်းပါးသွားပြီဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသော သရက်သီးအမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး ဒေသအလိုက် အခေါ်အဝေါ် တချို့ကွဲလွဲမှုရှိကြောင်း သိရှိရပါသည်။ အကြမ်းဖျင်းအားဖြင့် သရက်သီးအမည်များမှာ -

ရွှေဟသ်ာ၊ အောင်ဒင်၊ စိုင်သီး၊ ပတ္တမြားငမောက်၊ သုံးနှစ်၊ ဂေါင်ချိုး၊ သံကွန်ချာ၊ ကြက်တူရွေး၊ စိမ်းပုတ်၊ စိန်တလုံး၊ ရွှေဖလား၊ ကျော်ဦးသရက်၊ ဘုရားကုန်း၊ ချစ်ပု၊ ဒေါင့်တန်း၊ ငှက်ပျောသရက်၊ ခေါင်ကျိုး၊ နို့သရက်၊ ငမောက်ကြိတ်၊ တောဇာ၊ မတ္တရာခေါင်းကျိုး၊ ချက်ကြီး(မကွေး)၊ ပန်းဆွဲ၊ အောင်ချမ်းသာ၊ သုံးနှစ်၊ ထူးလေး၊ ဘိလပ်သီး၊ အပျိုချော၊ ရွှေလဝင်း၊ ပန်းကြည်တင်၊ မယ်လှ၊ ရွှေဖား၊ ရင်းခေါင်း၊ ဆင်ပေါင်၊ ရွှေလမင်း၊ ပုဇင်း၊ ဝါဆိုရှည်၊ ပျားရည်ဆမ်း၊ ဦးချို၊ အုတ်ဖား၊ ဟသ်ာ၊ ကြက်ကြိုက်၊ ပန်းအောင်ဒင်၊ စိမ်းချို၊ ရွှေဘဲ၊ ငှက်တော်၊ မြကျောက်၊ ငှက်နှိုက်၊ ဘင်္ဂလားရိုးရိုး၊ အထွင့်သီး၊ အိုးဖုတ်၊ မအေးခင်၊ ထွင့်သီး၊ ယောကြီး၊ ဗျက်တိ၊ နတ်တည့်၊ ငမျှားချိတ်၊ မနောပု၊ ရင်လုံး(mdy)၊ ငတက်၊ ပုဝိုင်း၊ မျောက်ခေါင်းသီး၊ ဗိုလ်တင်၊ ဘဲလေး၊ စိမ်းစား၊ မောင်တငုံ၊ ပန်းနတ်တဲ့၊ ရှင်ကြီး၊ မျောက်ငို၊ ပန်းသခွား၊ မျောက်ပေါင်၊ ပန်းပုစွန်၊ အနန္တ၊ ခေါင်းကြိုး၊ ငနွားကြီး၊ မြသဘက်၊ သကြားလိလက်၊ စာကလေး၊ တအုံးခွေးချေး၊ သရက်ဥ သျှစ်၊ ဘုတ်ချေး၊ မစောရင်၊ ဆင်အန်၊ မြင့်ခေါင်း၊ မချစ်စု၊ မျောက်ခေါင်းရှမ်း၊ ငမောက်၊ ရွှေလဝန်း၊ စလင်းမန္တယ်၊ ဒဘောက်ဖြူ၊ ပျိုတငုံ (ရှမ်း)၊ မယ်သီ၊ ဆိတ်နို့သရက်၊ ပြောရင်၊ ပဒုရသ၊ မစိုးမင်း၊ မနောနွယ်၊ ပန်းဘင်္ဂလား၊ ဘုန်းကြီး၊ ဒေါင်း၊ ခါးမောက်သီး၊ သရက်ဖြူ၊ ပြောကြီး၊ စိုင်းပေါင်၊ Bowom၊ ငှက်ပျောရှည်၊ သုံးလုံး တတောင်၊ Mam Khun See၊ မြောင်းချစ်ဝိုင်း၊ ရွှေလိပ်၊ Nam Dok (Gold)၊ လက်ဝှေ့၊ လုံးလေး၊ ရင်ကွဲ(ရှမ်း)၊ ပန်းစောရင်၊ ငွေးချို၊ နို့ဆီတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာပြည်၌ တင်ပြပါသရက်သီးအမျိုးပေါင်းများစွာ ရှိသော်လည်း ပြည်ပပို့ကုန်ဝယ်လိုအားကောင်းသော သရက်မျိုးများကို စိုက်ပျိုးသူများမှ မှန်မှန်ကန်ကန် ရွေးချယ် စိုက်ပျိုးတတ်စေရန် စေတနာထား၍ လေ့လာတင်ပြလိုက်ရပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံရှိ SaKaeo SEZ ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စတင်မည်

SaKaeo Industrial Estate သည် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ရာ ထိုင်းအစိုးရ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းများအနက် အစောဆုံးအကောင်အထည်ဖော်သည့် စီမံကိန်းတစ်ခုဖြစ်လာပါမည်။

Sa Kaeo SEZ(Sa Kaeo Special Economic Zone)အတွက် အစိုးရပိုင်မြေ Rai 660 (1 Acre = 0.395 Rai)ကို ၂၀၁၆ ဖေဖော်ဝါရီလကတည်းက ငှားရမ်းခဲ့ပြီးဖြစ်သည်။ Sa Kaeo Industrial Estate သည် Aranyaprathet ခရိုင်တွင်ရှိပြီး ထိုင်း-ကမ္ဘောဒီးယားနယ်စပ်မှ သုံးကီလိုမီတာသာကွာဝေးပါသည်။ SaKaeo SEZ အတွင်း စက်မှုဇုန်အတွက် မြေဧရိယာ ၄၃၃ Rai၊ အခြေခံ အဆောက်အဦများအတွက် မြေဧရိယာ ၁၆၃ Rai နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မြေဧရိယာ ၆၄ Rai ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

SaKaeo SEZ သည် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်သော စက်မှုမြို့တော်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်မည့်စီမံကိန်းတစ်ခုဖြစ်သည်။ Sa Kaeo SEZ ၌အကောင်အထည်ဖော်မည့်စက်မှုဇုန်တွင်မီဂါဝပ် ၅၀ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကုဗမီတာ ၅၀၀၀ ဆံ့ ရေကန်၊ ကုဗမီတာ ၄၀၀၀ ဆံ့ရေဆိုးသန့်စင်စက်ရုံ၊ မီတာ ၄၀ ကျယ်ဝန်းသည့်အဓိကလမ်းမကြီးတစ်ခု၊ မီတာ ၂၀ ကျယ်ဝန်းသည့်လမ်းမတစ်ခုနှင့် စွန့်ပစ်ပစ္စည်းမီးစက် စသည်တို့ကို ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။ Sa Kaeo SEZ ၌သန့်ရှင်းသော ဓာတုပစ္စည်းထုတ်လုပ်ခြင်း (hygiene chemical production)၊ အထည်ချုပ်လုပ်ငန်း (garment manufacturing) နှင့် အထည်တင်သွင်းခြင်း/တင်ပို့ခြင်း (import-export of garments)စသည့်လုပ်ငန်းသုံးမျိုးအတွက် လုပ်ငန်းရှင်များနှင့် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ကနေဒါနိုင်ငံမှ ZIM International ကုမ္ပဏီသည် အထည်ချုပ်စက်ရုံ တည်ဆောက်ရန်အတွက် မြေဧရိယာ ၆ Raiကိုတရားဝင် ငှားရမ်းထားပြီး ယခုနှစ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် စတိုးဆိုင်များ (convenience store chain)၊ အလှကုန်ထုတ်လုပ်ခြင်း (cosmetics maker) နှင့် သိုလှောင်ရုံ (warehouse provider) စသည့်လုပ်ငန်းသုံးမျိုးအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့်လည်း မကြာမီကာလတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။



IEAT (Industrial Estate Authority of Thailand) အနေဖြင့် စက်မှုဇုန်များသို့ ဝင်ရောက်လုပ်ကိုင်မည့်လုပ်ငန်းရှင်များအား ဦးရာလူစနစ်ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ပထမနှစ်အတွက် အခမဲ့မြေငှားရမ်းခွင့်ရရှိမည့်အပြင် ဒုတိယနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် တတိယနှစ်တွင် ၂၀ ရာခိုင်နှုန်းကို လျှော့ချပေးမည်ဖြစ်သည်။ ထို့နောက် မြေငှားစက်ရုံများအားလုံးသည်ပထမနှစ်အတွက် အခမဲ့ပြင်ဆင်ထိန်းသိမ်းခွင့်ရရှိမည်ဖြစ်သည်။

Sa Kaeo SEZ တွင် စက်မှုဇုန်အမျိုးအစားရှစ်မျိုးခွဲခြားထားပြီး မြေတစ် Rai ငှားရမ်းခသည် တစ်နှစ်လျှင် ဘတ် ၁၆၆၀၀၀ မှ ဘတ် ၁၉၉၂၀၀ အထိနှုန်းထားအမျိုးမျိုးရှိသည်။ထိုင်းနိုင်ငံရှိ SEZ များ၌ ဝင်ရောက်ရင်းနှီးမြှုပ်နှံပါက ပို့ကုန်နှင့် သွင်းကုန်ခွန် (import-export tax)၊ ထပ်တိုးတန်ဖိုးခွန်(value-added tax)နှင့် ယစ်မျိုးခွန် (excise tax)စသည့်အခွန်များကို ကင်းလွတ်ခွင့်ပြုမည့်အပြင် အမြတ်ခွန်ကင်းလွတ်ခွင့် ရှစ်နှစ်၊ ပို့ဆောင်ရေးနှင့် ရေမီးကုန်ကျစရိတ်၏ နှစ်ဆအား ခုနှိမ်ခွင့်ပေးခြင်းနှင့် လုပ်ငန်းအတွက်လိုအပ်သော အခြေခံအဆောက်အဦ တည်ဆောက်မှုစရိတ်၏ ၂၅ ရာခိုင်နှုန်းအား ခုနှိမ်ခွင့်ပေးခြင်း စသည့်ခံစားခွင့်များကိုလည်းရရှိမည်ဖြစ်ပါသည်။

ထိုင်းအစိုးရသည် Tak, Trat, Mukdahae, Sa Kaeo, Songkhla, Chiang Rai, NongKhai, Nokhon Phanom, Kanchanaburiနှင့်Narathiwat စသည့်ပြည်နယ် ၁၀ ခု၌ အထူးစီးပွားရေးဇုန် ၁၀ ခုကိုတည်ထောင်ရန် ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သည်။ Sa Kaeo SEZ တွင် စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေး၊ အထည်အလိပ်နှင့် သားရေ ပရိဘောဂ၊ ကျောက်မျက်ရတနာ၊ ဆေးပစ္စည်း၊ မော်တော်ကားနှင့်စက်ပစ္စည်း၊ အီလက်ထရောနစ်၊ ပလတ်စတစ်၊ ဆေးဝါးအမျိုးမျိုး၊ ထောက်ပံ့ပို့ဆောင်ရေး၊ စက်မှုဇုန်နှင့်ခရီးသွားစသည့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

---

## ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု တန်ချိန် တစ်သန်းခန့်လျော့ကျ

အိန္ဒိယအစိုးရ၏ တောင်သူလယ်သမား ဦးစားပေးမူဝါဒများကြောင့် နိုင်ငံအတွင်းသို့ ပဲမျိုးစုံ၊ ဂျုံနှင့်စားသုံးဆီ တင်သွင်းမှုများ လျှော့ချနိုင်ရေး အထောက်အကူဖြစ်စေခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးက မေ ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံအတွင်းသို့ ပဲတင်သွင်းမှု တန်ချိန်မှာ ယခင်နှစ်ထက် တန်ချိန် ၁၀ သိန်းခန့် လျော့နည်းခဲ့ပြီး စုစုပေါင်း တန်ချိန် ၅၆ ဒသမ ၅ သိန်းသာ တင်သွင်းခဲ့ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း သက်သာစေခဲ့ပြီး ယခင်ထက် ရူပီးကုဋေ ၉၇၇၅ လျော့နည်းစေခဲ့သည်ဟု ဝန်ကြီးဌာန၏ ကြေညာချက်တစ်ခု၌ ဖော်ပြထားပါသည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၂၃ ဒသမ ၁၃ သန်းခန့်ထိ စံချိန်တင်ခဲ့ရာ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် ခန့်မှန်းချက် (3rd Advanced Estimates) အရ အဓိကကျသည့် ပဲအမျိုးအစားများ၏စိုက်ဧကနှင့် ထုတ်လုပ်မှုတိုးလာခြင်းတို့ကြောင့် ၂၀၁၇-၁၈ တွင် ပဲမျိုးစုံတန်ချိန် ၂၄ ဒသမ ၅၁ သန်းခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ကုလားပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းများ အထွက်ကောင်းနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ပဲအများဆုံးတင်သွင်းသူနှင့် ပဲအများဆုံး စားသုံးသည့် နိုင်ငံလည်းဖြစ်ရာ နှစ်စဉ်ပဲ တန်ချိန် လေးသန်းမှ ခြောက်သန်းဝန်းကျင်ထိ ပြည်ပမှ တင်သွင်းကြောင်း၊ နှစ်စဉ် ပဲစားသုံးမှုပမာဏမှာလည်း တန်ချိန် ၂၆ သန်းမှ ၂၇ သန်း ဝန်းကျင်ထိရှိကြောင်း သိရှိရသည်။

ပဲသီးနှံသည် အိန္ဒိယနိုင်ငံအတွက် မရှိမဖြစ်အရေးပါသည့် ကုန်စည်တစ်ခုဖြစ်ရာ ပြည်တွင်း၌ ပဲဈေးနှုန်းကြီးမြင့်မှုအား ထိန်းညှိနိုင်ရန်အတွက် ပဲထုတ်လုပ်မှုမြင့်တက်လာရေး လုပ်ငန်းစဉ်များကို ဗဟိုအစိုးရက အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ပြည်တွင်းရှိပဲသီးနှံစိုက်တောင်သူများ၏ ထွက်ကုန်များအတွက် သင့်တင့်သည့် ဈေးနှုန်းများရရှိစေရေးအတွက် ပဲသွင်းကုန်ခွန်များ တိုးမြှင့်စည်းကြပ်ခြင်း၊ ပဲတင်သွင်းမှုပမာဏများကန့်သတ်ခြင်းတို့ကိုလည်း ဖော်ဆောင်လျက်ရှိပါသည်။

ပြည်တွင်း၌ပဲဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေးအတွက် ဗဟိုအစိုးရက မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာနေပြီး အရန်ပဲများဝယ်ယူထားရှိခြင်း၊ ပို့ကုန်သွင်းကုန်မူဝါဒများ ပြင်ဆင်/ပြောင်းလဲခြင်းတို့ဖြင့် စဉ်ဆက်မပြတ် ထိန်းညှိကွပ်ကဲလျက်ရှိကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

---

## သံမဏိနှင့် အလူမီနီယံပစ္စည်းများအပေါ် အမေရိကန်က သွင်းကုန်ခွန်စည်းကြပ်လိုက်ခြင်းအား အိန္ဒိယက WTO အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြ

အမေရိကန်က သံမဏိနှင့် အလူမီနီယံပစ္စည်းများအပေါ် သွင်းကုန်ခွန်စည်းကြပ်လိုက်ခြင်းနှင့် စပ်လျဉ်း၍ အိန္ဒိယက WTO အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြထားကြောင်း သိရှိရပြီး အမေရိကန်၏ ဆုံးဖြတ်ချက်သည် ကမ္ဘာ့ကုန်သွယ်မှု စည်းမျဉ်းများနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် သံမဏိနှင့် အလူမီနီယံကုန်စည်များ အမေရိကန်သို့ တင်ပို့မှုအပေါ် ရိုက်ခတ်မှုများရှိလာလိမ့်မည်ဟု အိန္ဒိယက ဆိုထားကြောင်း သိရှိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယသည် WTO မှတစ်ဆင့် အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ပထမအဆင့်အနေဖြင့် ကြိုးစားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပြေလည်မှုမရှိပါက WTO dispute settlement panel သို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း သိရှိရပါသည်။

မတ် ၉ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှလွဲ၍ အခြားနိုင်ငံများမှ တင်သွင်းလာသည့် သံမဏိကုန်စည်များ အပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းနှင့်အတူ အလူမီနီယံတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းစည်းကြပ်ရန် ကြေညာချက်နှစ်စောင်ထုတ်ပြန်လိုက်ရာ အဆိုပါကုန်စည်များအပေါ် အခွန်သက်သာခွင့်ရရှိနိုင်ရေး အိန္ဒိယက ကြိုးစားနေကြောင်း သိရှိရပါသည်။

အိန္ဒိယသည် အမေရိကန်သို့ သံမဏိနှင့် အလူမီနီယံထုတ်ကုန်တင်ပို့မှုမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိကြောင်း၊ ၂၀၁၆-၁၇ တွင် အမေရိကန်သို့ အိန္ဒိယ၏ ပို့ကုန်တင်ပို့မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၂၁ ဘီလီယံရှိပြီး အိန္ဒိယသို့ အမေရိကန်ပစ္စည်းတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၃ ဘီလီယံရှိကြောင်း၊ Jawaharlal Nehru University မှ စီးပွားရေးပါမောက္ခဖြစ်သူ Biswajit Dhar က အမေရိကန်၏ ဆုံးဖြတ်ချက်သည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်ကိုသာမက ကမ္ဘာ့ကုန်သွယ်မှုကိုလည်းထိခိုက်စေသည်ဟု ပြောကြား ထားကြောင်း၊ ကျွမ်းကျင်သူအချို့ကမူ အိန္ဒိယအနေဖြင့် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေရှိနေသောကြောင့် ယခုကိစ္စတွင် အမေရိကန်အား WTO သို့ ဆွဲသွင်းခြင်းသည် အိန္ဒိယအတွက် မျက်နှာသာပေးသည့်အခြေအနေမဟုတ်ဟု ယူဆကြောင်း သိရှိရပါသည်။

လက်ရှိအခြေအနေတွင် အိန္ဒိယနှင့် အမေရိကန်တို့သည် WTO ၌ အငြင်းပွားမှုများ အပြန်အလှန်ရှိနေပြီး ကြက်၊ ဘဲမွေးမြူရေး၊ ဆိုလာနှင့် သံမဏိ စသည့်နယ်ပယ်များတွင်ဖြစ်ကြောင်း၊ ထိုမျှသာမက အိန္ဒိယပို့ကုန်သက်သာခွင့်များပေးနေခြင်းကြောင့် မျှတသည့်ယှဉ်ပြိုင်မှုနယ်ပယ်မရှိစေဘဲ အမေရိကန်အလုပ်သမားများကို ထိခိုက်စေနိုင်သည့်အတွက် အမေရိကန်က WTO သို့ လတ်တလောတင်ပြထားကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဆော်ဒီအာရေဗျနိုင်ငံသို့ အသားတင်ပို့ရန် စိတ်ဝင်စားနေသူ ပြည်ပပို့ကုန်လုပ်ငန်းရှင်များ သတိပြုရမည့်သတင်းအချက်အလက်

**ဒေါက်တာရွှေစင်ကို**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အေးခဲထားသည့် အမဲသားများနှင့် ဆားနယ်ထားသော သားရေချပ်များ စသည်တို့ကို တရားဝင်တင်ပို့လျက်ရှိရာ ၎င်းဘဏ္ဍာနှစ်အတွင်း တန်ချိန်အားဖြင့် ၁၀၈၅၉ ဒသမ ၇၉၉ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၀၃ သန်းဖိုး စုစုပေါင်း တင်ပို့ခဲ့ပါသည်။

များမကြာမီက ကမ္ဘာတစ်ဝန်းမှ အမဲသား၊ ကျွဲသား၊ သိုးသား၊ ဆိတ်သား စသောအသားများနှင့် ကြက်သား၊ ဘဲသားများကို တင်သွင်းလျက်ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံ၏ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ (SFDA) မှ ၎င်းနိုင်ငံသို့ အသားထွက်ကုန်ပစ္စည်းများတင်ပို့ရန် စိတ်ပါဝင်စားသည့်လုပ်ငန်းများနှင့် နိုင်ငံခြားမှ ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်များကို အတည်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ထုတ်ပြန်ထားမှုတစ်ရပ်အားရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ အကြောင်းကြားလာခဲ့ပါသည်။

၎င်းအကြောင်းကြားစာတွင် အောက်ဖော်ပြပါတို့ ပါဝင်ကြောင်း မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ ကြိုတင်သတိပြုမိစေရန် ရေးသားဖော်ပြလိုက်ရပါသည် -

**(က) ရည်ရွယ်ချက်** - ဆော်ဒီအာရေဗျနိုင်ငံအတွင်းသို့ အသား၊ ကြက်သား၊ ဘဲသားနှင့်၎င်းတို့၏ကုန်ပစ္စည်းများကိုတင်ပို့ရန် စိတ်ပါဝင်စားသော နိုင်ငံများ၌ အစားအသောက် စိတ်ချလုံခြုံရေးအတွက် ကျွမ်းကျင် ထိန်းချုပ်ရေးအာဏာရှိသော တာဝန်ဝတ္တရားများဖြင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သရုပ်ဖော်ပြရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဤအဆင့်သည် ဆော်ဒီဈေးကွက်သို့ ကုန်ပစ္စည်းတင်ပို့ရန် စိတ်ဝင်စားသော သားသတ်ရုံများ၊ အသားနှင့်ကြက်သား၊ ဘဲသားပြုပြင်ထုတ်လုပ်သည့် စက်ရုံများအား အတည်ပြုရေး တာဝန်ဝတ္တရား အခွင့်အာဏာအပ်နှင်းရေးအတွက် လမ်းခင်းပေးခြင်းဖြစ်ပါသည်။

**(ခ) ပထမ** နိုင်ငံခြားကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင် အတည်ပြုရေးအတွက် **လိုအပ်ချက်**

**(၁) အတည်ပြုချက်-** ရယူလိုသည့် ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်သည် ယာယီတားမြစ်ထားခြင်း မခံရသော အသား၊ ကြက်သား၊ ဘဲသားနှင့် ၎င်းတို့၏ထုတ်ကုန်များ တင်သွင်းသည့်နိုင်ငံတွင်ရှိရမည်။

**(၂) ဆော်ဒီအာရေဗျသို့** - အသား၊ ကြက်သား၊ ဘဲသားနှင့် ၎င်း တို့၏ ထုတ်ကုန်များကိုတင်ပို့ရန်ဆန္ဒရှိသည့် နိုင်ငံ၌ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်တစ်ဦးအတွက် ဖြေဆိုရမည့် SFDA အကဲဖြတ် မေးခွန်းလွှာတွင် ဖော်ပြထားသော လိုအပ်ချက်များအားလုံးကို ပြီးမြောက်ရမည်။

**ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်တစ်ဦးအတွက်အတည်ပြုသည့် လုပ်ငန်းစဉ်**

**(၁) လျှောက်လွှာလျှောက်ထားခြင်း** - ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်အတွက် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးနှင့်အထက် အပါအဝင် ဆက်သွယ်ရမည့် ဖြစ်နိုင်ချေရှိသောဆက်သွယ်မှုနည်းလမ်းများ (တယ်လီဖုန်း၊ ကြေးနန်း၊ ဖက်စ်၊ e-mail) တို့ကို ပြည့်စုံစွာဖော်ပြလျက် SFDA ၏ အတည်ပြုချက်အတွက်တောင်းဆိုလွှာတစ်စောင်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရပါမည်။

**(၂) မေးခွန်းလွှာပေးပို့ခြင်း** - လျှောက်ထားမှုအောင်မြင်ပါက အထက်တွင်ဖော်ပြခဲ့သော အကဲဖြတ်သည့်မေးခွန်းများကို အပြီးသတ် ဖြည့်စွက်ရေးအတွက် SFDA မှ e-mail (သို့မဟုတ်)အခြားဆက်သွယ်ပေးပို့နိုင်သော နည်းလမ်းများဖြင့် ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်ထံသို့ပေးပို့သွားမည်ဖြစ်ပါသည်။

**(၃) မေးခွန်းလွှာဖြည့်စွက်ခြင်း** - ပေးပို့ထားသော အကဲဖြတ်မေးခွန်းများကို ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင် (များ) (သို့မဟုတ် ၎င်းတို့မှ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ထားသော မည်သူမဆို) မှ တရားဝင်လက်ခံရရှိပြီးချိန်မှ ရက်ပေါင်း ၆၀ အတွင်း ဖြည့်စွက်ရမည်ဖြစ်ပါသည်။ ဖြေဆိုပြီးစီးပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် SFDA သို့ ပေးပို့ရပါမည်။ (SFDA သို့ e-mail မိတ္တူဖြင့်ပေးပို့ခြင်း)

**(၄) မေးခွန်းလွှာအကဲဖြတ်ခြင်း-** ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်မှ အကဲဖြတ်မေးခွန်းများ အပြီးသတ်ဖြေဆိုပေးပို့ပြီး နောက် SFDAမှ အကဲဖြတ်ပေးသွားမည်ဖြစ်ပါသည်။ စာရွက်စာတမ်းလိုအပ်ချက်များအားလုံးအား ဖြည့်စွက်ပြီးစီးမှုအပေါ် SFDA နည်းပညာဆိုင်ရာအဖွဲ့တစ်ရပ်စေလွှတ်ရေး ပူးပေါင်းရန်တင်ပို့မည့်နိုင်ငံရှိကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်နှင့် SFDA က ဆက်သွယ်မည်ဖြစ်ပါသည်။

**(၅) နည်းပညာဆိုင်ရာအဖွဲ့ လာရောက်ခြင်း** - ဆော်ဒီအာရေဗျ တွင် အတည်ပြုထားသော နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကျန်းမာရေးလိုအပ်ချက်များအတိုင်း ပို့ကုန်တင်ပို့သောနိုင်ငံရှိ ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်က အမှန်တကယ် ကြီးကြပ် ဆောင်ရွက်နေခြင်းရှိကြောင်း သေချာစေရန်အလို့ငှာ အသားနှင့် ကြက်သား / ဘဲသားလုပ်ငန်းများနှင့် ထိန်းချုပ်ရေးအဖွဲ့အစည်းသို့ လာရောက်စစ်ဆေးရန် ပညာရှင်နည်းပညာဆိုင်ရာအဖွဲ့ကို SFDA မှ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ၎င်းခရီးစဉ်အတွင်း ဗဟိုမှိုငြမ်းတော်ခွဲခန်းများ၊ ရောဂါထိန်းချုပ်ရေးနေရာများ၊ တိရစ္ဆာန်မွေးမြူရေးခြံများနှင့် အခြားထိန်းချုပ်ရေးအဖွဲ့အစည်းများကဲ့သို့သော ဆက်စပ်နေသည့် အသုံးအဆောင်များ၊ နေရာများကိုလည်း စစ်ဆေးကြည့်ရှုပါမည်။ ခရီးစဉ်ကြာမြင့်ချိန်နှင့် အချိန်ဇယားတို့ကို ကြိုတင်ဆုံးဖြတ်ထားရပါမည်။

**(၆) နောက်ဆုံးအစီရင်ခံစာ** - နည်းပညာဆိုင်ရာအဖွဲ့သည် ၎င်းတို့၏ လေ့လာမှုအတွင်း တွေ့ရှိချက်များကို ပြည့်စုံစွာအစီရင်ခံတင်ပြသွားမည်ဖြစ်သည်။ အကယ်၍ အစီရင်ခံစာတွင် မကိုက်ညီသည့် အချက်အလက်အချို့အား ထည့်သွင်းဖော်ပြထားပါက မပြည့်စုံမှုများအတွက် လိုအပ်ချက်များကို အများဆုံး ရက်ပေါင်း ၉၀ အတွင်း မှန်ကန်သည့် ဆောင်ရွက်မှုများဖြင့် အစီရင်ခံစာတစ်စောင်ပံ့ပိုးပေးရန် ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်ထံသို့ အကြောင်းကြား၍ တောင်းဆိုသွားမည် ဖြစ်ပါသည်။

**(၇) လာရောက်ပြီးနောက် ထိန်းချုပ်အာဏာပိုင်အား အတည်ပြုချက်** - အကဲဖြတ်မေးခွန်းလွှာ အပြီးသတ်ပြီး အလည်အပတ် လာရောက်ပြီး တွေ့ရှိချက်များအား ထည့်သွင်းဆောင်ရွက်ပြီးစီးသည့်အခါ (အကယ်၍ ရှိခဲ့ပါက) SFDA မှ ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်အား အတည်ပြုရေးအတွက် စဉ်းစားသွားမည်ဖြစ်ပါ သည်။

**(ဂ) ဒုတိယ - စိတ်ပါဝင်စားသည့် လုပ်ငန်းများ အတည်ပြုခြင်း**

ပို့ကုန်တင်ပို့သောနိုင်ငံတွင် ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်အား SFDAမှ အတည်ပြုပြီးပါက ၎င်းသည်အသား၊ ကြက်သား/ ဘဲသားနှင့် ၎င်းတို့၏ ထွက်ကုန်များကို ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့ရေး အတည်ပြုရန် အခွင့်အာဏာရှိသွားပြီဖြစ်ပါသည်။ ထိုသို့အတည်ပြုရာတွင် ၎င်းလုပ်ငန်းများသည် ပြည်ပပို့ကုန်လိုအပ်ချက်များ၊ SFDA မှအတည်ပြုထားသော နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံသတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်ထားခြင်းဖြစ်ကြောင်း ထောက်ခံချက်ပေးမည်ဖြစ်ပါသည်။ SFDAမှ ပို့ကုန်လိုင်စင်ခွင့်ပြုချက် အလားအလာကို ကြိုတင်စဉ်းစားနိုင်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံသို့ ၎င်းတို့၏ကုန်စည်များကို တင်ပို့လိုသည့် ယုံကြည်လောက်သော လုပ်ငန်းများစာရင်းအား ကျွမ်းကျင်ထိန်းချုပ်ရေးအာဏာပိုင်က ကြိုတင်ပေးပို့ထားရမည်ဖြစ်ပါသည်။ SFDA သည် ၎င်းလုပ်ငန်းများအတွက် သင့်လျော်မှုရှိမရှိ လုပ်ငန်းခွင်စစ်ဆေးမှုများကို ကျပန်းရွေးချယ်ဆောင်ရွက်သွားခွင့်ရှိပါသည်။ ထိုသို့စစ်ဆေးရာတွင် ပို့ကုန်တင်ပို့သောနိုင်ငံ၏ ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင်နှင့် ပူးပေါင်းစီစဉ်သွားမည်ဖြစ်ပါသည်။

■

# နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဆုံးအဖြတ်ပေးမည့်စားသုံးသူများ

**နိုင်ဦး (DOCA)**

မြန်မာနိုင်ငံ၏ သဘာဝတည်နေရာ အနေအထားအရ ဝယ်လိုအား အဆမတန် များပြား၍ ပို့ကုန်အခွင့်အလမ်းကြီးမားသည့် ဈေးကွက်နိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကြီးတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော် ပကတိအခြေအနေများမှာမူ ထင်မြင်ယူဆချက်နှင့် ပြောင်းပြန်ဖြစ်နေသည်။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသော၊ မိမိကိုယ်ကျိုးစီးပွား တိုးတက်ရေးကိုသာ ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများ၊ တင်သွင်း၊ တင်ပို့၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများကြောင့် မြန်မာနိုင်ငံအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော၊ ဘေးအန္တရာယ် ကင်းရှင်းမှုမရှိသော၊ နိုင်ငံတကာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများ အဆမတန် ဝင်ရောက်လျက်ရှိနေပါသည်။ ထိုပစ္စည်းများကို ဝယ်ယူသုံးစွဲသော စားသုံးသူများမှာ နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရလျက်ရှိပါသည်။

သို့သော် မြန်မာနိုင်ငံမှ တင်ပို့သောပစ္စည်းများနှင့်ပတ်သက်၍မူ ၎င်းတို့နိုင်ငံများမှ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များစွာအတိုင်း လိုက်နာတင်ပို့ကြရသည်။ မိမိနိုင်ငံရှိစားသုံးသူတွေ အန္တရာယ်ကင်းရှင်းရင် ပြီးရော၊ အခြားနိုင်ငံ ဖြစ်ချင်ရာဖြစ်စေဆိုသည့်သဘော သက်ရောက်နေပါသည်။ အမှန်မှာ မိမိနိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များသည်လည်း လူသုံးအိမ်သုံးပစ္စည်းများ တင်သွင်းရာတွင် မိမိနိုင်ငံမှ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ပစ္စည်းများကိုသာ တင်သွင်းသင့်သည်။ သို့မှသာ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများမှာ မျှတမှုရှိမည် ဖြစ်ပါသည်။ လတ်တလောအမြတ်ရရှိရေးထက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် စီးပွားရေးစနစ်ကို ဖော်ဆောင်သင့်သည်။ စီးပွားရေး အင်အားကြီးမားသော ကုန်သွယ်ဖက် နိုင်ငံများနှင့် ပုခုံးချင်းယှဉ်နိုင်ရန်မှာ တစ်ပြေးညီဖြစ်၍ မျှတသော ကုန်သွယ်ရေး စနစ်ပေါ် အခြေခံနေသည်ကို မမေ့သင့်ပေ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ခိုင်မာ၍ ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ခေတ်မီသည့် စီးပွားရေးမူဝါဒများရှိရန် လိုအပ်သည်။ လက်ရှိအစိုးရသည် နိုင်ငံရေရှည်ဖွံ့ဖြိုး တိုးတက်၍ သားစဉ်မြေးဆက် အကျိုးခံစားရရှိစေမည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဥရောပနိုင်ငံများတွင် စီးပွားရေးဒဿန၊ မူဝါဒများနှင့်ပတ်သက်၍ အင်္ဂလိပ် ဘောဂဗေဒ ပညာရှင်တစ်ဦးဖြစ်သည့် အဒမ်စမစ် (Adam Smith) ရေးသား၍ ၁၇၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် “တိုင်းနိုင်ငံကြီးများ၏ ဓနအင်အား ကျမ်းကြီး”မှ လေစစ်ဖဲယား (Lassiez Faire)ဒဿနသည် လွန်စွာခေတ်စား၍ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဥရောပနိုင်ငံအများစု၏ စီးပွားရေးမူဝါဒများအဖြစ် လက်ကိုင်အသုံးပြုခဲ့ကြသည်။ လေစစ်ဖဲယားဆိုသည်မှာ လွတ်လပ်သော ကုန်သွယ်ရေးမူဝါဒများဖြစ်သည်ဟု ဆိုကြသည်။ တိုက်ရိုက်အဓိပ္ပာယ်ကမူ “သူ့ဟာသူ လွတ်လွတ်လပ်လပ်လုပ်ပါစေ”ဆိုသည့်သဘောဖြစ်သည်။ ထိုဒဿနအရ စီးပွားရေးရာကိစ္စများတွင် အစိုးရကပါဝင်ပတ်သက်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်၊ သတ်မှတ်ချက်၊ အခွင့်ထူးပေးမှု၊ အကောက်အခွန်ကိစ္စများ၊ ထောက်ပံ့ကြေးပေးမှုများမှ ကင်းလွတ်သော ပုဂ္ဂလိကအဖွဲ့များကြား လွတ်လပ်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခုဖြစ်သည်။ ထိုစနစ်တွင် အစိုးရက ဆောင်ရွက်ပေးရမည့် လုပ်ငန်း သုံးမျိုးသာရှိသည်။ တရားဥပဒေစိုးမိုးရေး၊ လျှပ်စစ်၊ လမ်းတံတား၊ အဆောက်အဦများ၊ ပညာရေးနှင့် ကျန်းမာရေးတို့ကိုသာ ထူထောင်ပေးရန် လိုအပ်သည်ဟု ဆိုသည်။

တစ်နည်းအားဖြင့် စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာကိစ္စများတွင် လုပ်ငန်းရှင်များက ဈေးကွက်စီးပွားရေးအရ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ပေးထားရမည်။ အစိုးရမှ ဝင်မစွက်ဖက်ရန်လိုသည်ဟုဆိုသည်။ သို့မှသာ ကုန်စည် ထုတ်လုပ်၊ ဖြန့်ချိရောင်းချသူ၊ စားသုံး သူ၊ အစိုးရများအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဖြစ်စေနိုင်မည်ဟု အနှစ်သာရအဖြစ် ယူဆနိုင်မည်ဖြစ်သည်။ ယင်းစီးပွားရေးစနစ်သည် လူတို့၏ သဘောသဘာဝကိုအခြေခံ၍ ယူဆထားချက်ဖြစ်၍ ထိုခေတ်ထိုအခါက လူတို့၏ သဘောထားများနှင့် တိုက်ဆိုင်နေ၍ ဖြစ်ကောင်းဖြစ်ပေမည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့လယ်ယာထွက်ကုန်အချို့နှင့် ဂျပန်ဈေးကွက်

**မျိုးသူ (ကုန်သွယ်မြှင့်)**

မြန်မာနိုင်ငံသည် ၂၀၁၇-၂၀၁၈တွင်ပြည်ပပို့ကုန်သည်အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၇၅ ဘီလီယံရှိပါသည်။ ပို့ကုန် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ၃ဒသမ၀၈၁ ဘီလီယံကို လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့ခြင်းမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ယခုနှစ်တွင် မြန်မာ့ဆန်၊ ဆန်ကွဲ စုစုပေါင်း ၃ဒသမ၅၈၅ တန်သန်းခန့်ကို တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၇၀ အတွင်းစံချိန်တစ်ခု ပြန်လည်ရရှိခဲ့ပါသည်။ ကမ္ဘာတွင်လည်း ဆန်တင်ပို့ သည့် နိုင်ငံစာရင်းတွင် နံပါတ် ၅ အထိရောက်ရှိ ခဲ့ပါသည်။ အလားတူပင် အစေ့ထုတ်ပြောင်း တင်ပို့မှုသည်လည်း ယခင်နှစ် တင်ပို့မှုထက် တန်ချိန် ၁၄၀၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ပြီး၊ တန်ချိန် ၁၄ သန်း ကျော်တင်ပို့ နိုင်ခဲ့ပါသည်။ နှမ်းတင်ပို့မှုတွင်လည်း တန်ချိန် ၁ဒသမ၂ သိန်းကျော်ကို တင်ပို့နိုင်ခဲ့ပါသည်။ ယခင်နှစ်ထက်လည်း တန်ချိန် ၁၀၀၀၀ကျော် ပိုမို တင်ပို့နိုင်ခဲ့ပါသည်။ ရော်ဘာစိမ်း တင်ပို့မှုတွင်လည်း တန်ချိန် ၁ဒသမ၅ သိန်းခန့် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကထက် တန်ချိန် ၇ ထောင်ကျော်ပိုမို တင်ပို့နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံများ တင်ပို့မှုသည် တိုးတက်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်ဈေးကွက်ကိုသာ အားထားဆောင်ရွက်နေရသဖြင့် ဈေးကွက်တစ်ခု တည်းသာ ရှိသကဲ့သို့ဖြစ်ပြီး ယင်းဈေးကွက်အပေါ် မှီခိုရမှုများပြားနေ သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် တောင်သူများ၏ ဝင်ငွေ၊ စီးပွားရေးတို့သည် တရုတ်နယ်စပ် ဈေးကွက်အပေါ်တွင်သာ တည်နေသကဲ့သို့ ဖြစ်နေသည်ကို ပြောင်းလဲပေးရန် လိုအပ်ပါသည်။ တည်ငြိမ်သော ဈေးနှုန်းဈေးကွက် ဖြစ်စေရန်အတွက် ဈေးကွက်ကို ကျယ်ပြန့်ရန်၊ ချဲ့ထွင်ရန်လိုအပ်ပါသည်။ နိုင်ငံအလိုက် ဈေးကွက်များအနက် ဂျပန် နိုင်ငံဈေးကွက်သည် အရည်အသွေးကောင်း ဈေးကွက်ဟု ပြောနိုင်သကဲ့သို့ အမှားအယွင်း အတိမ်းအစောင်းမခံသောဈေးကွက် ဖြစ်သော်လည်း ဈေးကောင်းရရှိနိုင်သော ဈေးကွက်ကြီးဖြစ်သဖြင့် ဈေးကွက်ရရှိရေး ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်ပညာရှင်တစ်ဦးမှ လာအိုမှဂျပန် ဈေးကွက်သို့ဝင်ရောက်မှုအပေါ် အခြေခံပြီး ဂျပန်ဈေးကွက်တွင် အလား အလာရှိနိုင်သည့် လယ်ယာထွက်ကုန်ပစ္စည်းများအား အကျဉ်းမျှရေးသား အကြံပြုထားခြင်း ဖြစ်ပါသည်။

**ဂျပန်ဆန်ဈေးကွက်**

ဂျပန်နိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှုသည် တဖြည်းဖြည်း လျော့နည်းလျက်ရှိကြောင်း သိရပါသည်။ အစိုးရမှဝယ်ယူခြင်းပြုသည် မျိုးမပြုဟု သိရပါသည်။ ၁၉၉၃ ခုနှစ်မှစတင်ပြီး ဂျပန်နိုင်ငံမှ ဆန်စပါး ထုတ်လုပ်မှုမှာ အလွန်အမင်း ကျဆင်းလျက်ရှိသဖြင့် အခြားနိုင်ငံများမှ ဆန်တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံများသည် ဂျပန်သို့ ဆန်တင်သွင်းကြသော နိုင်ငံများဖြစ်ပါသည်။ ထိုင်းနိုင်ငံ သည် ဂျပန်နိုင်ငံသို့ ဆန်အများအပြား တင်သွင်းသောနိုင်ငံဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ ဂျပန်သို့ တင်သွင်းသော ဆန်များမှာ အင်ဒီကာအမျိုးအစား ဆန်လုံးရှည်များသာ ဖြစ်ပါသည်။ ဂျပန်နိုင်ငံမှ ပြည်သူများ၏ စားသုံးသည့်အရေအတွက်မှာ မက်ထရစ်တန်အားဖြင့် ၈သန်းခန့်ရှိကြောင်းသိရပါသည်။ ကြိတ်ဖွပ်ပြီး ဆန်တစ်ကီလိုအတွက်ဂျူတီအနေဖြင့်ဂျပန်ယန်း ၃၄၁ အထိကောက်ခံကြောင်း သိရပါသည်။ ဂျပန်နိုင်ငံအတွင်း ပုံမှန်ရောင်းဝယ်နေသော ကြိတ်ဖွပ်ပြီး ပြည်တွင်းဆန်များအတွက် ၃၀ ကီလို (၁၈ ဒသမ ၃၃ ပိဿာနှုန်း) တစ်ပတ်လျှင် ဂျပန်ယန်း ၇၀၀၀ မှ ၉၀၀၀ ထိ ရှိကြောင်း သိရပါသည်။ ၅၀ ကီလိုလျှင် ဂျပန်ယန်း ၁၁၆၆၇ မှ ၁၅၀၀၀ ထိရှိကြောင်း သိရပါသည်။ အထူးအခြေအနေ တစ်ရပ်အဖြစ် တင်သွင်းသောပြည်ပမှဆန်များလည်းရှိပြီး ဂျူတီဆောင်ပြီးနောက် လက်လီရောင်းချနေသော အခြေအနေမှာ ဈေးများစွာ ကွာခြားသည်ကိုတွေ့ရပါသည်။ ထိုင်းနိုင်ငံJasmin Rice ကို ထိုင်းစားသောက်ဆိုင်တွင် တစ်ကီလိုလျှင် ဂျပန်ယန်း ၂၄၃၀ ထိကျသင့်ပြီး အီတလီစားသောက်ဆိုင်တွင် Risotto အတွက် အီတလီဆန်မှာ တစ်ကီလိုလျှင် ၁၅၉၈ ဂျပန်ယန်းကျသင့်ကြောင်း သိရှိရပါသည်။ ဂျပန်သို့ ဆန်တင်ပို့မည်ဆိုပါက အခွန်အခအလွန်များပြားပြီး အကျိုးအမြတ် အလွန်နည်းပါးနိုင်ကြောင်း သိရှိရပါသည်။ ဂျပန်ဈေးကွက်ရှိ ဆန်အမျိုးအစားမှာJaponica အမျိုးအစားသာဖြစ်ပြီး ဖြူအောင်ကြိတ်ဖွပ်ထားသော ဆန်မျိုးသာ ဈေးကွက်ကောင်းကြောင်း သိရပါသည်။ Japan ဆန်အမျိုးအစားများမှ Koshihikari, Sasonishiki (သို့မဟုတ်) Aakitakomachi တို့နှင့် တူညီချေအမျိုးအစားများမှာ ဈေးကွက်ရှိနိုင်ကြောင်း သိရပါသည်။ Japonicaလုံးလတ်ဆန် အမျိုးအစားများသာ Japan စားသောက်ဆိုင်များနှင့် သင့်တော်ကြောင်း မှတ်သားရပါသည်။ ဈေးနှုန်းနှင့် အရည်အသွေးပေါ် မူတည်ပြီး ကောင်းလျှင်သင့်လျှင် ဈေးကွက်ရရှိနိုင်ကြောင်း သိရှိရပါသည်။ ဂျပန်ဆန်ဈေးကွက်တွင် အဓိကပြိုင်ဘက်မှာ အမေရိကန်နိုင်ငံ၊ Califonia မူရင်း Japonica လုံးလတ်ဆန်မျိုးများ ဖြစ်ကြောင်းသိရပါသည်။

**ဂျပန်ဈေးကွက်မှ ကော်ဖီ**

ဂျပန်ဈေးကွက်အတွက် သင့်လျော်သော ကော်ဖီအမျိုးအစားမှာ Arabica Tipica အမျိုးအစားဖြစ်ပါသည်။ ကော်ဖီဈေးနှုန်းသည် ဝယ်လိုအား မြင့်တက်မှုကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် မြင့်တက်လာနေကြောင်းသိရပါသည်။ Premium Coffee ထဲမှ Arabica Tipica မျိုးသည် ဝယ်လိုအား မြင့်တက်လျက်ရှိပါသည်။ ကော်ဖီစေ့မှ ဝင်ငွေသည် တောင်သူ ငယ်များအထိ ဝင်ငွေကောင်းရရှိစေနိုင်ပါသည်။ ကော်ဖီသည် ခူးသည်မှစ၍စနစ်တကျ ဆောင်ရွက်ပြီး အရည်အသွေးကောင်းမွန်အောင် ထိန်းသိမ်းနိုင်သော Arabica Tipica အမျိုးအစား ကော်ဖီစေ့များသည် ဂျပန်ဈေးကွက်သို့ ကောင်းစွာထိုးဖောက်နိုင်ကြောင်း သိရပါသည်။ ဂျပန် တွင် လွှမ်းမိုးထားသော ကော်ဖီတင်သွင်းသည့် နိုင်ငံများမှာ ဘရာဇီး၊ အမေရိကန်၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ဖြစ်ကြောင်း သိရပါသည်။ မိမိတို့နိုင်ငံတွင် ကော်ဖီကို Arabica အမျိုးအစားများသာ အများအပြား စိုက်ပျိုးကြသဖြင့် ရှမ်း(တောင်)၊ ချင်းနှင့်သံတောင်ကြီး၊ ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးရန်အားပေးသင့်သည်ကို တွေ့မြင်နေရပါသည်။

**ဟင်းသီးဟင်းရွက်နှင့် ပြုပြင်ပြီးဟင်းသီးဟင်းရွက်ဈေးကွက်**

ဂျပန်ဈေးကွက်သို့ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ အေးခဲထားသော (သို့မဟုတ်) အခြောက်ခံထားသော ဟင်းသီးဟင်းရွက်များကို တင်ပို့လျက်ရှိပြီး ထိုင်းတွင် လုပ်သားခ မြင့်မားလာသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်နေသဖြင့်တင်ပို့ရေးတွင်အခက်အခဲတွေ့လျက်ရှိကြောင်း သိရပါသည်။ မြန်မာနိုင်ငံတွင်လည်း အနည်းဆုံးလုပ်ခနှုန်းထားများ တိုးမြှင့်ပေးလျက်ရှိပါသည်။ လာအိုနိုင်ငံတွင် စိုက်ပျိုးသော သခွားသီးများကို ဂျပန်နည်းပညာဖြင့် ဆားရေစိမ်ပြီး ထုတ်လုပ်၍ ဂျပန်သို့ တင်ပို့လျက်ရှိကြောင်း သိရပါသည်။ လာအိုမှ သခွားသီးသည် အခွံပါးခြင်း၊ အသားထူခြင်းနှင့် ဆားရေစိမ်ရန် လွယ်ကူခြင်းကြောင့် ထုတ်လုပ်မှု လွယ်ကူပြီး ဂျပန်ဈေးကွက်တွင်လည်း လူကြိုက်များကြောင်း သိရှိရပါသည်။ ဂျပန်ဈေးကွက်သို့ မြန်မာနိုင်ငံမှ Myanmar Bella ကုမ္ပဏီမှ ဟင်းသီးဟင်းရွက်များ တင်ပို့လျက်ရှိကြောင်း သိရပါသည်။

**စာမျက်နှာ ၂၄ သို့**

စာမျက်နှာ (၈) ပြည်ပဈေးကွက်ဝင်သီးနှံ ...... မှအဆက်

အာလူးသုံးစွဲမှု လမ်းကြောင်းပြောင်းလဲမှုလို့ ဆိုနိုင်ပါတယ်။ အမျိုးမျိုးသော အသင့်စားအာလူးထုတ်ကုန်တွေကို အရသာအမျိုးမျိုးနဲ့ အပြိုင်အဆိုင်ထုတ်ဝေနေကြပေမယ့် အာလူးစားသူများပြားတဲ့အတွက် အာလူးကို ဈေးကွက်မှာ လိုအပ်မြဲ လိုအပ်လျက် ရှိနေတာကို တွေ့နိုင်ပါတယ်။ဒါကြောင့် အာလူးဟာ ဈေးကွက်အလားအလာ ခိုင်မာကြီးမားလှပါတယ်။

**သုံးသပ်ချက်**

ဒီလိုဈေးကွက်ကြီးမားလှတဲ့ အာလူးကို မြန်မာနိုင်ငံမှာလည်း ကျယ်ပြန့်စွာ စိုက်ပျိုးနေကြပေမယ့် တောင်သူများအဖို့ စိုက်ပျိုးစရိတ် ကြီးမားပြီး ဆုံးရှုံးမှုများနေတာကို လေ့လာတွေ့ရှိနေရပါတယ်။ တောင်သူတွေရဲ့ ဆုံးရှုံးမှုဟာ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုဖြစ်တာကြောင့် နိုင်ငံအတွက်လည်း နစ်နာလှပါတယ်။ အချိန်ကုန်ခံ ငွေကုန်ခံပြီး စိုက်ပျိုးလိုက်ပေမယ့် နည်းစနစ်၊ မျိုး၊ ရာသီဥတုနဲ့ ပိုးမွှားတို့ကြောင့် ဆုံးရှုံးရ ပါက ပို၍ပင်နစ်နာလှပါတယ်။ စိုက်သာစိုက်ရ အရည်အသွေးမမီပါကလည်း ဆုံးရှုံးမှုက ကြီးလွန်းလှပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး အရည်အသွေးမီ ပို့ကုန်များများပို့နိုင်မှသာ တောင်သူရော နိုင်ငံပါ မျက်နှာပန်းလည်းလှမှာဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်အလယ်မှာ ယှဉ်ပြိုင်တဲ့အခါ အရည်အသွေးဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ အရည်အသွေးမီ စံချိန်စံညွှန်းမီတဲ့ ပို့ကုန်ရရှိဖို့ဆိုတာဟာ မှန်ကန်တဲ့ နည်းစနစ်အဆင့်ဆင့်ကို ကျော်ဖြတ်ပြီးမှသာ ရနိုင်တဲ့အရာဖြစ်တာကြောင့် မှန်ကန်တဲ့ နည်းစနစ်တွေကို ကျင့်သုံးမှသာ ယခုတောင်သူတွေ ရင်ဆိုင်နေရတဲ့ အထွက်နှုန်းနည်းပါးမှု ပြဿနာကိုလည်း ကျော်လွှားနိုင်မှာပါ။ လတ်တလောမှာလည်း တရုတ်နိုင်ငံမှ အာလူးများဟာမြန်မာနိုင်ငံကို ဝင်ရောက်မှုတွေရှိနေတာကြောင့် ဈေးကွက်နဲ့ပတ်သက်တဲ့ စိုးရိမ်မှုတွေကိုလည်း ကြားသိနေရပါတယ်။ ဈေးသက်သာတဲ့ တရုတ်နိုင်ငံမှ အာလူးတွေဟာ မြန်မာဈေးကွက်ကို ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ လက်ရှိဈေးကွက်အရ တရုတ်အာလူးဟာ တစ်ပိဿာ ကျပ် ၂၅၀မှ ၃၀၀ကြားရရှိနေပြီး မြန်မာအာလူး များက တော့ တစ်ပိဿာ ကျပ် ၄၅၀ ရရှိနေကြောင်း သိရှိရပါတယ်။

ဒ့ါပြင် AVENTINE LIMITED မှ မျိုး နှင့် နည်းပညာများ ကူညီထောက်ပံ့ပေးထားသော နယ်သာလန်နိုင်ငံမှ အာလူးမျိုး (Atlantic) များဟာ မကြာမီထွက်ရှိလာတော့မှာဖြစ်ပြီး အဆိုပါ အာလူးများဟာ အမျိုးအစားနှင့် သတ်မှတ်ထားတဲ့ အရည်အသွေး ပြည့်မီတဲ့အတွက် တစ်ပိဿာ ကျပ်၆၅၀ ခန့် ဈေးရရှိနိုင်တယ်လို့လည်း ဈေးကွက်သတင်းများအရ သိရပါတယ်။ကုန်သွယ်မှုရဲ့ သဘောသဘာဝအရ နိုင်ငံအချင်းချင်းဟာ မိမိနိုင်ငံမှ ကုန်ပစ္စည်းကို အခြားနိုင်ငံကို တင်ပို့ပြီး ကုန်သွယ်မှုပြုကြကာ နိုင်ငံခြားဝင်ငွေ ရှာဖွေကြပါတယ်။ ဒီအခါမှာ ဈေးကွက် ပြိုင်ဆိုင်မှု ဆိုတာဟာ မလွဲမသွေ ပါဝင်လာတဲ့အပြင် အရည်အသွေးနဲ့ပဲ ဈေးကွက်ရရှိမှုကို ဆုံးဖြတ်ကြတာဟာ ဖြစ်မြဲပါပဲ။ WTO အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ကုန်ပစ္စည်း ပိတ်ပင်ထားတဲ့စာရင်းမှာ အာလူးသီးနှံ ပါဝင်မှုမရှိတာကြောင့် အာလူးဟာ ကန့်သတ်ထားခြင်းမရှိဘဲ လွတ်လပ်စွာ တင်ပို့တင်သွင်းနိုင်တဲ့ ကုန်စည်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်အနေအထားပေါ် မူတည်ပြီး လွတ်လပ်စွာ ကုန်သွယ်ခွင့်ရှိတဲ့ စားဖိုဆောင် သီးနှံတစ်မျိုး ဆိုလည်း မမှားပါဘူး။ ပြည်ပမှ ဝင်ရောက်နေတဲ့ အာလူးတွေဟာ ပြည်တွင်းအာလူးများ ပေါ်ထွက်လာတဲ့အခါမှာ ဈေးနှုန်းအရည်အသွေး ပြိုင်ဆိုင်မှုတွေရှိလာစေမှာဖြစ်တာကြောင့် ကုန်ဈေးနှုန်းကိုလည်း ထိန်းညှိစေပြီး ဖြစ်သွားစေပါတယ်။ လွတ်လပ်မျှတသော ယှဉ်ပြိုင်မှုဟာ စားသုံးသူအတွက်လည်း အကျိုးပြုစေမှာဖြစ်ပါတယ်။

ပြည်ပသို့တိုးချဲ့တင်ပို့ရန်အတွက် အာလူးစိုက်ပျိုးမြေဧရိယာ တိုးချဲ့စိုက်ပျိုးရန်လိုအပ်လှပါတယ်။ တစ်ဧကထွက်သင့်သော အထွက်နှုန်းထက် ပိုမိုထွက်ရှိစေရန် မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များကို ထည့်သွင်းစိုက်ပျိုးခြင်း၊ နည်းပညာပြုပြင် ပြောင်းလဲရန် စသည့် အချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ပါက အထွက်နှုန်း တိုးတက်လာမည်ဖြစ်ပါတယ်။ တစ်ဧကအထွက်နှုန်း ၅၀၀၀ ပိဿာ ဝန်းကျင်ရရှိအောင် ဆောင်ရွက်နိုင်ပါက စားသုံးရန်ရည်မှန်းထားသည်ထက် ပိုမိုစားသုံးနိုင်မှာဖြစ်ပြီး ပို့ကုန်ကိုလည်း ထပ်၍တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းတွင် အာလူးတစ်ဧကစိုက်ပျိုးပါက ထွက်ရှိနှုန်းမှာ ပိဿာချိန် ၂၅၀၀ မှ ၂၈၀၀ ပိဿာနှုန်း ထွက်ရှိကြောင်းသိရပြီး ပြည်တွင်းစားသုံးရန်အတွက် အဓိကစိုက်ပျိုးကြသည့်အပြင် ပြည်ပဈေးကွက် လိုအပ်ချက်ရှိပါက လိုအပ်သလောက် တင်ပို့နိုင်စွမ်းရှိရန် လိုအပ်လှပါတယ်။ ဒ့ါကြောင့် ဈေးကွက်ဝင် သီးနှံများကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး စိုက်ပျိုးမှုဆိုင်ရာ နည်းပညာ ပံ့ပိုးမှုများ၊ အရည်အသွေးမီသော သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးစေခြင်းနှင့် စိုက်ပျိုးစရိတ်ကျဆင်းစေရန် အစီအမံများ ဆောင်ရွက်ပေးရန် အရေးကြီးလှပါတယ်။ ဒါတင်မက တောင်သူများအနေဖြင့်လည်း ဈေးကွက်သတင်းများနှင့် နည်းပညာသတင်းများကို မျက်ခြေမပြတ် လေ့လာသုံးသပ်သင့်လှပါတယ်။ သို့မှသာ စိုက်ပျိုးထုတ်လုပ်မှုကို ဈေးကွက်လိုအပ်ချက်နဲ့အညီ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် အလားအလာ ကောင်းလှတဲ့ အာလူးစိုက်ပျိုးသူများကို စိုက်ပျိုးစရိတ်များ လျှော့ချနိုင်ရန်၊ မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းပြီး ဈေးကွက်ဝင် အာလူးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းကူညီဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

Vol: 18, No.22 Monday June 4 2018

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရားမဝင် သယ်ဆောင်လာသော ကုန်ပစ္စည်းများ ဖမ်းဆီးရမိ



မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင်ဦးစီးသည့် OSS ကုန်သွယ်ရေးဦးစီးဌာန၊ OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် မေ ၂၁ ရက် ၁၅း၀၀ နာရီအချိန်တွင် မူဆယ်ဘက်မှ လားရှိုးဘက်သို့ ပြည်ထောင်စုလမ်းမကြီး အတိုင်းမောင်းနှင်လာသော ဆန်းသစ်ခရီးသည်တင် ယာဉ်လိုင်းမှ ယာဉ်အမှတ် YGN 8F-5910 ယာဉ်သည် ခရီးသည်များ မပါရှိဘဲ ရောက်ရှိလာသဖြင့် အဖွဲ့ဖြင့် တား ဆီးစစ်ဆေးရာ ယာဉ်ကိုယ်ထည်ကြမ်းခင်း၊ လျှောက်လမ်း များအောက်နှင့် ယာဉ်နောက်ပိုင်းတွင် အကန့်များပြုလုပ်၍ သို၀ှက်သယ်ဆောင်လာသည့် Electronic ပစ္စည်းများကို ရှာဖွေစစ်ဆေးသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ သိမ်းဆည်းရမိယာဉ်ဖြစ်သည့် ယာဉ်အမှတ် YGN 8F-5910 ဆန်းသစ်ယာဉ်ပေါ်မှ Kchibo Radio ပါ ၁၂ မျိုး (ခန့်မှန်းတန်ဖိုးကျပ် ၃၀၆၀၃၀၀၀)အား အကောက်ခွန်အမှုတွဲအမှတ်၊၁၁-မဆ/ ၂၀၁၈(၀၃၉)ဖြင့် လည်းကောင်း၊ Ethyl Maltol Flavor ပါ(၄)မျိုး(ခန့်မှန်းတန်ဖိုးကျပ်-၃၁၁၀၀၀၀) အား အကောက်ခွန်အမှုတွဲအမှတ်၊ ၁၁-မဆ/၂၀၁၈(၀၃၉-က)ဖြင့် လည်းကောင်း၊ ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်အမှတ် YGN 8F-5910 (Mitsubishi Express Bus) (ခန့်မှန်းတန်ဖိုးကျပ် -၁၄၀၀၀၀၀၀) အား အကောက်ခွန်အမှုတွဲ အမှတ်၊ ၁၁-မဆ/ ၂၀၁၈ (၀၃၉- ခ) ဖြင့်လည်းကောင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**အေးအေးဝင်း**

# မူဆယ်မှ သကြားပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မေ ၁၉ ရက်မှ ၂၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉ဒသမ ၀၁၂ သန်း တန်ဖိုးရှိသကြား(ရိုးရိုး) ၂၉၂၄၉ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၁၃၆၀၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ၁၅၆၄၉ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ ယခုတစ်ပတ် သကြားတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ယခင်တစ်ပတ်က ကျပ် ၈၇၅၅၅၀ ဈေးရှိရာမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်တွင် ကျပ် ၈၇၆၂၀၀ သို့ လည်းကောင်း၊ တစ်ဖက်နိုင်ငံဈေးမှာလည်း ၄၁၃၉ယွမ်မှ ၄၁၅၂ ယွမ်သို့ လည်းကောင်း ဈေးဆက်လက်မြင့်တက်ခဲ့ပါတယ်။

**မော်မော်အောင်**

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ သီတင်းတစ်ပတ် ကုန်သွယ်မှုအခြေအနေ

မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၉၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃၈၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၂၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါ သီတင်းပတ်မှာ ပို့ကုန်ပိုင်းတွင် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ မတ်ပဲ၊ ရော်ဘာ၊ ကြက်သွန်နီ၊ ဝဥခြောက်၊ ငါးရှဉ့်၊ ငါးမှုန့်၊ သကြား၊ ကျွဲ/ဆိတ် (အရှင်)၊ ကြံသကာ၊ သဘာဝဓာတ်ငွေ့တို့ တင်ပို့မှုလျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် ယာဉ်အပိုပစ္စည်းများ၊ ဆိုင်ကယ်နှင့် စက်ဘီးအပိုပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များနှင့် အလှကုန်ပစ္စည်းများကို လျော့နည်း တင်သွင်းခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့ပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာ ၁၃၄၈ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၃၆၇ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၇၇ ယွမ်နှုန်းရှိကြောင်း တွေ့ရပါသည်။ ပို့ကုန်ကားထွက်မှုအနေဖြင့် ၂၂ ဘီးယာဉ် ၂၂၆၅ စီး၊ ၁၂ ဘီးယာဉ် ၂၂၇၈ စီး၊ ၆ ဘီးယာဉ် ၅၅၇ စီး၊ ၄ ဘီးယာဉ် ၂၀၀ စီးဖြစ်ပြီး သွင်းကုန်ကားစီးရေ ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၈၇၁ စီး၊ ၁၂ ဘီးယာဉ် ၁၃၀၄ စီး၊ ၆ ဘီးယာဉ် ၁၉၇ စီး၊ ၄ ဘီးယာဉ် ၈၉ စီးတို့ဖြစ်ကြောင်း သိရပါသည်။

**မော်မော်အောင်**

Commerce ကာတွန်း



# တရုတ်နိုင်ငံသို့ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၃ ဒသမ ၃၃၂ သန်းတန်ဖိုးရှိ ပြောင်း ၁၄၈၅၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၁၇၄၆ တန်ခွဲ၊ လွယ်ဂျယ်မှ ၂၇၈၃ တန်၊ ချင်းရွှေဟော်မှ ၂၉၃ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန်၃၀ ဖြစ်ပါတယ်။ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၈၆၇၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၃၈၂၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၀၉၆၂၃ ကျပ် ရှိရာမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၁၀၂၇၃ ကျပ်သို့ ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၄၅၁စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၂ စီး ပိုမိုခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# နယ်စပ်စခန်းများမှ ဆိုင်ကယ်တင်သွင်းမှုအခြေအနေ

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၈၆၈ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၉၄၈ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၀ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၈ သန်းတန်ဖိုး ရှိ သုံးဘီးဆိုင်ကယ် ၂၈၂ စီးကိုလည်း တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ လျော့နည်းတင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာလျော့နည်းရခြင်း ဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၃၂ စီး၊ ကန်ပိုက်တီကုန် သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၇၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၁၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၆၈၉ စီး၊ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂၆ သန်းတန်ဖိုး ရှိ ဆိုင်ကယ် ၈၀၇၇ စီးတင်သွင်းခဲ့တယ် လို့ သတင်းရရှိပါတယ်။

**မျိုးဇော်**

# မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တင်ပို့မှုလျော့ကျ

မြန်မာ -ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၅ သန်းတန်ဖိုး ရှိရေထွက်ကုန် ၉၈၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၈၂၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၃၂ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၈ သန်းတန် ဖိုးရှိ ငါးမျိုးစုံနဲ့ကဏန်း ၉၁ တန်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၈ သန်းတန်ဖိုး ရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ငါးပုတ်သင်ခြောက်၊ ပုစွန်၊ သဲကဏန်း၊ ငါးပါးနီခြောက်၊ ပုစွန်ခြောက်တို့ကို ၁၉၂ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၉ သန်းတန်ဖိုး ရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ပစ္စည်း၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့် ၇၀၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မျိုးဇော်**

# မြန်မာ-အိန္ဒိယနယ်စပ်စခန်းများမှ ကွမ်းသီးတင်ပို့မှု အခြေအနေ

မြန်မာ -အိန္ဒိယနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၅၉၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၇၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၄ သန်းတန်ဖိုးရှိကွမ်းသီး ၃၂၆ တန်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၂၆၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မျိုးဇော်**

# International Trade Basic Course (Weekend Programme) (Batch-4) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)၌ International Trade Basic Course (Weekend Programme) (Batch-4) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရန် ဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ တစ်ဆင့် နိုင်ငံတကာအဆင့်မီ ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်စေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ယခုသင်တန်းမှတစ်ဆင့်




ဆက်လက်ပြီး စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိပါမှ ကုန်သွယ်မှုဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေနိုင်ကြောင်းတို့ကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်မည့် သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုပြုရာတွင် သိရှိရန်လိုအပ်သည့် ဘာသာရပ်များကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ စီးပွားရေးသံမှူးများမှ လက်တွေ့ စာတွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး ယှဉ်ပြိုင်မှုမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေသော နိုင်ငံခြားသား ပညာရှင်တစ်ဦးမှလည်း အားဖြည့်ကူညီသင်ကြားပေးမည်ဖြစ်ကြောင်း သိရပါသည်။

**ခင်လေးယု**

# မြန်မာနိုင်ငံမှ သီး/ဆိတ်များ ဈေးကွက်ထိုးဖောက်၍ နိုင်ငံတကာသို့တင်ပို့နိုင်ရေး မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သိုး/ဆိတ် မွေးမြူစားသုံးမှုနှင့် တင်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာခြင်း

**မြန်မာနိုင်ငံ၏ သိုး၊ ဆိတ်(အရှင်)များ ပြည်ပသို့တင်ပို့မှုနှင့်ပတ်သက်သည့်ဆောင်ရွက်ချက်များ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်အမှတ် (၁၀/၉၉) ဖြင့် ပြည်ပသို့တင်ပို့ရန် ပိတ်ပင်ထားသည့် ပို့ကုန်ပစ္စည်းများ စာရင်းတွင် ကျွဲ ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များကို ထည့်သွင်းသတ်မှတ်ထားပြီး ဆိတ်အရှင်မှာ ပြည်ပသို့တင်ပို့ခွင့်မပြုသည့် ပစ္စည်းစာရင်းတွင် မပါရှိသော်လည်း အကန့်အသတ်ဖြင့် တင်ပို့ခွင့်ပြုခဲ့ရာမှ ပြည်တွင်းမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော် အခွန်အခ ပိုမိုရရှိစေရေးတို့အတွက် နိုင်ငံတော်သမ္မတရုံးမှ (၆)လ စမ်းသပ်တင်ပို့ရန် ခွင့်ပြုချက်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့တင်ပို့ခွင့် ပိတ်ပင်ထားသော ကုန်ပစ္စည်းများအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်တင်ပို့ခွင့်ပြုမည့် အစီအမံအား ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော စီးပွားရေးရာကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) သို့ တင်ပြ၍ လမ်းညွှန်မှုခံယူခဲ့ရာ ကျွဲ၊ နွား၊ ဆိတ်(အရှင်)များမှလွဲ၍ ကျန်ကုန်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အကြောင်းကြားခဲ့မှုအရ ကျွဲ၊ နွား(အရှင်)များအပါအဝင် ဆိတ်အရှင်များကိုပါ ပြည်ပသို့တင်ပို့ခွင့် ပိတ်ပင်ခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်စွဲပါ စာအမှတ်၊ စက-၁၂/၂-၁၈/၂၀၁၆(၄၉)ဖြင့် ဆိတ်အရှင်များအား ပြည်ပသို့ပြန်လည်တင်ပို့ခွင့် ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှာစာဖြင့်တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၆) ဖြင့် ဆိတ်အရှင်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့ ပြန်လည်တင်ပို့ခွင့်ပြုရန် သဘောတူခဲ့သည်။

နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင် တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရန်၊ မွေးမြူရေး တောင်သူများဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေနှင့်အညီ ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခြင်းအားဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၄၉/၂၀၁၇ ) ဖြင့် ထုတ်ပြန်ခဲ့သဖြင့် ပြည်ပသို့ တင်ပို့ခွင့်မပြုသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများစာရင်းတွင် ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များသာ ကျန်ရှိနေပါသည်။ ထို့ကြောင့် အခြားပြည်ပနိုင်ငံများမှ သိုး၊ ဆိတ် မွေးမြူစားသုံးမှုနှင့် တင်ပို့မှုတို့အား လေ့လာခဲ့ရာ အောက်ဖော်ပြပါအချက်များ တွေ့ရှိရပါသည်။

**မလေးရှားနိုင်ငံ၏ သိုး/ဆိတ် စားသုံးမှုဈေးကွက်**

မလေးရှားနိုင်ငံ၏ Federal Agricultural Marketing Authority (Malaysia) ဗဟိုစိုက်ပျိုးရေးဈေးကွက်ရှာဖွေမှုအခွင့်ရအဖွဲ့အစည်းသည် ဆိတ်/သိုး မွေးမြူစားသုံးမှုကို လေ့လာမှုများပြုလုပ်ခဲ့ပြီး သိုး/ဆိတ်များမွေးမြူ၍ အသားထုတ်လုပ်ရေးလုပ်ငန်းဇုန်တို့အား ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင်ဖော်ဆောင်လုပ်ကိုင်ခဲ့ပါသည်။ ယင်းတွင် မွေးမြူရေးဇုန်အဆင့် ၂ ဆင့်ပါဝင်ပြီး ပထမအဆင့်တွင် စားသုံးမှုနှုန်း အဆင့်မြင့်မားသော ကွာလာလမ်ပူမြို့၊ ကယ်လတန်မြို့၊ ပီနန်းမြို့နှင့် ဂျိုဟိုးမြို့တို့ဖြစ်ပြီး ဒုတိယအဆင့်တွင် အစားအသောက် ဝန်ဆောင်မှုများအား လေ့လာမှုများပြုလုပ်ခဲ့ပြီး မလေးရှားနိုင်ငံ၏ ပြည်နယ် (၁၄) ခု နယ်ပယ်များတွင် သိုး/ဆိတ် မွေးမြူထုတ်လုပ်ရေးဇုန်များ တည်ထောင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မွေးမြူထုတ်လုပ်မှုဆိုင်ရာ စစ်တမ်းအရ စားသုံးမှုနှုန်း လေ့လာရေးအဆင့်တွင် မေးမြန်း/ဖြေဆိုသူ စုစုပေါင်း ၆၁၄ ဦး ပါဝင်ခဲ့ပြီး အဆင့်မြင့်ပညာဆည်းပူးနေသည့် ကျောင်းသား/ကျောင်းသူများ ပါဝင်သကဲ့ သို့ လယ်ယာစိုက်ပျိုးလုပ်ငန်းများနယ်ပယ်ရှိ ဈေးကွက်များ၊ အဆင့်မြင့် ဈေး/ကုန်တိုက်တို့တွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူများအား ရွေးချယ်မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။ စားသုံးမှုဆိုင်ရာ အသင်းအဖွဲ့များအား လေ့လာရာ၌လည်း အစား/အသောက်နှင့် အဖျော်ယမကာ ၃၂၂ မျိုးခန့် ရောင်းချဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းလုပ်ကိုင်သူများ၊ ဟိုတယ်များ၊ အပန်းဖြေနေရာများနှင့် စားသောက်ဆိုင်ကြီးတို့၌ အစားအသောက် ဖြည့်တင်းရေးလုပ်ငန်း လုပ်ကိုင်သူတို့အား တစ်ဦးချင်း (face to face) ပုံစံဖြင့်မေးမြန်း၍ လေ့လာခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

အဆိုပါ မေးမြန်းမှုတွင် မလေးရှားနိုင်ငံ၏ အရှေ့ပိုင်းဒေသတွင် ၁၆၃ ဦး၊ မြောက်ပိုင်းတွင် ၁၅၀ ဦး၊ တောင်ပိုင်းတွင် ၁၅၇ ဦးနှင့် အလယ်ပိုင်းဒေသတွင် ၁၆၄ ဦးတို့ဖြစ်၍ စုစုပေါင်း ၆၃၄ ဦးဖြစ်ပါသည်။ ရလဒ်အနေဖြင့် သိုး/ဆိတ် အသားစားသုံးမှုတွင် မလေးရှားလူမျိုးများအနေဖြင့် ၈၈ ဒသမ ၁၇ ရာခိုင်နှုန်း၊ အိန္ဒိယလူမျိုး ၅ ဒသမ ၉၉ ရာခိုင်နှုန်း၊ တရုတ်လူမျိုး ၅ဒသမ၃၆ ရာခိုင်နှုန်းနှင့် အခြားလူမျိုးအုပ်စုများ သုည ဒသမ ၄၇ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဝယ်ယူစားသုံးမှုတွင် သိုး/ဆိတ် (fresh meat) အသားအစို ၈၉ ရာခိုင်နှုန်း၊ စည်သွတ်ဗူး သုည ဒသမ ၃၄ ရာခိုင်နှုန်း၊ အသင့်ချက်ပြုတ်ပြီး ၁ ဒသမ ၀၃ ရာခိုင်နှုန်း၊ အေးခဲအသား ၁ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် ဆိတ်အရှင်စားသုံးမှု ၈ ဒသမ ၅၉ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**မလေးရှားနိုင်ငံ၏ သိုး/ဆိတ် မွေးမြူထုတ်လုပ်သည့် စနစ်နှင့်ဖွံ့ဖြိုး တိုးတက်လာပုံ**

မလေးရှားနိုင်ငံ၏ ဆိတ်မွေးမြူရေးတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးမှ စတင်ခဲ့ခြင်းဖြစ်၍ မွေးမြူသော ဆိတ်များမှာလည်း အရွယ်အားဖြင့် သေးငယ်ပြီး ဖွံ့ဖြိုးကြီးထွားမှုနှုန်း နည်းပါးပြီးနို့ထွက်ဆိတ်မျိုးစိတ်များ မဟုတ်ဘဲ အသားစားဆိတ်မျိုးစိတ်များဖြင့်သာ စတင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ (ဆက်လက်ဖော်ပြပါမည်)

**စာမျက်နှာ (၃) မြန်မာ့အနာဂတ် အလုပ်အကိုင်များခေတ်သစ်ဆီသို့ ...... မှအဆက်**

အရင်းအမြစ်များအား စနစ်တကျ ထိရောက်စွာအသုံးချနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးနှင့် ၎င်းတို့အား အလုပ်အကိုင် နေရာကောင်းများတွင် ခွဲဝေချထားခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လုပ်အားဈေးကွက်မျှခြေကို ဖြစ်ပေါ်စေရန်အရေးကြီးပါကြောင်း၊ အလုပ်အကိုင် ဖန်တီးရေးကဏ္ဍအတွက် အစိုးရမှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အလုပ်အကိုင် ဖန်တီးနိုင်ရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာ့ဘဏ်အုပ်စုမှ ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ကောင်းမွန်သော အလုပ်အကိုင်များနှင့်ပတ်သက်၍ အသေးစိတ် လေ့လာသုံးသပ်ချက်များပါဝင်သည်ကို တွေ့ရပါကြောင်း၊ အလုပ်အကိုင် ဖန်တီးနိုင်ရေးကဏ္ဍတွင် ဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှမှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှု၊ အခြေခံ အဆောက်အဦ မလုံလောက်မှုနှင့် ဘဏ္ဍာရေး အရင်းအမြစ်လိုအပ်မှု စသည့်စိန်ခေါ်မှုများ ရှိနေပါကြောင်း၊ ယနေ့ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ အစီရင်ခံစာသည် မိမိတို့အစိုးရ၏ အလုပ်အကိုင် ဖန်တီးနိုင်ရေး မူဝါဒများချမှတ် ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ Country Director ဖြစ်သူ Ms. Ellen Goldstain မှ မိတ်ဆက်စကားများ အသီးသီး ပြောကြားခဲ့ကြကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **MOC(IR)**


SHWE YWET HLA MFG CO.,LTD
U SOE HLAING
(Chairman)
095071787
DAW KHIN MAR WIN
(DIRECTOR)
09443019975
Factory : No.86, Aung Zay Ya Street, Zone(7), Hlaing Thar Yar Township, Yangon, Myanmar.
PH : 09795832340, 09260991626, 09443019975
Office : Room No(305), Parami Condo(7+1)D, U Thin Pe Street, Hlaing Township, Yangon, Myanmar
Gmail : s.hlaing99@gmail.com
Gmail : winwinkhinmarwin@gmail.com


5 pixels
5 PIXELS
OFFSET PRINTING INKJET & SILKSCREEN
2MM, 3MM
လူကြီးမင်းတို့၏ အစိုးရဌာနကြီးငယ်များ၊ ကျောင်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ပုံနှိပ်ကြော်ငြာလုပ်ငန်းနှင့် မီဒီယာဝန်ဆောင်မှုများကို အချိန်တိုအတွင်း အရည်အသွေး အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည် ....!
Wall Calendar
Table Calendar
Poster
Letter Head
Flyer
File Holder
Booklet
Envelope
Dangler
Wobbler
Shelf Stick
Paper Bag
Paper Box
Voucher
Business Card
Paper Hanger
Brochure
Note Pad
Note Book
Paper Sticker
Paper Printing,
Silkscreen PPBoard,
Vinyl & Sticker,
Promotion Items Services
Open Hour - 9:00AM To 5:30PM
No. 93/2, Ground Floor, 49th Street, Pazundaung Township,Yangon, Myanmar.
Call Now : 01-296859, 01-9010387, 09-969755890, 09-421102158
Email:5pixel.designe@gmail.com, Website:5pixels.com.mm


WINMERO 1000
LYKAPANZOL
LYPIME
ANGIVAS
LDNIL 10
ATOREM F 10
RV-TELPHA
RVTi Real Value Therapy Pharmaceuticals Co.,Ltd.
No.138, B(1), Ground Floor, New University Avenue Road, Bahan Tsp, Yangon, Myanmar. Ph: 01 553703


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
VANGUARD
min min maung Services Co.,Ltd
မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အညီ သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အဆင်ပြေပါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေမိတ်သင်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁၉/၂၀)၊ ဗဟိုလမ်းမကြီး၊ နာနတ်တောရုံးကျော်နှင့် လှည်းတန်းရုံးကျော်ကြား (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585


ICHIBAN
JAPANESE NO.1 MOTOR OIL
BETTER CAR LIFE WITH US!
ဂျပန်နိုင်ငံထုတ် အဆင့်မြင့်အင်ဂျင်ဝိုင် နှင့် အင်ဂျင်ဝိုင်အားဖြည့်ဆီ
အခန်း (၁၀၂)၊ပထမထပ်၊ တိုက် D
212 ရွှေဂုံတိုင်တာဝါ ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09450006407, 09-448026203
အမှတ် (၃) ၊ ၁၂ /၉၁၊ ဗိုလ်လမ်းနှင့်လမ်း၄၀ထောင့်
မဟာအောင်မြေမြို့နယ်၊မန္တလေး။
09-254922299, 09979069640


MINN THU TA
TRADING
ကျွန်တော်များ မင်းသုတကားအရောင်းစင်တာမှ
ရန်ကုန်လိုင်စင်/နယ်လိုင်စင်များဖြင့် လုပ်ငန်းသုံးထရပ်ကားများ၊ အိမ်စီးကားမျိုးစုံကို
ဂျပန်၊ ထိုင်းနိုင်ငံများမှ တိုက်ရိုက်တင်သွင်းရောင်းချပေးနေပါပြီ။
မြေကွက်အမှတ် - (၁၂၆၃)၊ Super One ကုန်တိုက်နောက်ကျောကပ်ဝင်းအတွင်း၊ နဝဒေးဥယျာဉ်အိမ်ယာအနီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
09 253244411
09 786094566


PHYO
AUTO SERVICE
PHYO SERVICES CO.,LTD.
CAR SHOWROOM & SALES CENTER
Address : No. 67-B/1, Pho Sein Road, Bahan Township, Yangon.
Tel : 01-546102, 548069

## ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ မှန်ကန်စွာ သုံးစွဲတတ်စေရေး အသိပညာပေး လုပ်ငန်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိစားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုမှ ဖွင့်လှစ်ခဲ့သော စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများအကြောင်း အသိပညာပေးသင်တန်း (၁/၂၀၁၈)သို့ မုံရွာခရိုင် ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဦးရဲဆာကဲ တက်ရောက်ခဲ့ပြီး မေ ၉ ရက်တွင် မုံရွာခရိုင် အရာတော်မြို့နယ် ကမ်းပြုကျေးရွာရှိ စိုက်ပျိုးထုတ်လုပ်သူတောင်သူ ၃၅ ဦး အား ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ မှန်ကန်စွာသုံးစွဲတတ်စေရေး အသိပညာပေးဟောပြောခြင်းကို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အသိပညာပေး ဟောပြောပွဲတွင် ဦးရဲဆာကဲက မြန်မာနိုင်ငံသားများသည် ဆန်စပါး၊ သား/ငါးသီးနှံများကို အဓိက စိုက်ပျိုး၊ မွေးမြူစားသုံးကြသည့်အတွက် စိုက်ပျိုးထုတ်လုပ်သူများသည် စိုက်ပျိုးသီးနှံများကို အထွက်တိုးစေရန်နှင့် ပိုမိုကောင်းမွန်စေရန်အတွက် စိုက်ခင်းများတွင် ဓာတ်မြေသြဇာထည့်ခြင်း၊ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းများကို ပြုလုပ်ကြသည့်အတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများကို ဝယ်ယူမည့်နည်းလမ်း၊ သိုလှောင်မည့်နည်းလမ်းနှင့် အသုံးပြုမည့်နည်းလမ်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများဝယ်ယူရာတွင် အင်္ဂလိပ်အက္ခရာ NPK ပါရန်လိုကြောင်း၊ ပိုးသတ်ဆေးအညွှန်းပါရန်လိုကြောင်း၊ ထုတ်လုပ်သူ/ဖော်စပ်သူနှင့် ဖြန့်ချိသူ အမည်နှင့် လိပ်စာများကို တရားဝင် ဖော်ပြရန်လိုကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အမှတ်တို့ ပါဝင်ရမည်ဖြစ်ကြောင်း ဟောပြောခဲ့ပြီး ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများကို သိုလှောင်နည်းမှာ အစားအသောက်နှင့် ဝေးသည့်နေရာများနှင့် ကလေးများ လက်လှမ်းမမီနိုင်သောနေရာများတွင် သော့ခတ်သိမ်းဆည်းထားရမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများသည် သုံးတတ်လျှင် အကျိုးရှိပြီး မသုံးတတ်လျှင် အန္တရာယ်ရှိသည့်အတွက် အသုံးပြုချိန်တွင် လက်ဖြင့်မမွှေရန်၊ ပိုးသတ်ဆေးဖျန်းချိန်တွင် ဘောင်းဘီရှည်၊ အကျႌလက်ရှည်၊ အနားပြန့်ကျယ်သည့် ဦးထုပ်၊ နှာခေါင်းပိတ်၊ လက်အိတ်၊ လည်ရှည်ဖိနပ်(ကာကွယ်ရေးဝတ်စုံ)တို့ ဝတ်ဆင်ရမည် ဖြစ်ကြောင်း၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကို ရောစပ်အသုံးမပြုရကြောင်း ဟောပြောခဲ့သည်။

ပိုးသတ်ဆေးအသုံးပြုချိန်တွင် သတိပြုရမည့် အချက်များဖြစ်သော ဆေးဖျန်းနေချိန်တွင် ရေ/ အစားအစာ/ ဆေးလိပ် မသောက်/မစားရန်၊ လေတင်ဘက်မှ ဖျန်းရန်၊ နေပူချိန်မြင့်မားသည့်အချိန်တွင် ဆေးမဖျန်းရန်၊ ပိုးသတ်ဆေးဖျန်းပုံး နော်ဇယ်ခေါင်းပိတ်လျှင် ပါးစပ်ဖြင့် မစုပ်ရန်၊ ချွန်သည့်တုတ်(သို့မဟုတ်) စတီးချောင်းများဖြင့် ထိုးရန်၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ၁၈ နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များအား ဆေးဖျန်းစဉ်မလာရန်/ ဆေးမဖျန်းခိုင်းသင့်ကြောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် (မုံရွာ)**

## ဒိုဟာနိုင်ငံတွင် သီတင်းသီလ ဆောက်တည်သောကာလ (Ramadan) အတွင်း စားသုံးသူကုန်စည်ပေါင်း ၅၀၉ မျိုးတို့၏ ဈေးနှုန်းများကို လျှော့ချပေးခဲ့

ဒိုဟာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သီတင်းသီလဆောက်တည်သောကာလ (Ramadan) အတွင်း အဓိကကျသော shopping complex များနှင့်ပူးပေါင်း၍ ထုတ်ပြန်သော ဈေးနှုန်းလျှော့ပေါ့ပေးသည့်စာရင်းအရ အစားအသောက်နှင့် အစားအသောက်မဟုတ်သော အရေးကြီးကုန်စည် ၅၀၀ သည် ပုံမှန်ဈေးထက် ပိုမိုချိုသာသွားမည်ဖြစ်သည်။ အဆိုပါ အရေးကြီးကုန်စည် ၅၀၀ တွင် နွားနို့၊ ကြက်သား၊ ဆန်၊ ဂျုံ၊ သကြားနှင့် စားသုံးဆီတို့ပါဝင်ပြီး ဈေးနှုန်းလျှော့ပေးထားသော ကုန်ပစ္စည်းစာရင်းအား ဝန်ကြီးဌာန၏ အဓိကကျသော shopping complex များ၊ website နှင့် networking sites များတွင် ကြေညာထားပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ စစ်ဆေးသောလှုပ်ရှားဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် ဝန်ကြီးဌာနက ဥပဒေနှင့် ဝန်ကြီးဌာနများ၏အမိန့်များကို ချိုးဖောက်သောအမှုကိစ္စများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး စားသုံးသူအခွင့်အလမ်းများကို အကာအကွယ်ပေးနိုင်ရန် သင့်လျော်သောအရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဟုလည်း ပြောကြားခဲ့ပါသည်။ ဝန်ကြီးဌာနက စားသုံးသူအားလုံးအား ဥပဒေချိုးဖောက်မှုများကို သတင်းပေးပို့သွားရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ဈေးနှုန်းစာရင်းတွင်ပါဝင်သော ကုန်စည်များ၏ဈေးနှုန်းများမှာ Ramadan ကာလအတွင်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ထိလျှော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအား Ramadan ကာလအတွင်း ဂျုံအိတ်တစ်အိတ်စီအပါအဝင် အစားအသောက်များအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဒိုဟာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**မျိုးမျိုးထိုက် (စားသုံးသူရေးရာဌာနခွဲ၊ နေပြည်တော်)**

## ပဲခူးအကျဉ်းထောင်အတွင်း၌ အကျဉ်းသားများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ခရိုင်ဦးစီးမှူး ဦးအောင်သိုက်နှင့် စားသုံးသူရေးရာဌာနခွဲမှ ဝန်ထမ်းများသည် မေ ၂၉ ရက်က ပဲခူးအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများအား စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ရာ ခရိုင်ဦးစီးမှူး ဦးအောင်သိုက်က စားသုံးသူရေးရာ ဦးစီးဌာန ပေါ်ပေါက်လာပုံ အကြောင်း၊ ဌာန၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ WCRD (နှစ်စဉ် မတ်လ ၁၅ ရက်နေ့) ပေါ်ပေါက်လာပုံနှင့် စားသုံးသူ အခွင့်အရေး ၈ ရပ်ကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (မြန်မာ)အကြောင်းကိုလည်းကောင်း၊ အကျဉ်းသားများအနေနှင့် ပြစ်ဒဏ်မှ လွတ်မြောက်လာသည့်အချိန်တွင် စားသုံးသူ(သို့) စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာနိုင်သကဲ့သို့ ယင်းသို့သော အချိန်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုရှိလာပါက စားသုံးသူရေးရာဦးစီးဌာနတွင် ဖွင့်လှစ်ထားသော CICC စင်တာများအား လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ၊ email ဖြင့် ဖြစ်စေ တိုင်ကြားနိုင်ပါကြောင်းနှင့် CICC စင်တာများကို တိုင်းဒေသကြီး/ ခရိုင်ဦးစီးမှူးရုံးများတွင် ဖွင့်လှစ်ထားရှိပါကြောင်းများကို အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား ၅၇၃ ဦးရှိသည့်အနက် ကိုယ်စားပြု ၈၅ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံး ဝန်ထမ်းများမှ ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ပုဇွန်ခြောက် အစပ်ကြော်များကို အကျဉ်းသား ၅၇၃ ဦးအား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**သရဖီထွန်း**

## မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ အကျဉ်းဦးစီးဌာန၊ သရက်အကျဉ်းထောင်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသည် သရက်ခရိုင် သရက်အကျဉ်းထောင်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မေလ ၂၅ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများမှ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အခမ်းအနားတွင် သရက်မြို့၊ အကျဉ်းဦးစီးဌာန သရက်အကျဉ်းထောင်မှ ဒုတိယတာဝန်ခံ ဦးလှိုင်မင်းသူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်စွာက စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဌာန၏ ရည်မှန်းချက် မျှော်မှန်းချက်များ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံ၊ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းထားသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူနိုင်ကြောင်း၊ စားသုံးသူများမှ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ စားသုံးသူအခွင့်အရေးချိုးဖောက်ခံရလျှင်ဖြစ်စေ၊ စားသုံးသူ အကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် CICC ရုံးများဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများ အကြောင်းကိုလည်းကောင်း၊ ဦးစီးမှူး ဦးဝေဠုအောင်က ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာကိစ္စရပ်များ၊ ကွင်းဆင်း စစ်ဆေးခဲ့မှု အခြေအနေများနှင့် သတိပြုဖွယ်ရာ စားသောက်ကုန်များအကြောင်းကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း၊ အဆိုပါ အခမ်းအနားသို့ လူဦးရေ ၈၆ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များပါသော လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# စစ်တွေမှ အငူမော်-မောင်တော ကွန်ကရစ်လမ်းမကြီးအတိုင်း ကညင်ချောင်းစီးပွားရေးဇုန်သို့

**မောင်လွင်ပြင်**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် အဓိကကျသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ အလူးအလဲခံစားခဲ့ရသော ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်နယ်အတွင်း လမ်းကွန်ရက်များ ချိတ်ဆက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ်နှင့်ရခိုင်တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ လုံခြုံချောမွေ့စေရေး ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး စီမံကိန်းများပြုလုပ်နိုင်ရန် UEHRD ဟုခေါ်သော ဦးဆောင်ကော်မတီကြီးတစ်ခုကိုလည်း ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်တွင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များထံမှလည်း ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလှူငွေများ ထည့်ဝင်ကူညီပံ့ပိုးပေးကြရန် မေတ္တာရပ်ခံခဲ့သည်။ ယခုအခါ ယင်းထောက်ပံ့ကူညီလှူဒါန်းမှုများဖြင့် ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်ခဲ့ရာ အသီးအပွင့်အချို့ကို စတင်မြင်တွေ့လာရပြီဖြစ်သည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီ ၂၀ တို့ ပူးပေါင်း အကုန်အကျခံဖောက်လုပ်ခဲ့သည့် ကျပ် ၂၂ ဘီလီယံကုန်ကျမည့် အငူမော်-မောင်တော ကွန်ကရစ်လမ်းမကြီးစီမံကိန်း တစ်စိတ်တစ်ဒေသဖြစ်သော အငူမော်-ကိုးတန်ကောက်လမ်းပိုင်း(အရှည် ၂၁ ကီလိုမီတာ) ကို မေ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းလမ်းပိုင်းဖြတ်သွားရာ ဒေသနေရာများသည် ယမန်နှစ်က ဘင်္ဂါလီအကြမ်းဖက်သမားများ တိုက်ခိုက်ခြင်းကို အလူးအလဲခံစားခဲ့ရသော ဒေသများဖြစ်သည်။ ယင်းအပြင် အကြမ်းဖက်သမားများ လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ ထောင်ထားခဲ့သော နေရာများလည်းဖြစ်သည်။ယခုတော့ ကွန်ကရစ်လမ်းမကြီးအဖြစ် ထင်ထင်ရှားရှားပေါ်လာပြီဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းရှိ စီးပွားရေး၊ လူမှုရေးကဏ္ဍများအတွက် အလွန်အရေးပါသော လမ်းတစ်ခုဖြစ်သည့် အငူမော်-မောင်တော လမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ စတင်ကာ ဖောက်လုပ်ခဲ့ပြီး ယခုကီလိုမီတာ ၃၀ နီးပါးအထိ ခရီးရောက်နေပြီဖြစ်သည်။ ယင်းလမ်းမကြီးသည် ကီလိုမီတာ ၈၀ ရှည်လျားမည်ဖြစ်သည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ယခုလိုပြောကြားသည်။

“ဘင်္ဂလားပင်လယ်နဲ့ မျက်နှာချင်းဆိုင်မှာ ဒီလမ်းကိုဖောက်တယ်။ တကယ်လုပ်ရင်တကယ်ဖြစ်တယ်။ အငူမော်ကနေမောင်တောအထိ ကွန်ကရစ်လမ်းဆက်လက်ဖောက်လုပ်ပေးမယ်ဆိုတာကို ပြောလိုပါတယ်။ ဒီဒေသဖွံ့ဖြိုးရေးအတွက် ထဲထဲဝင်ဝင်လုပ်ပေးခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်ပြီးပြည်နယ်အစိုးရ အပါအဝင် အားလုံးနဲ့ညှိနှိုင်းပြီး ဒေသစီးပွားရေးဖွံ့ဖြိုးအောင်လည်း ကြိုးစားသွားပါမယ်။ ဒီဒေသက မြေဆီသြဇာကောင်းတယ်။ ပင်လယ်ပြင်ကြီးရှိတယ်။ အထည်ချုပ်လုပ်ငန်းတွေလုပ်နိုင်တယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ရခိုင်နဲ့အနီးဆုံးမှာရှိနေတဲ့အတွက် ရခိုင်ပြည်နယ်ရဲ့ အနီးဆုံးဈေးကွက်လည်းဖြစ်တယ်”ဟုပြောကြားသည်။ ယင်းအငူမော်-မောင်တော လမ်းမကြီးသည် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအရသော်လည်းကောင်း အရေးပါသောလမ်းမကြီးဖြစ်သည်။ လမ်းမကြီး ဘေးဝဲယာတွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်မည်ဆိုပါကလည်း အလွန်အသုံးတည့်မည့် လမ်းမကြီးဖြစ်သည်ဟုဆိုသည်။ ထို့ပြင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသား ဦးအေးသာအောင်ကလည်း ယခုလမ်းမကြီးသည် စီးပွားရေးအရ အရေးပါသော လမ်းဖြစ်သည့်အပြင် မဟာဗျူဟာအရလည်း လွန်စွာအရေးပါသည့် လမ်းဖြစ်ကြောင်း၊ လမ်းတစ် လျှောက်အရှည်သည် ၄၉ မိုင် ရှည်လျားကြောင်းနှင့် ယင်းဒေသသို့ လျှပ်စစ်မီးနှင့် စက်ရုံများရောက်ရှိလာပါက အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်းများကိုလည်း ပြောကြားခဲ့သည်။

“အငူမော်ကနေ မောင်တောအထိ ကီလိုမီတာ ၈၀ လောက်ရှိတယ်။ အခု ၂၁ ကီလိုမီတာကျော်အထိ ပြီးစီးလို့ ဖွင့်လှစ်လိုက်ပါပြီ။ ဒီနှစ် မိုးမကျမီအထိ ကီလိုမီတာ ၃၀ လောက် ပြီးစီးအောင်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ကွန်ကရစ် လမ်းခင်းထားတာက အောက်ခံပေ ၂၀၊ ခြောက်လက်မထုခင်းတယ်။ အဲဒီအထက်မှာ ၁၈ ပေအကျယ်၊ ကိုးလက်မထုခင်းပါတယ်။ လမ်းအကျယ်က ၁၀ ပေပေါ့။ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ လှူဒါန်းတဲ့အနေနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အမြတ်အစွန်းရဖို့လုပ်တာ မဟုတ်ပါဘူး။ အလှူလုပ်တာပါ။ စီးပွားရေးအနေနဲ့ လုပ်တာမဟုတ်ပါဘူး။ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကလည်း ဒီလုပ်ငန်းကို လုပ်ပေးစေချင်တယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ပေးနိုင်တယ်ဆိုတဲ့ လုပ်ငန်းကို ပြသလိုက်တာဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံသားက ပြည်ပအကူအညီမလိုဘဲ လုပ်နိုင်တယ်ဆိုတာကိုလည်း ပြသတာဖြစ်ပါတယ်။ ကုန်ကျမှုကတော့ ကျပ် ၂၂ ဘီလီယံကျော်လောက် ကုန်မှာဖြစ်ပေမယ့် လက်ရှိအခြေအနေအရဆိုရင် ဒီထက်ပိုကုန်မယ်လို့ထင်ပါတယ်။ ဒီလမ်းမကြီးတစ်လျှောက်မှာ တံတားတွေ ထည့်ဆောက်ပေးရဦးမယ်။ တံတားပုံစံတွေတော့ မရသေးဘူး။ ဒီလမ်းမှာ ရေပြွန်တွေ၊ ရေနုတ်မြောင်းတွေလည်း လုပ်ပေးရဦးမယ်။ တံတားတွေလည်း ဆောက်ရဦးမယ်ဆိုတော့ အချိန်နည်းနည်းကြာလိမ့်ဦးမယ်လို့ ယူဆတယ်။ လာမယ့် ၂၀၂၀ပြည့်နှစ် ပွင့်လင်းရာသီလောက်ဆိုရင်တော့ အပြီးသတ် တည်ဆောက်ပြီးစီးနိုင်လိမ့်မယ်လို့ ထင်ပါတယ်” ဟု အေးရှားဝေါလ်မှ စီမံကိန်းဒါရိုက်တာ(မြို့ပြအင်ဂျင်နီယာ) ဦးနေလင်းက ပြောသည်။

ယင်းလမ်းမကြီးတစ်လျှောက်တွင် ၁၀ပေ ရေပြွန်များ ထည့်သွင်းဖောက်လုပ်သွားမည်ဖြစ်ပြီး ၁၀ပေမှ ပေ ၂၂၀အထိ ရှည်လျားမည့် တံတားများအပါအဝင် ရေပြွန်နှင့် တံတား ၈၅စင်းထည့်သွင်းတည်ဆောက်ရမည်ဟု အကြိုခန့်မှန်းထားသည်။ အငူမော်-မောင်တောလမ်းကြောင်းသည် စစ်တွေမြို့နှင့် ဆက်သွယ်ရန် အရေးပါသော လမ်းကြောင်းတစ်ခုဖြစ်သည်။ စစ်တွေမြို့နယ် ရေချမ်းပြင်မှ အငူမော်ကမ်းသို့ ဇက်ဖြင့်ကူးသွားပြီး အငူမော်-မောင်တော လမ်းကြောင်းအတိုင်း ဆက်လက်သွားလျှင် မောင်တောမြို့သို့ အလွယ်တကူ ရောက်ရှိမည်ဖြစ်သည်။ အငူမော်မှ မောင်တောအထိ ကွန်ကရစ်လမ်းပေါက်သွားပြီဆိုလျှင် အချိန်နှစ်နာရီကျော်ကျော်အတွင်း ရောက်ရှိမည်ဟုလည်း သိရသည်။

ယခုအခါ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး UEHRD အစီအစဉ်အရ မောင်တောမြို့နယ် ကညင်ချောင်းဒေသတွင် ကညင်ချောင်းစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နေပြီဖြစ်သည်။ အငူမော်- မောင်တောလမ်းကြောင်းအား ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်ခြင်းတွင် မောင်တော ကညင်ချောင်း စီးပွားရေးဇုန်အတွက် အထောက်အပံ့ဖြစ်စေရေး ရည်ရွယ်ချက်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကညင်ချောင်း စီးပွားရေးဇုန်ဖွံ့ဖြိုးလာရေးသည် စစ်တွေနှင့် မောင်တောတောက်လျှောက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည့်အပေါ်တွင်မူတည်နေသည်။ တစ်နည်းအားဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်သွယ်ရေးလမ်းပိုင်း ကောင်းမွန်ဖို့လိုနေသည်။ ကညင်ချောင်း စီးပွားရေးဇုန်အား ကညင်ချောင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းကုမ္ပဏီလီမိတက်သည် ရခိုင်ပြည်နယ်အစိုးရနှင့် နားလည်မှုစာချွန်လွှာကို မေ ၈ ရက်တွင် ရေးထိုးခဲ့သည်။ ယင်းကုမ္ပဏီလီမိတက်ကို ကုမ္ပဏီနှစ်ခုတို့ပူးပေါင်းတည်ထောင်ထားခြင်းဖြစ်ပြီး ကုမ္ပဏီနှစ်ခုမှာ မောင်တောနယ်စပ်အခြေစိုက် Family Aye Chan ကုမ္ပဏီနှင့် ရန်ကုန် အခြေစိုက် Golden Key ကုမ္ပဏီတို့ဖြစ်သည်။ ကညင်ချောင်းစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် အစပိုင်းက ပြည်နယ်အစိုးရအဖွဲ့နှင့် နတ်မြစ်အလင်းကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ရေးထိုးခဲ့ကြသည်။ သို့သော် Developer ကုမ္ပဏီအချို့ ငွေကြေးရင်းနှီးမြှုပ်နှံရန် အခက်အခဲအခြေ အနေကြောင့် လုပ်ငန်းအချို့ စတင်လုပ်ဆောင်ရန် နှောင့်နှေးကြန့်ကြာရမှုများ ဖြစ်ပေါ်ခဲ့ရသည်။ သို့ဖြစ်ရာ အခြားကုမ္ပဏီနှစ်ခုနှင့် အစားထိုးဆက်လက်ဆောင်ရွက်ခြင်းဖြစ်သည်။ ကညင်ချောင်း စီးပွားရေးဇုန်သည် မောင်တောမြို့မှ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ကညင်ချောင်း ချောင်းဘေးတွင် တည်ရှိသည်။ သင်္ဘောများ ၂၄ နာရီဝင်ထွက်နိုင်သည်။ တစ်ဖက်ကမ်း ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်းနှင့် လေးမိုင်ခန့်သာ ကွာဝေးသည်။ ယင်းစီးပွားရေးဇုန်တွင် ကုန်သွယ်ရေးအတွက် ဂိုဒေါင်များ၊ ကုန်ချကွင်းနှင့် တည်းခိုခန်း၊ စားသောက်ဆိုင်များ၊ အအေးခန်းကုန်လှောင်ရုံများ တည်ဆောက်မည်ဖြစ်သည်။ ထို့ပြင် ဇုန်ပတ်လမ်းလည်း ဖောက်လုပ် မည်။ ဇုန်မှ မောင်တောမြို့အထိဆက်သွယ်မည့် အရှည် ၁ ဒသမ ၄မိုင်ရှိမည့် သီးသန့်လမ်းကိုလည်း ဖောက်လုပ်မည်ဖြစ်သည်။ အမှန်တော့ ကညင်ချောင်း စီးပွားရေးဇုန်သည် ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်ကူးသန်းမည့် ကုန်သွယ်ရေးစခန်းတစ်ခု တည်ဆောက်ခြင်းသာဖြစ်ပါကြောင်း နားလည်မိပါသည်။

**(စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။)**

# နိုင်ငံတကာရော်ဘာဈေး တက်လာ

မေ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၇ သန်းတန်ဖိုးရှိ ရော်ဘာအမျိုးအစားအဆင့်စုံ ၂၅၁၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား တန် ၁၀၀၊ RSS-3 အမျိုးအစားတန် ၈၉၃ တန်ကျော်၊ MSR -20 အမျိုးအစား ၅၆၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၅၇၁ တန်နဲ့ RSS-5 အမျိုးအစား ၈၃ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Rubber Latex 60% တန်ချိန် ၃၀၀ တင်ပို့ခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်က ရော်ဘာ ၂၇၅၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄၇ တန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစားတစ်တန်လျှင်ကျပ် ၁၆ ဒသမ ၃၁၀ သိန်းရှိပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ရော်ဘာဈေး တစ်တန်ကို ၃၄၁၂ ကျပ်ဈေးတက်ကြောင်း မူဆယ်မှ သတင်းရရှိ ပါတယ်။

ပင်လယ်ရေကြောင်းမှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၆ သန်းတန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ ၁၉၄၇ တန်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်၊ ဗီယက်နမ်၊ စင်ကာပူနဲ့ ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၃၁၁ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၂၀၁ တန်ကျော်နဲ့ MSR - 10 အမျိုးအစား ၂၀၂ တန်ခန့်၊ တရုတ်နိုင်ငံသို့ Mixtures of Natural Rubber အမျိုးအစား ၁၆၅ တန်နဲ့ MSR - 10 အမျိုးအစား ၁၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေကြောင်းမှရော်ဘာ ၈၄၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၁၀၂ တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးတက်ပြီး MSR အမျိုးအစားမှာ အတက်အကျ အနည်းငယ်သာရှိပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကို RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR အမျိုးအစားကို ယခင်တစ်ပတ်ဈေးအတိုင်း ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။ RSS 1 တစ်တန်လျှင် ဒေါ်လာ ၁၄၀၀-၁၄၅၀ ၊ RSS 2 တစ်တန်လျှင် ဒေါ်လာ ၁၃၅၀-၁၄၅၀ ၊ RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၃၀၀-၁၄၀၀ ၊ RSS 4 တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀၊ RSS 5 တစ်တန်လျှင် ဒေါ်လာ ၁၂၀၀-၁၃၀၀ ၊ MSR 3Lတစ်တန်လျှင် ဒေါ်လာ၁၇၅၀-၁၈၅၀၊ MSR 10 တစ်တန်လျှင် ဒေါ်လာ ၁၄၀၀-၁၅၀၀ ၊ MSR 20 တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀ ၊ MSR 50 တစ်တန်လျှင် ဒေါ်လာ၁၁၅၀-၁၂၀၀၊ Crepe Rubber တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀ တို့ဖြစ်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် စစ်ကိုင်းတိုင်း ဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အသင်း(SRCCI) နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မုံရွာ ကုန်စည်ဒိုင်ခန်းမ၌ မေ ၃၁ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် အလုပ် အမှုဆောင်များ၊ SRCCI မှ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဝန်ကြီးချုပ်က နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ပုဂ္ဂလိက ကဏ္ဍတွင် အရေးပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှသာ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ကြောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့လိုကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်း ဒေသကြီးတွင် ချင်းတွင်းသကြ်န် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပွဲတွင် ဒေသထွက်ကုန်ပစ္စည်းများ၊ ဒေသမှ ထွက်ရှိသည့် ထူးခြားထွက်ကုန်များနှင့် ခရီးသွားများ စိတ်ဝင်စားသည့် နာဂ ဒေသ ထွက်ပစ္စည်းများကို ပြသခြင်းဖြင့် ခရီးသွားလုပ်ငန်းကိုမြှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အစိုးရအဖွဲ့အနေဖြင့် ကူညီပံ့ပိုးပေးသွားမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်၍ အခြေအနေကောင်းများ ရရှိရန် ကြိုးစားလုပ်ကိုင်ကြဖို့လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၅-၂၀၁၇ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို SRCCI အထွေထွေ အတွင်းရေးမှူးမှ ဖတ်ကြားခြင်း၊ ၂၀၁၅-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးလက်ကျန် ရှင်းတမ်းများဖတ်ကြားခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ၂၀၁၅-၂၀၁၇ ခုနှစ် အမှုဆောင်အဖွဲ့မှ နုတ်ထွက်ကြောင်းကြေညာခြင်းနှင့် ၂၀၁၈-၂၀၂၀ ခုနှစ် အမှုဆောင်သစ် အမည်စာရင်းကြေညာခြင်း၊ နာယကကြီးများ တင်မြှောက် အမည်စာရင်းကြေညာခြင်းနှင့် အကြံပေးအဖွဲ့ တင်မြှောက်မည့် အမည်စာရင်းကို ကြေညာခဲ့ကြောင်း သိရှိရပါသည်။

နှင်းပန်းဖြူ

## ကသာမြို့ ကပ္ပလိပ်ကျေးရွာရှိ ကသာပဲဇုန်ပဲတောင်သူများနှင့် တွေ့ဆုံမေးမြန်း

ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံတို့သည် မေ ၂၄ ရက်က ကသာပဲဇုန် ကပ္ပလိပ်ကျေးရွာရှိ ပဲစိုက်ခင်းများသို့ သွားရောက်၍ ကသာပဲဇုန်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအားတွေ့ဆုံမေးမြန်းရာ ကသာပဲဇုန်တွင် မြေပဲသီးသန့်စိုက်ဧက ၇၀၀ ကျော်ရှိကြောင်း၊ ယခုနှစ်မြေပဲအထွက်နှုန်းတစ်ဧက ၅၀ ထွက်ရှိပြီး ယခင်နှစ်အထွက်နှုန်း ၈၀ ထက်လျော့ကျကြောင်း၊ ကသာပဲဇုန်တွင် ဆင်းပဒေသာ ၁၁နှင့် S1 အထွက်တိုး မြေပဲမျိုးများစိုက်ပျိုးကြောင်း၊ ဆင်းပဒေသာ ပဲတောင့်တစ်တင်းခွဲလျှင် မြေပဲဆန် ငါးပြည်ရရှိပြီး S1 အထွက်တိုးမြေပဲမျိုးတစ်တင်းခွဲလျှင် လေးပြည်နှင့် တစ်ခွက်ရရှိ ကြောင်း၊ ယခင်နှစ်တွင် ဆင်းပဒေသာအထွက်တိုးမျိုးမှာ တစ်ဧကမြေပဲတင်း ၈၀ ထွက်ရှိပြီး ယခုနှစ်မှာ တင်း ၅၀ သာထွက်ရှိကြောင်း၊ ယခင်နှစ်တွင် S1 အထွက်တိုးမျိုးမှာ တင်း ၅၀ ထွက်ရှိပြီး ယခုနှစ်မှာ တစ်ဧက ၂၅ တင်းသာထွက်ရှိကြောင်း၊ ယခင်နှစ်ကထက် ယခုနှစ်ပဲအထွက်နည်းကြောင်း၊ နည်းရသည့်အကြောင်းအရင်းမှာလည်း ပဲရင့်ချိန်တွင် မိုးများသည့်အတွက် အညှာဆွေးမြေ့ပြီး မြေကြီးတွင်ပြတ်ကျန်ခြင်း အဆန်ချောင်သည့်အတွက် အထွက်နှုန်း လျော့ကျရခြင်းဖြစ်ကြောင်း၊ ကသာ ပေါက်စျေး မြေပဲဆန် တစ်ပိဿာကို ကျပ် ၂၀၀၀၊ မန္တလေးပေါက်စျေးကျပ် ၂၃၀၀ ရှိကြောင်း သိရပါတယ်။

ကသာမြို့နယ် ကပ္ပလိပ်နှင့် မိဿလင်းကျေးရွာမှ ဒေသထွက် တရုတ်ဆီးသီး (ခ)လိုင်ချီးသီးအခြေအနေကိုမေးမြန်းရာ တရုတ်ဆီးသီးပင်တစ်ဧကကို အပင် ၂၀၀ ဝန်းကျင်ရှိကြောင်း၊ မိုးများလျှင် တရုတ်ဆီးသီးများကြွေကျသည့်အတွက် အသီးများအမြန်ခူးရကြောင်း၊ အပင်အကြီးအသေးပေါ် မူတည်ပြီး အထွက်နှုန်းရှိသော်လည်း ပျမ်းမျှတစ်ဧကကို ခြင်း ၃၀ ရရှိပြီး တစ်ခြင်းကိုအတွဲ ၁၀၀ ပါကြောင်း၊ မန္တလေး အရောက်တစ်ခြင်းကိုကျပ် ၃၀၀၀၀ နှင့်ကားခကျပ် ၅၀၀၀ ရှိကြောင်း၊ တစ်နှစ်ဝင်ငွေမှာကျပ် ၉၀၀၀၀၀ ရှိကြောင်း၊ တစ်နှစ်ရာသီပေါ်ချိန်မှာ မိသားစုအပိုဝင်ငွေ ရရှိလို့ အဆင်ပြေလျက်ရှိကြောင်းနှင့် အထွက်တိုးပဲမျိုးနှင့် စိုက်နည်းစနစ်မှန်ကန်သော်လည်း ရာသီဥတုဖောက်ပြန်ပါက စိုက်ပျိုးသူအားလုံး အခက်အခဲဖြစ်ရကြောင်း ပဲဇုန်အတွင်းရေးမှူးက ပြောကြားခဲ့သည်။

လှလှခိုင်(ကသာ)

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့၏ (၁၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက်က ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်မှ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏(၁/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဟသ်ာတခရိုင်အနေဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အားလုံး ဝိုင်းဝန်း ဆောင်ရွက်ကြရန်ပြောကြားခဲ့ပြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဟန်မှ ဌာနဆိုင်ရာ ညွှန်ကြားချက်များ တင်ပြခြင်း၊ ယခု အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရမည့် အချက်များအား ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား တင်ပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစည်းအဝေးတက်ရောက်ကြသူများမှ နေရာစဉ် အလိုက် ဆွေးနွေးခဲ့ကြောင်း၊ အစည်းအဝေးကို ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၃၃ ဦး တက် ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

မောင်မောင်မြတ်ခိုင်

## ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းရုံးဖွင့်လှစ်

ကချင်ပြည်နယ်အတွင်းရှိစိုက်ပျိုးရေးလုပ်ငန်းရှင်များ စုစည်း၍ ကချင်ပြည်နယ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး၊ လုပ်ငန်း များ ပိုမိုတိုးတက်ကောင်းမွန်အောင်မြင်လာစေရန် ရည်ရွယ်လျက် ဖွဲ့စည်းတည်ထောင်ထားသော သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအသင်း(ကချင်ပြည်နယ်)ရုံး ဖွင့်ပွဲနှင့်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၂၉ ရက်က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု၊ လဝမ်ကျေးရွာ၌ ပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဝိုင်းမော်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းသား/အသင်းသူများ တက်ရောက်ခဲ့ကြပြီး အသင်းရုံး ဆိုင်းဘုတ်အား ဝိုင်းမော်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးလရစ်တို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပါသည်။ အသင်းအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ် ဖွံ့ဖြိုးတိုးတက်ရန် ပြည်နယ်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကုန်စည်စီးဆင်းရောင်းဝယ်ဖောက်ကားခြင်းကို ဥပဒေနှင့်အညီ အချိန်မကြန့်ကြာစေဘဲ လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ပြည်နယ်အတွက် အခွန်ငွေပို၍ရရှိနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေးနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်နိုင်စေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် အသင်းတည်ထောင်ခဲ့ကြောင်း သတင်းရရှိပါသည်။

မျိုးပပ (စားသုံးသူ၊ ကချင်)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၄-၆-၂၀၁၈ မှ ၁၀-၆-၂၀၁၈ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အပြောအဆိုစကားများနှင့် ပတ်သက်၍အောင်မြင်မှုများရှိတတ်သည်။ နိုင်ငံရပ်ခြား ဆက်သွယ်သောလုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်း၊ စာရင်းအင်းပညာ လုပ်ငန်းများဖြင့် အကျိုးပေးမည်။ ပညာရေးကံကောင်းမည်။ အချစ်ရေးတွင် မိမိအပေါ် လွှမ်းမိုးအနိုင်ယူသောသူနှင့်ကြုံမည်။ အိမ်ထောင်ရေးတွင် အဆင်ပြေအောင် ညှိနှိုင်းနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့် ပတ်သက်သော အဆိပ်အတောက်ဖြစ်သည့်ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။ကံ့ကော်ညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် ရေလုပ်ငန်းနှင့် ပတ်သက်သောထွက်ကုန်ပစ္စည်းများ၊ ရေမှထွက်သောပစ္စည်း၊ ပုလဲရတနာပစ္စည်းသည်လည်း ဝင်ငွေအားကောင်းတတ်ပါသည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်နေမည်။ အချစ်ရေးတွင် မိမိကိုအလိုလိုက်အကြိုက်ဆောင်မည့်ချစ်သူကိုရရှိမည်။ အိမ်ထောင်ရေးတွင် စားဝတ်နေရေးအဆင်ပြေစေရန်ကြိုးစားနေရမည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်အစာမကြေခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။ဇွန်ပန်းညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင်လက်အောက် ငယ်သားများကြောင့်အကျိုးဖြစ်ထွန်းမှုအားနည်းနေတတ်သည်။ စက်မှုလုပ်ငန်း၊ စက်ရုံလုပ်ငန်း၊ ကားပစ္စည်းနှင့်ပတ်သက်သော လုပ်ငန်းများအောင်မြင်မှုရလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင်ဝေခွဲမရဘဲရှိတတ်သည်။ အိမ်ထောင်ရေးတွင် ရည်ရွယ်သူနှင့်လွဲတတ်သည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်မှုကြောင့်ဖြစ်သော ဝေဒနာမှကြာရှည်ခံစားရတတ်သည်။ **ယတြာ။ ။ဇလပ်ညွန့်လှူပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဥစ္စာပစ္စည်းပိုင်ဆိုင်မှုအားကောင်းပြီးအကြီးအကဲတို့၏မစကူညီမှုကိုရမည်။ အလှပြင်ဆိုင်၊ အလှကုန်ပစ္စည်းနှင့်ပတ်သက်သောရောင်းဝယ်လုပ်ငန်းများ အကျိုးပေးမည်။ ပညာရေးကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးတွင်စိတ်သဘောထားတူညီမှုညှိနှိုင်းဆက်ဆံရသောကိစ္စများရှိတတ်သည်။ အိမ်ထောင်ရေးတွင်စီးပွားရေးနှင့်ပတ်သက်ပြီး အခြေအတင်များရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းနှင့်ပတ်သက်သော အကြော၊ အရေပြားတို့တွင် ရောဂါဖြစ်တတ်သည်။ သို့သော်ဆေးကုသပျောက်ကင်းလွယ်တတ်ပါသည်။

**ယတြာ။ ။သပြေညွန့်လှူပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** အသိုင်းအဝိုင်းအကူအညီကိုရရှိပြီး စီးပွားရေးပညာရှင်များနှင့်တွေ့ဆုံ၍ လုပ်ကိုင်သောလုပ်ငန်းတို့တွင် အခက်အခဲအနည်းငယ်ရှိသည်မှအပ အောင်မြင်မှုများကို ရရှိနေမည်ဖြစ်သည်။ ပညာရေးတွင်ထူးချွန်မှုအားကောင်းသည်။ အချစ်ရေးတွင်အတူ တွဲဖက်လုပ်ကိုင်သောလုပ်ငန်းခွင်အတွင်းမှ တွေ့ဆုံရသူကို ချစ်မိနေတတ်သည်။ အိမ်ထောင်ရေးကံကောင်းသည်။ ကျန်းမာရေးအနေဖြင့် အူကျခြင်း၊ အူထုံးသောရောဂါ၊ အစာအိမ်ရောဂါရရှိတတ်သည်။

**ယတြာ။ ။သီဟိုဠ်ညွန့်ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** ဘော်၊ ငွေလုပ်ငန်း၊ ချည်ထည်၊ ပိုးထည်လုပ်ငန်း၊ မင်းတိုင်ပင် အမှုထမ်းလုပ်ငန်းများ အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးကံတွင် အမှီပြု၍သင်သော ပညာများအောင်မြင်မည်။ အချစ်ရေးတွင် မိမိလုပ်ငန်းခွင်မှ လက်အောက်ငယ်သားနှင့်ချစ်ကျွမ်းဝင်တတ်သည်။ အိမ်ထောင်ရေးတွင် မိဘများ လူကြီးများသဘော မတူသူနှင့်အိမ်ထောင်ပြုရတတ်သည်။ ကျန်းမာရေးတွင် ဆီးစပ်၊ အင်္ဂါစပ်တွင်ဖြစ်သောရောဂါ၊ ထုံကျင်သောရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။ဒါန်းညွန့်ဆောင်ပါ။**



**စနေသားသမီးများအတွက်** ပဲ၊ ပြောင်း၊ နှမ်း၊ စပါးတို့နှင့် ပတ်သက်၍စီးပွားရေးတွင် ကံကောင်းလိမ့်မည်။ ပန်းပုစသော လုပ်ငန်းတို့ အကျိုးပြုလိမ့်မည်။ ပညာရေးတွင် တစ်ပိုင်းတစ်စ ဖြစ်နေတတ်သည်။ အချစ်ရေးတွင် တစ်ဖက်သတ်ဖြစ်လိမ့်မည်။ အိမ်ထောင်ရေးတွင်ခရီးအတူသွားရတတ်သည်။ ပြည်ပနိုင်ငံတွင်နေထိုင်လုပ်ကိုင်သောလူမျိုးကို ရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် နှလုံးရောဂါ၊ ခါးကိုက်သောရောဂါ၊ ကြောက်လန့်သော ရောဂါများဖြစ်တတ်ပါသည်။

**ယတြာ။ ။အုန်းညွန့်ဆောင်ပါ။**

## ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီမှ ၂၀၁၈-၁၉ မိုးစပါးရာသီ ဒေသခံတောင်သူများကို မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေကြည်ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီသည် ၂၀၁၈-၁၉ မိုးစပါးရာသီတွင်ဒေသအတွင်းရှိတောင်သူများအား စိုက်ပျိုးချိန်တွင်လိုအပ်သောသွင်းအားစု၊ စိုက်ပျိုးစရိတ်များအတွက် တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် မိုးစပါးချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ယခုရာသီအတွက် ပံ့ပိုးချေးငွေများကို မေ ၃၁ ရက်က ရေကြည်မြို့၊ ရေကြည်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီရုံးတွင် စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မက်(စ်)မြန်မာကုမ္ပဏီများအုပ်စု အထွေထွေမန်နေဂျာ ဒေါ်စန်းသော်တာလတ်၊ ဒါရိုက်တာဦးစိုးဝင်း၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအေးသိမ်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ ၁၅၀ ဦးခန့် တက်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ယခုလိုပံ့ပိုးချေးငွေထုတ်ပေးသော ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီကိုကျေးဇူးတင်ရှိကြောင်း ဒေသခံတောင်သူများမှလည်း ပံ့ပိုးချေးငွေများကို သွင်းအားစု၊ စိုက်ပျိုးစရိတ်လိုအပ်သောနေရာများတွင် အသုံးပြုရန်ဈေးကွက်ဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်လျက် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာမှသာ မိမိတို့ဒေသပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားပြီး ယခင်နှစ် အစောဆုံးချေးငွေပြန်လည်ပေးအပ်သော မန်ကျည်းလှကျေးရွာအုပ်စု ၂၀ စု၊ တောင်သူ ၁၀ ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

ထို့နောက် ကုမ္ပဏီဒါရိုက်တာဦးစိုးဝင်းက မိုးစပါးချေးငွေထုတ်ချေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယခုနှစ်မိုးစပါးရာသီမှာ ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၃ စု၊ စိုက်ဧက ၃၂၀၀၀ ဧက၊ တောင်သူဦးရေ ၃၂၀၀ ဦးအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ဇွန်လကုန်အထိ ကျပ်သိန်းပေါင်း ၄၅၀၀၀ ခန့်ထုတ်ချေးရန် လျာထားပြီး ပံ့ပိုးချေးငွေများ စတင်ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး၊ အေးသိမ်း(ပုသိမ်)**

## သထုံခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ စားသုံးသူအသိပညာပေး ဟောပြောပွဲများကျင်းပ

မွန်ပြည်နယ် သထုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးထွန်းအောင်ဖြူနှင့်ဝန်ထမ်းများသည် သထုံခရိုင်အတွင်းရှိရပ်ကွက်/ကျေးရွာများ၌ စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပရာ မေ ၁၅ ရက်တွင်သထုံ မြို့နယ်၊ ထောင်မှူးကျေးရွာ၊သုဓမ္မဝတီမြို့သစ်ရှိ ရပ်ကွက်ဓမ္မာရုံတွင်လည်းကောင်း၊ မေ ၂၄ ရက်တွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဈေးမသွယ်(အောက်)ကျေးရွာအုပ်စု၊ အင်းဝိုင်းကျေးရွာ၊ ဓမ္မသိဂီ ဘုန်းကြီးကျောင်းဓမ္မာ ရုံတွင်လည်းကောင်း ပြည်သူလူထု အသိပညာပေး ဟောပြော ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် ခရိုင်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး နောက် ဒုတိယဦးစီးမှူး ဦးအောင်ကျော်မင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပေါင်မြို့နယ်တာဝန်ခံ ဦးအောင်မျိုးဦးမှ ဘေးဥပဒ်အန္တရာယ်ရှိသော အစားအသောက်နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သူဇာအောင်မှ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် သံခါတ်အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

ဟောပြောဆွေးနွေးပွဲများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနှင့် ရပ်ကွက်သူ/သား၊ ကျေးရွာသူ/ကျေးရွာသား စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များဝေငှခြင်း၊ ပညာပေးဗီနိုင်းပိုစတာများနှင့် ဆုရခါတ်ပုံများအား ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**အောင်ကျော် (သထုံ)**

စာမျက်နှာ (၁၅) မြန်မာ့လယ်ယာထွက်ကုန်…… မှအဆက်

ဂျပန်ဈေးကွက်သို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အစိမ်းလိုက်တင်ပို့ရန် မလွယ်ကူဘဲ အေးခဲ(သို့မဟုတ်) အခြောက်ခံပြီးတင်ပို့ခြင်းက ပိုမိုသင့်လျော်သည်ဟု အကြံပေးကြပါသည်။

**နှမ်း**

နှမ်းသည် ဂျပန်ဈေးကွက်တွင် ဝယ်လိုအား မြင့်မားသောပစ္စည်းဖြစ်ပါသည်။ မြန်မာနိုင်ငံမှ နှမ်းနက်ကို ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသော်လည်း ဓါတုဆေးကြွင်း ပြဿနာမျိုးလည်း ရင်ဆိုင်ခဲ့ရဖူးသဖြင့် ဂျပန်ဈေးကွက်သို့ နှမ်းတင်ပို့လျှင် ဓာတုဆေးကြွင်း ကင်းစင်ရေးနှင့် အရည်အသွေး ကောင်းမွန်ရေး၊ ဂျပန်မှသတ်မှတ်သည့် အရည်အသွေး သတ်မှတ်ချက်များ ပြည့်မီရေးသည် အဓိကကျသည်ကို သတိပြုရမည် ဖြစ်ပါသည်။ ယခင်က တရုတ်နိုင်ငံသည် နှမ်းကို ပြည်ပတင်ပို့သော နိုင်ငံဖြစ်ခဲ့သော်လည်း၊ ၂၀၁၅ ခုနှစ်မှစပြီး တရုတ်နိုင်ငံသည် နှမ်းများစွာ တင်သွင်းသော နိုင်ငံဖြစ်လာပါသည်။ ဂျပန်နိုင်ငံ၏ နှမ်းဝယ်လိုအားမှာ များပြားသဖြင့် ဂျပန်ဈေးကွက်သို့ဦးတည်ပြီး စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် ဝင်ငွေပိုမိုရရှိနိုင်သော ကဏ္ဍတစ်ခု ပိုမိုဖြစ်ထွန်းလာနိုင်ပါသည်။

**လက်ဖက်**

ဂျပန်နိုင်ငံသည် လက်ဖက်ခြောက်နှင့် လက်ဖက်ရည်သောက်သည့် ဓလေ့ထွန်းကားသည့်အလျောက် လက်ဖက်ဈေးကွက်တစ်ခုလည်းဖြစ်ပါသည်။ ဂျပန်တွင် လက်ဖက်ခြောက်ပြုလုပ်သည့် နည်းစနစ်သည် သီးခြားဖြစ်ပြီးတရုတ်နည်းစနစ် နှင့် တူညီခြင်းမရှိကြောင်း သိရပါသည်။ ဂျပန်နည်းပညာဖြင့် လက်ဖက်ခြောက် ထုတ်လုပ်ပြီး ဂျပန်နိုင်ငံသို့ တင်ပို့နိုင်မည်ဆိုပါက ဂျပန်လက်ဖက်ဈေးကွက်သို့ ထိုးဖောက်ရန် အလားအလာကောင်းများရှိကြောင်း သိရပါသည်။ မြန်မာ့လက်ဖက်အသင်းဖွဲ့စည်းပြီး လက်ဖက်ထုတ်လုပ်မှု တိုးတက်ရေးနှင့် လက်ဖက်ဈေးကွက် ကျယ်ပြန့်ရေးကို ဆောင်ရွက်လျက်ရှိသည်ကိုလည်း အားရဖွယ် တွေ့မြင် နိုင်ပါသည်။

ယခုတင်ပြခဲ့သော Japonica အမျိုးအစား လုံးလတ်ဆန်၊ Arabica Tipica အမျိုးအစား ကော်ဖီစေ့၊ ဟင်းသီးဟင်းရွက်နှင့် ပြုပြင်ထားသော ဟင်းသီးဟင်းရွက်များ၊ နှမ်း၊ လက်ဖက်နှင့် အရက်ဘီယာများသည် ဂျပန်စားသောက်ကုန်ဈေးကွက်အတွက် အလားအလာရှိသော တင်ပို့ရန် ကုန်စည်များအဖြစ် မြန်မာနိုင်ငံတွင် လုပ်ကိုင်နိုင်ကြောင်း ဂျပန်စီးပွားရေးပညာရှင်၏ အစီရင်ခံစာပေါ်တွင် အခြေခံပြီး ကောက်နုတ်ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဂျပန်ဈေးကွက်အတွက် အလားအလာရှိသော ကုန်စည်များမှာ လယ်ယာထွက်ကုန်အပြင် အခြားကဏ္ဍများမှလည်း ရှိနေသော်လည်း မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို အခြေခံသော စားသောက်ကုန်များ ထုတ်လုပ်ခြင်းဖြင့် ဂျပန်ဈေးကွက်ကို ထိုးဖောက်နိုင်စေရန် ရည်ရွယ်ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

# သောတပြည့်စုံစီမံချက်ဖြင့် မွေးရာပါနားမကြားသော ကလေး ၈၂ ယောက်အထိ ခွဲစိတ်ကုသမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့

သောတပြည့်စုံ စီမံချက်ဖြင့် မွေးရာပါ နားမကြားသော ကလေးငယ် ၈၂ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံချက်ကို ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး အတွင်းနားအာရုံကြောနှီးဆွစက်ကို ခွဲစိတ်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"မွေးရာပါ နားမကြားတဲ့ကလေးငယ်တွေက အများကြီးရှိတယ်။ အကုန်လုံးကို တစ်ပြိုင်တည်းလုပ်လို့ မရနိုင်တော့ နည်းနည်းစီခွဲပြီး လုပ်ရတယ်။ ကလေးတွေ နားကြားသွားရုံနဲ့လည်း မပြီးသေးဘူး။ စကားပြောတတ်အောင် ပါ သင်ရတဲ့အတွက် ၃၊ ၄ နှစ်ကြာတယ်။ ဒီကလေးတွေအတွက် လှူတဲ့အလှူရှင်တွေရှိသလို လှူဖို့လည်း လိုအပ်နေပါသေးတယ်။ လှူတဲ့နေရာမှာလည်း နားကြားစေတဲ့ စက်ကိရိယာတစ်ခုလုံး လှူမှ မဟုတ်ပါဘူး။ အလှူရှင်တွေ နိုင်သလောက် အလှူငွေထည့်ဝင်လို့ရပါတယ်"ဟု ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းမှ သောတပြည့်စုံစီမံချက် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးစိုးတင်က ပြောသည်။

လက်ရှိတွင် မွေးရာပါနားမကြားသည့် ကလေးငယ်တစ်ဦးအားခွဲစိတ်ကုသရာတွင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာနှစ်သောင်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ခွဲစိတ်ကုသမည့်ကလေးငယ်များ၏ ကုသစရိတ်များကိုလည်း အလှူရှင်များ၏လှူဒါန်းငွေများဖြင့် ဝိတိုရိယဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

သောတပြည့်စုံစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကလေးငယ်ပေါင်း ၈၂ ဦး အထိ ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း၊ ခွဲစိတ်ရန် စောင့်ဆိုင်းနေသည့် ကလေးငယ်များအတွက်ကိုလည်း ဝိတိုရိယဆေးရုံကြီးတွင် လှူဒါန်းနိုင်ကြောင်း သိရသည်။

# ကလေးငယ်များ၏ IQ- EQ ဆိုင်ရာ ပင်ကိုယ်စွမ်းရည်များကို အဓိကထားသင်ကြားပေးမည့် People Impact သင်တန်းကျောင်း ပြည်တွင်း၌ စတင်ဖွင့်လှစ်

ကလေးငယ်များ၏ IQ-EQ ဆိုင်ရာ ပင်ကိုယ်စွမ်းရည်များအား ပြည့်ဝစွာ အသုံးချနိုင်စေရန် အဓိကထားသင်ကြားပေးမည့် People Impact သင်တန်းကျောင်းကို ရန်ကုန်မြို့ရှိ မြန်မာပလာဇာ ဒုတိယထပ်တွင် စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါကျောင်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များအား အနာဂတ်တွင်အရေးပါသည့် တာဝန်ယူ သိတတ်မှုစွမ်းရည်၊ အကြောင်းအရာများအား အလွယ်တကူသိမြင်နားလည်နိုင်သော စွမ်းရည်၊ လူမှုပေါင်းသင်းဆက်ဆံရေးစွမ်းရည် စသည်တို့ကို ငယ်စဉ်ကတည်းက နားလည်သိရှိပြီး ကောင်းမွန်စွာ အသုံးချနိုင်စေရန်၊ အများနှင့် ဆက်ဆံရာတွင် အဆင်ပြေအောင် ဆက်ဆံတတ်စေရန်၊ ကိုယ်ချင်းစာစိတ်ရှိပြီး မေတ္တာထားတတ်စေရန်တို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။




"မြန်မာနိုင်ငံမှာ EQ ပိုင်းဆိုင်ရာကို အဓိကထားပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်တဲ့ကျောင်း မရှိသေးပါဘူး။ အခုခေတ်ကလေးငယ်တွေက လွန်ကဲစွာ ကာကွယ်မှုပြုတဲ့ဝန်းကျင်မှာ ကြီးပြင်းလာတာကြောင့် ကိုယ့်အားကိုယ်ကိုးလိုတဲ့စိတ်တွေ၊ စိတ်ခံစားချက်ကို ထိန်းချုပ်နိုင်တဲ့စွမ်းရည်တွေ၊ သူများနဲ့ လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံမှု စတဲ့ အပိုင်းတွေမှာ အားနည်းနေတတ်တယ်။ လူတော်လေးတွေထက် လူကောင်းလေးတွေဖြစ်လာစေဖို့က အရေးကြီးပါတယ်။ အဲဒါကြောင့် အနာဂတ်ရဲ့ ရင်သွေးရတနာတွေကို ပြုစုပျိုးထောင်ပေးဖို့က People Impact Myanmar ရဲ့ အခြေခံအကျဆုံးရည်မှန်းချက်မို့လို့ မြန်မာနိုင်ငံမှာ လာဖွင့်တာပါ"ဟု People Impact Myanmar ၏ Parent Company ဖြစ်သော Royal Sublime Co.,Ltd မှ ဒါရိုက်တာ ဦးဝင်းကိုလတ်က ပြောသည်။

People Impact သင်တန်းကျောင်းတွင် အသက် ၆ လမှ ၁၂ အတွင်းရှိ ကလေးငယ်တစ်ဦးချင်းစီ၏ ပင်ကိုယ်စွမ်းရည်များကို ပြည့်ဝစွာအသုံးချနိုင်စေရန် အဓိကထားသင်ကြားပေး မည်ဖြစ်ပြီး အဓိကအရေးပါသည့် EQ မြင့်မားလာစေရန်အတွက်ကိုလည်း စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်ကြားနည်းစနစ်တွင်လည်း ကလေးငယ်များ ပျော်ရွှင်စေရန်ကစားနည်း အခြေပြုသင်ကြားသွားမည်ဖြစ်သလို တစ်ဦးချင်းစီ၏ မတူညီသောကိုယ်ပိုင် စွမ်းရည်များကို သိရှိနားလည်စေရန် အသင့်တော်ဆုံးနည်းလမ်းများဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

■

# တတိယအကြိမ်မြောက် Top Thai Brands 2018 ပြပွဲကျင်းပမည်

တတိယအကြိမ်မြောက် Top Thai Brands 2018 ပြပွဲကို ဇွန်လ ၇ ရက်မှ ၁၀ ရက်အထိ တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲ ကျင်းပရခြင်းမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အရေးပါမှုကို စီးပွားရေးလုပ်ငန်းရှင်များအကြား သိမြင်လာစေရန်နှင့် ထိုင်းထုတ်ကုန်များ အရည်အသွေးမြင့်မားရေးအတွက် အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဖွံ့ဖြိုးဆဲလုပ်ငန်းများနှင့် ထိုင်းနှင့်မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအကြားတွင် စီးပွားရေးကွန်ရက်တည်ဆောက်ရန် ရည်ရွယ်ကြောင်း သိရသည်။

"ပြပွဲလေးရက်အတွင်းမှာ ထိုင်းနိုင်ငံရဲ့ အရည်အသွေးမြင့် ထုတ်ကုန်တွေကို ပြသရောင်းချမှာဖြစ်ပါတယ်။ ပြပွဲကျင်းပနေစဉ်မှာလည်း စီးပွားရေးဆိုင်ရာဆွေးနွေးမှုတွေ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် သိကောင်းစရာနှီးနှောဖလှယ်ပွဲတွေကို ထည့်သွင်းသွားမှာပါ"ဟု Top Thai Brand တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၁၇ ခန်းမှ ကုန်ပစ္စည်း ၉၈ မျိုးဖြင့် ပါဝင်ပြသမည်ဖြစ်ပြီး ထိုင်းအချက်အပြုတ်ပြပွဲများ၊ ထိုင်းနိုင်ငံအသိအမှတ်ပြု လက်မှတ်ပေးအပ်ခြင်းအခမ်းအနား၊ သစ်သီးအလှပုံဖော်ခြင်း၊ မိတ်ကပ်လိမ်းခြယ်ပြသခြင်း သင်တန်း၊ ထိုင်းရိုးရာအနှိပ်နှင့် မြန်မာနှင့် ဆက်စပ်သော ထိုင်းရုပ်ရှင်များကိုပါပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပြပွဲအပြင်ဘက်တွင်လည်း ထိုင်းနိုင်ငံညဈေးကဲ့သို့ အရသာရှိသည့် အစားအသောက်များလည်း ရောင်းချပေးမည်ဖြစ်ကြောင်း၊ ပြပွဲအချိန်ကိုလည်း မနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိသတ်မှတ်ထားကြောင်း သိရသည်။

# CANAL+ ရုပ်သံလိုင်းသစ်အတွက် လစဉ်ကြေးကို M- ပိုက်ဆံအသုံးပြု၍ စတင်ပေးဆောင်နိုင်

အူရီဒူးနှင့် CANAL+ ရုပ်သံတို့ ပူးပေါင်း၍ M- ပိုက်ဆံအသုံးပြုသူများနှင့် CANAL+ ရုပ်သံပရိသတ်များ အဆင်ပြေချောမွေ့စွာဖြင့် ရုပ်သံကြည့်ရှုခြင်းအတွက် ဝန်ဆောင်ခကို ပေးအပ်နိုင်စေရန် E-commerce ငွေပေးချေမှုစနစ်ကို စတင်ဝန်ဆောင်မှုပေးအပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

M- ပိုက်ဆံအသုံးပြုသူများအနေဖြင့် CANAL+ ရုပ်သံလိုင်းကို သက်တမ်းတိုးရန် (၁)လ၊ (၃)လ နှင့် (၆)လအထိ မိမိတို့ရယူထားသော အစီအစဉ်ပေါ်မူတည်ပြီး လစဉ်ကြေးကို ပေးဆောင်သက်တမ်းတိုးနိုင်ပြီဖြစ် သည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦး က 'မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍဖွံ့ ဖြိုးတိုးတက်စေရန် အူရီဒူး M- ပိုက်ဆံအဖွဲ့အနေနဲ့ ပံ့ပိုးကူညီလိုပါတယ်။ အခုဆိုရင် M- ပိုက်ဆံဝန်ဆောင်မှုကို အသုံးပြုသူများအားလုံးဟာ ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်ကို M- ပိုက်ဆံဝန်ဆောင်မှုကိုအသုံးပြုပြီး လက်တစ်ချက်နှိပ်ရုံဖြင့် လုံခြုံစိတ်ချ၊ လျှင်မြန်အကျိုးရှိစွာနဲ့ အသုံးပြုနိုင်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ M- ပိုက်ဆံအဖွဲ့သားများအနေနဲ့ မိုဘိုင်းငွေကြေးကဏ္ဍမှာ ဦးဆောင်ဖို့အတွက် ဆန်းသစ်တဲ့ ဝန်ဆောင်မှုများကို ဆက်လက်ပေးအပ်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍ ပြောင်းလဲတိုးတက်ဖို့ အတွက် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

M- ပိုက်ဆံဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် ပြည်တွင်းမိုးဘိုင်းဖုန်းများအားလုံးသို့ ဖုန်းငွေဖြည့်ပေးနိုင်ခြင်း၊ E-commerce ငွေပေးချေခြင်းစနစ်ဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Nok Air, Flymya.com, SG Shop Myanmar, Myan Pwel, 123 Payment Service နှင့် CANAL+ ရုပ်သံအတွက် ဝန်ဆောင်ခများကို အပိုဝန်ဆောင်ခ ပေးဆောင်စရာမလိုဘဲ အချိန်မရွေး နေရာမရွေး ပေးချေဝယ်ယူနိုင်ခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရသည်။

လုံခြုံစိတ်ချလွယ်ကူစွာဖြင့် ငွေပေးပို့ခြင်း၊ လက်ခံခြင်း၊ ငွေပေးချေခြင်းတို့ကို ပြုလုပ်နိုင်သည့် M- ပိုက်ဆံ ဝန်ဆောင်မှုကို ရယူလိုပါက *999# သို့ဖုန်းခေါ်၍ စာရင်းသွင်းရယူနိုင်ကြောင်း သိရသည်။

# Jaguar ၏ SUV ကားအမျိုးအစားသစ်ဖြစ်သော The New E-Pace ကို ပြည်တွင်း၌ စတင်မိတ်ဆက်

Jaguar ၏ နောက်ဆုံးပေါ်နည်းပညာများဖြင့် ထုတ်လုပ်လိုက်သည့် Compact SUV ကားအမျိုးအစားသစ်ဖြစ်သည့် The New E-Pace မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်လိုက်ပြီဖြစ် သည်။

"E-Pace ပုံစံက F- Type ကဲ့သို့ Sport ဆန်တဲ့ပုံစံနှင့်တူညီပြီး F-Type ထက်ပိုသာတဲ့ နောက်ဆုံးပေါ်နည်းပညာနှင့် အရည်အချင်းတွေရှိပါတယ်။ ကိုယ်ထည်အရှေ့ပိုင်းနဲ့ အနောက်ဘက်အမိုးလိုင်းများရဲ့တည် ဆောက်ပုံလှပသလို ရှေ့မီးသီးတွေကလည်း ကားရဲ့ အလှတရားကိုပုံဖော်ပေးထားတဲ့အတွက် အမိုက်စားကားအမျိုး အစားတစ်စီးလို့ ပြောလို့ရပါတယ်"ဟု E-Pace ကားဒီဇိုင်နာ Mr.Lan Cullum က ပြောသည်။

Jaguar E-Pace တွင် အင်ဂျင်ပါဝါ 2.0 လီတာ၊ ဒီဇယ်နှင့် ဓာတ်ဆီအင်ဂျင်တို့ကို ရွေးချယ်နိုင်ပြီး မြင်းကောင်ရေအား ၁၅၀ မှ ၃၀၀ အထိ ထုတ်လုပ်ပေးနိုင်ကြောင်း၊ ဂီယာအမျိုးအစားအဖြစ် အော်တိုဂီယာ ၉ ချက်နှင့် Manual ဂီယာ ၆ ချက်ထိုးပါရှိပြီး လေးဘီးယက်စနစ် (All Wheels Drive System) ကို ထည့်သွင်းထားကြောင်း သိရသည်။

အဆိုပါ ကားအမျိုးအစားကို အမေရိကန်ဒေါ်လာ ၈၅၀၀၀ မှ ၁၁၀၀၀၀ အတွင်း ဝယ်ယူနိုင်ပြီး အရောင် ၈ ရောင် ရွေးချယ်နိုင်ကြောင်း သိရသည်။

ပြည်တွင်း၌ ရရှိနိုင်သည့် Jaguar ကားအမျိုးအစားတွင် E-Pace, E-Pace R dynamic ကားအမျိုးအစား နှစ်ခုစလုံးကို S, SE, HSE အစရှိသည့် အမျိုးအစားများဖြင့် စက်စွမ်းရည်အဆင့်ငါးမျိုးအထိ ရွေးချယ်နိုင်စေရန် ထုတ်လုပ်ပေးထားကြောင်း သိရသည်။

ချောစု - စုစည်းတင်ပြသည်

# စက်မှုဇုန်များရှိလုပ်ငန်းများ အဆင်ပြေနိုင်စေရေး One Stop Service များ ထားရှိပေးနိုင်ရန် စီစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များရှိလုပ်ငန်းများ အဆင်ပြေစေနိုင်ရေးအတွက် တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုပေးနိုင်သော One Stop Service စင်တာများကို ထားရှိပေးနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

မေ ၃၁ ရက်က ပြုလုပ်သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး၌ လှိုင်သာယာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင်၏ စက်မှုဇုန်များနှင့် ပတ်သက်၍ မေးခွန်းမေးမြန်းမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးအတွက် ကနဦးဆန်းစစ်မှုများအနေဖြင့် လှိုင်သာယာစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များကိုပထမဦးစွာ လေ့လာခဲ့ကြောင်း၊ စက်မှုဇုန် အဆင့်မြှင့်တင်မှုတွင် အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် အဓိကကျလျက်ရှိရာ ယခုလက်ရှိ ကောက်ခံနေသော စီမံခန့်ခွဲမှုစရိတ်ဖြင့် အခြေခံအဆောက်အဦများ ပြုပြင်ရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန် မလွယ်ကူသဖြင့် ဇုန်အသီးသီးတွင် ငွေကြေးကောက်ခံမှုနှုန်းထားနှင့် ဆောင်ရွက်ချက်များကို စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီနှင့်အတူ ပြန်လည်သုံးသပ်စိစစ်လျက်ရှိပါကြောင်း၊ စက်မှုဇုန်အတွင်း လုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန်အတွက် တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုပေးနိုင်သည့် One Stop Service များထားရှိဆောင်ရွက်ရန်အတွက် စက်မှုဇုန်များနှင့် ဆွေးနွေးဆောင်ရွက်ရာတွင် ဇုန်အလိုက် လည်ပတ်လုပ်ကိုင်နေသည့် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ထားရှိရန်ဆွေးနွေးလျက်ရှိပါကြောင်း" ဒေါ်နီလာကျော်က ပြောသည်။

ယခုလက်ရှိတွင် တောင်ဒဂုံစက်မှုဇုန် နှင့်ဆွေးနွေးရာတွင် အဓိက ဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်နေသည့်ဌာနများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စက်မှုကြီးကြပ်ဦးစီးဌာန၊ အလုပ်သမားရေးရာဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ဖြစ်ပါကြောင်း၊ တောင်ဒဂုံစက်မှုဇုန်တွင် ပထမဦးဆုံးဝန်ဆောင်မှုအနေဖြင့် ထိုဌာန(၆)ခုပါဝင်သော One Stop Service ဖွင့်လှစ်ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မုံရွာမြို့နယ်တွင် စက်ရေတွင်းဆောက်လုပ်လှူဒါန်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ သာယာစုကျေးရွာဒေသခံများထံသို့ စက်ရေတွင်းလွှဲပြောင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေလ ၂၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ရဲ့ သန့်ရှင်းပြည့်ဖြိုး ရေအကျိုးအစီအစဉ်ဟာ မြန်မာနိုင်ငံသားများအတွက် အဓိပ္ပာယ်ရှိတဲ့ အပြောင်းအလဲတွေကို ပေးအပ်နေပါတယ်။ ရေရှိဖို့ခက်ခဲတဲ့ မြန်မာနိုင်ငံအနှံ့အပြားက ပြည်သူတွေအတွက် ဒီအစီအစဉ်ကနေတစ်ဆင့် ထောက်ပံ့ကူညီဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ဒီနေ့လိုမျိုး ဒေသခံတွေအတွက် ရေတွင်းလှူဒါန်းပြီး ဒေသဖွံ့ဖြိုးအောင် ကူညီပေးရတာကိုလည်း အင်မတန်မှ ပီတိဖြစ်မိပါတယ်။ ဒီလှူဒါန်းမှုရဲ့ရလဒ်ဟာ မုံရွာဒေသခံကျေးရွာနေပြည်သူတွေအပေါ် သက်ရောက်မှု ကြီးကြီးမားမားဖြစ်လာမယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။ ဒီလိုလှူဒါန်းမှုမှာ ပူးပေါင်းပါဝင်ကူညီပေးခဲ့ကြပြီး မြန်မာနိုင်ငံကို ရှေ့သို့လှမ်းချီရာမှာ အထောက်အကူဖြစ်စေခဲ့တဲ့ ကျွန်တော်တို့ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေနဲ့ NGOအဖွဲ့အစည်း တွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်" ဟု MPT-KSGM Joint Operation မှ လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးနိုင်ကိုကိုကပြောသည်။

ယခုလှူဒါန်းမှုသည် နှလုံးသားထဲက မြန်မာလူ့ပ်ရှားမှု အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော 'သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်'အရ မြန်မာနိုင်ငံတစ်ဝန်းရှိ ရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့်ဒေသများတွင် ရေတွင်းတူးဖော်ပေးခြင်း၊ ရေလှောင်ကန်များတည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေး၍ ရေရှည်သောက်သုံးရေရရှိနိုင်ရေးကို လုပ်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

# ၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ကိုကာကိုလာမှ အကူအညီများ ပေးအပ်

ကိုကာကိုလာအနေဖြင့် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ Official Sponsor ဖြစ်ကြောင်း မြန်မာနိုင်ငံ၌ မေ ၂၈ရက်တွင် ထုတ်ပြန်ကြေညာခဲ့ ပြီး ဇွန် ၁၄ရက်နေ့မှ ဇူလိုင် ၁၅ ရက်အတွင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးအတွက် အကြိုလှုပ်ရှားမှုအစီအစဉ်များကိုမိတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။




ကိုကာကိုလာမြန်မာ၏ General Manager ဖြစ်သူ Mr.Rehan Khan က "FIFA World Cup ဆိုတာက ဘောလုံးအားကစားကို တေးသီချင်းတွေနဲ့အတူ ယဉ်ကျေးမှုအသီးသီးကို ကိုယ်စားပြုပြီး လေးနှစ်တစ်ကြိမ်ကျင်းပတာ ဖြစ်တဲ့အတွက် ကမ္ဘာအရပ်ရပ်က လူသားအားလုံးကို အတူပေါင်းစည်းပေးနိုင်စွမ်းရှိတဲ့ ထူးခြားတဲ့ပွဲဖြစ်ပါတယ်။ အခုလိုမတူညီတဲ့ယဉ်ကျေးမှုတွေ ထူးခြားတဲ့ ပေါင်းစည်းမှုဖြစ်စဉ်မှတစ်ဆင့် အတူတကွ ပေါင်းစည်းနေထိုင်ခြင်းဆိုတဲ့ လှပတဲ့ ဆုံမှတ်တစ်ခုဆီသို့ရောက်ရှိဖို့လည်းဖြစ်ပါတယ်။ ဒီတန်ဖိုးတွေဟာ ကိုကာကိုလာရဲ့ တန်ဖိုးများနဲ့ ထပ်တူကျနေပြီး မြန်မာနိုင်ငံက စားသုံးသူများ ကိုယ်ချစ်ရတဲ့မိသားစု၊ သူငယ်ချင်းများနဲ့ အတူ ကိုကာကိုလာအေးအေးလေး သောက်ရင်း ၂၀၁၈ ကမ္ဘာ့ဖလားရဲ့ ထူးခြားတဲ့အခိုက်အတန့်များကို ခံစားရရှိနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်"ဟု ပြောသည်။

၂၀၁၈ ကမ္ဘာ့ဖလားအတွက် နိုင်ငံတကာဂုဏ်ပြုသီချင်းဖြစ်သော 'Colors အမည်ရသီချင်းကို နာမည်ကျော် အဆိုတော်များဖြစ်သည့် Ar-T နှင့် အမွန်းတို့မှ တရားဝင်မြန်မာမှုပြု၍ပြန်လည်သီဆိုသွားမည်ဖြစ်ပြီး ပြင်သစ်၊ အီတလီ၊ စပိန်၊ ပေါ်တူဂီ၊ ရုရှား၊ အာဂျင်တီးနား၊ ဘရာဇီးနှင့် ဂျပန်နိုင်ငံ အစရှိသည့် ရှစ်နိုင်ငံကိုယ်စားပြုအလံ ပါရှိသော ကိုကာကိုလာအချိုရည်ဗူးများကို ပြည်တွင်းရှိစတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ဘောလုံးဒီဇိုင်းထုပ်ပိုးမှု ပုံစံသစ်အချိုရည်ဗူးများတွင် Refresh and Top-Up အစီအစဉ် ထည့်သွင်းပေးထားပြီး ပရိုမိုးရှင်းကာလ ဖြစ်သည့် ၂၀၁၈ မေ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း ကိုကာကိုလာ ထုတ်ကုန်များဖြစ်သော Coca-Cola၊ Coca-Cola Zero၊ Max+၊Minute Maid၊ Aquarius၊ Heaven and Earth၊ Max Power နှင့် Sprite အချိုရည်ဗူးများ၏ပုလင်းအဖုံးနှင့် သံကွင်းများအောက်တွင် ကုတ်နံပါတ်များကို ထည့်သွင်းကာ Refresh and Top-Up အစီအစဉ်ကို ပြုလုပ်ပေးထားကြောင်း သိရသည်။ ■

## ဒုတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်ကို နေပြည်တော်တွင်ပြုလုပ်မည်

ဒုတိယအကြိမ် မြန်မာ- အီးယူ စီးပွားရေးဖိုရမ်ကို နေပြည်တော်၊ Kempinski Hotel ၌ ဇွန် ၆ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုဖိုရမ်ကို မြန်မာနိုင်ငံအခြေစိုက် ဥရောပကုန်သည်ကြီးများအသင်းမှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ နှင့် ဥရောပနိုင်ငံများမှ မူဝါဒချမှတ်သူများနှင့် စီးပွားရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" ဒီဖိုရမ်မှာဆိုရင် အသွင်ကူးပြောင်းဆဲ မြန်မာနိုင်ငံရဲ့ သက်ဆိုင်ရာ ကဏ္ဍအလိုက် အဓိကကျတဲ့ ကိစ္စရပ်တွေကို ဆွေးနွေးနိုင်အောင် စီစဉ်ပေးထားပါတယ်။ Panel Discussion တွေမှာဆိုရင်လည်း ပုဂ္ဂလိကလုပ်ငန်း ရှင်ကိုယ်စားလှယ်ကြီးတွေ၊ အဆင့်မြင့် အစိုးရအရာရှိကြီးတွေနဲ့ နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေက ဆွေးနွေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံအခြေစိုက် ဥရောပကုန်သည်ကြီးများ အသင်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒုတိယအကြိမ် မြန်မာ-အီးယူ စီးပွားရေးဖိုရမ်ကိုပလက်တီနမ်စပွန်ဆာအဖြစ် TOTAL စွမ်းအင်ကုမ္ပဏီ၊ ဂိုးလ် စပွန်ဆာအဖြစ် de hues ကုမ္ပဏီမှ တာဝန်ယူကြောင်း သိရသည်။

သန်းထိုက်အောင်-စုစည်းတင်ပြသည်



## မြို့ကြီးများ၏ ၄-၆-၂၀၁၈ မှ ၈-၆-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | ၄-၆-၂၀၁၈(တနင်္လာ) | ၅-၆-၂၀၁၈(အင်္ဂါ) | ၆-၆-၂၀၁၈(ဗုဒ္ဓဟူး) | ၇-၆-၂၀၁၈(ကြာသပတေး) | ၈-၆-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၉၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၉၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၉၀% ၂၈°C/၈၂°F |
| မန္တလေးမြို့ | ၂၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၈၀% ၂၇°C/၈၁°F | ၂၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၂°F | ၄၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F |
| လားရှိုး | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F |
| ကျိုင်းတုံ | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၈°C/၈၃°F | ၉၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၅၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၀°F |
| တောင်ကြီး | ၈၀% ၂၇°C/၈၁°F | ၈၀% ၁၈°C/၆၅°F | ၉၀% ၂၁°C/၇၀°F | ၉၀% ၂၇°C/၈၀°F | ၈၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F |
| ဘားအံ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F |
| တောင်ငူ | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၇၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F |
| မုံရွာ | ၄၀% ၃၃°C/၉၂°F | ၉၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| ပုသိမ် | ၁၀၀% ၃၁°C/၈၈°F | ၁၀၀% ၃၁°C/၈၈°F | ၉၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F |
| မြိတ် | ၉၈% ၂၉°C/၈၄°F | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| စစ်တွေ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၆၀% ၃၁°C/၉၁°F | ၆၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃°C/၉၁°F | ၄၀% ၃၂°C/၉၀°F |
| ဖလမ်း | ၉၀% ၂၁°C/၇၀°F | ၉၀% ၂၂°C/၇၁°F | ၉၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၁°C/၇၀°F |

# အိန္ဒိယနိုင်ငံ၌ လာမည့်ရက်သတ္တပတ် မုတ်သုံမိုးများ ပိုမိုရွာသွန်းနိုင်

မုတ်သုံမိုးသည် ပုံမှန်ဝင်နေကျဖြစ်သော မေ ၂၈ ရက်ထက် လေးရက်စော၍ အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ သို့သော်လည်း ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပွားမှုကြောင့် ကပ္ပလီနှင့် နီကိုဘာကျွန်းတို့တွင် မုတ်သုံမိုးဝင်ရောက်မှု နောက်ကျခဲ့သည်။

အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး အမှန်တကယ်ဝင်ရောက်မှုမှာ ဇွန် ၁ ရက်ဖြစ်သည့်အတွက် မုတ်သုံရာသီကို ထိုရက်မှစတင်၍ ရေတွက်လေ့ရှိသည်။ မုတ်သုံမိုးစတင်သည့် ကနဦးအခြေအနေတွင် အဓိကအားဖြင့်လိုအပ်သော အထောက်အပံ့များမှာ အနောက်ပိုင်းကမ်းခြေဒေသနှင့် အိန္ဒိယအရှေ့မြောက်ဒေသတို့တွင် ဖြစ်ပေါ်လျက်ရှိပြီး မုတ်သုံမိုးသည်လည်း အဆိုပါဒေသများသို့ ကနဦးအဆင့်မှာ စတင်ဝင်ရောက်လေ့ရှိသည်။

မုတ်သုံရာသီ အခြေအနေများသည် ဘင်္ဂလားပင်လယ်အော်နှင့် အာရေးဘီးယားပင်လယ်ပြင်တွင်ဖြစ်ပေါ်သဖြင့် အနောက်ဘက်ကမ်းခြေ ဒေသနှင့် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသတို့တွင် မိုးကောင်းစွာရရှိတတ်သည်။ သို့ရာတွင် ဤအခြေအနေများ အားနည်းလာပြီးနောက် မိုးရွာသွန်းမှုသည် နှစ်ရက်၊ သုံးရက်ခန့် ကျဆင်းသွားတတ် သည်။ အထူးသဖြင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံရာသီဥတု အခြေအနေသစ်များဖြစ်ပေါ်လာခြင်းနှင့်အတူ မိုးများပြန်လည်ရွာသွန်းလေ့ရှိသည်။ ထို့နောက်ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်မည့် လက္ခဏာများကို ဘင်္ဂလားပင်လယ်အော်တွင် တွေ့ရပြီး တဖြည်းဖြည်း ပိုမိုအားကောင်းလာလေ့ရှိသည်။

ဇွန် ၃ ရက် သို့မဟုတ် ၅ ရက်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ကာ မုတ်သုံမိုးအခြေအနေ မြင့်တက်လာပြီး အနောက်ဘက်ကမ်းခြေ၊ အိန္ဒိယကျွန်းဆွယ်နှင့် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသတို့တွင် မိုးများပိုမိုရွာသွန်းနိုင်သည်။ မုတ်သုံရာသီဥတုအခြေအနေများ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာချိန်တွင် အိန္ဒိယတောင်ပိုင်းဒေသ၊ အရှေ့မြောက်ပိုင်းဒေသနှင့် အိန္ဒိယအရှေ့ပိုင်းဒေသရှိနေရာ အများစုတွင် မုတ်သုံမိုးများရွာသွန်းလာရုံသာမက မဟာရသျှတ္တရ၊ ချပ်တင်ဂတ်၊ ဂျာခန်း၊ ဘီဟားနှင့် အနောက်ဘင်္ဂါဒေသတို့တွင် မိုးများရွာသွန်းနိုင်သည်။

**စံမီအောင်**

# ထိုင်းနိုင်ငံတွင် ယခုနှစ်မိုးရာသီမိုးသည်းထန်စွာ ရွာသွန်းနိုင်

နှစ်စဉ်မိုးရာသီ စတင်ဝင်ရောက်မှုနှင့်ပတ်သက်၍ အမျိုးသားမိုးလေဝသဌာနက တရားဝင်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ မိုးလေဝသဌာန၏ ကြေညာချက်အရ ထိုင်းနိုင်ငံ၏ မုတ်သုံရာသီသည် မေ ၂၆ ရက်မှ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်းသိရသည်။ ကပ္ပလီပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အနောက်တောင်မုတ်သုံလေများနှင့် အရှေ့ဘက်မှဝင်ရောက်လာသော လေများကြောင့် ရေငွေ့ဓာတ်များ ပါဝင် လာသည့်အတွက် မုတ်သုံမိုးစတင်ဝင်ရောက်ပြီးနောက် မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံ၏ အရှေ့တောင်ပိုင်း ကမ်းခြေဒေသတွင် ဒီဇင်ဘာအထိ မိုးများသည်းထန်စွာ အဆက်မပြတ် ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာန အကြီးအကဲ ဗင်ကာရှုဒိုမာကပြောသည်။ သို့သော်လည်း အများဆုံးဖြစ်နိုင်သည့် အခြေအနေမှာ အောက်တိုဘာ နှောင်းပိုင်းကာလတွင် မုတ်သုံမိုးရွာသွန်းမှု ရပ်တန့်နိုင်ကြောင်း သူကပြောသည်။ ဖူးခက်အပါအဝင် တောင်ပိုင်းပြည်နယ်များတွင် ရာသီဥတုအခြေအနေ ဆိုးရွားမည့်အခြေအနေရှိသည်။ သို့ဖြစ်ရာ ဖူးခက်အနောက်ပိုင်းကမ်းခြေဒေသတွင် လှိုင်းစီးမည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို မိုးလေဝသပညာရှင်တို့က သတိပေးထားသည်။ မုတ်သုံမိုးကြောင့် လှိုင်းကြီးနိုင်သည့်အတွက် ရေထဲတွင်ရောက်ရှိနေသူများအတွက် ကြီးမားသော အန္တရာယ်များနှင့် တွေ့ကြုံစေနိုင်သည်။

ထိုင်းနိုင်ငံတွင် ယခုနှစ်အတွင်း ပြင်းထန်သော အပူပိုင်းဒေသမုန်တိုင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသခန့်မှန်းသူတို့က ခန့်မှန်းထားသည်။ အဓိကအားဖြင့် ပြင်းထန်စွာကျရောက်စေနိုင်သော ဒေသများမှာ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများဖြစ်သည်။

ရာသီဥတု အဆိုးရွားဆုံးဖြစ်ပေါ်နိုင်သောကာလမှာ ဩဂုတ်လလယ်မှ စက်တင်ဘာနှောင်းပိုင်းအထိဖြစ်သည်။ မုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်စေနိုင်သည်။ ၂၀၁၈ ခုနှစ်တွင် မိုးရေချိန်ရရှိမှုမှာ ပျမ်းမျှအခြေအနေ ရှိမည်ဟု ခန့်မှန်းပြီး ပျမ်းမျှမိုးရေချိန် အောက်ကျဆင်းပါက ငါးရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းအကြား ကျဆင်းနိုင်သည်ဟုဆိုသည်။

**စံမီအောင်**

# တောင်ကြီးမြို့ အမှတ်(၂) စစ်မြေပြင်ဆေးတပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စောယုထွေး ခေါင်းဆောင်သော ဝန်ထမ်းများနှင့် အဖွဲ့သည် မေ ၂၈ ရက်က မှတ်(၂) စစ်မြေပြင်ဆေးတပ်ရင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးက ဌာနပေါ် ပေါက်လာပုံအကြောင်းနှင့် ဌာန၏ ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များအကြောင်း ဟောပြောဆွေးနွေးခဲ့ကာ ဒုတိယဦးစီးမှူးဒေါ်စောယုထွေးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူ အခွင့်အရေးနှင့် ခွင့်မပြုသော ဆိုးဆေးများပါဝင်သည့် အန္တရာယ်ရှိသော စားသောက်ကုန်များအကြောင်း၊ အာဟာရ မပြည့်ဝသည့် အသင့်စား (Ready Made)စားသောက်ကုန်များ အကြောင်း၊ အသင့်စားခေါက်ဆွဲခြောက်နှင့် ကျန်းမာရေး အန္တရာယ်၊ အကင်နှင့် ကင်ဆာရောဂါအကြောင်း၊ သတ်မှတ် ချက်နှင့် ကိုက်ညီမှုမရှိသည့်စားသုံးဆီများအကြောင်း၊ အန္တရာယ် ရှိသော လူသုံးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အကြောင်း အပြင် ကုန်စည်နှင့် ဝန်ဆောင်မှုများမှ စားသုံးသူများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ထိခိုက်မှုများမှ တစ်ဆင့် နစ်နာဆုံးရှုံးမှုများရှိနေကြောင်းကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကုန်ပစ္စည်းဝယ်ယူရာတွင် ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးသည့် ရက်စွဲ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်၊ ပါဝင် ပစ္စည်းအမျိုးအစား၊ ကုမ္ပဏီလိပ်စာ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ထောက်ခံချက်များကို သတိပြုရွေးချယ်ဝယ်ယူရန် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စိတ်ကျေနပ်မှု တစ်စုံတစ်ရာမရှိပါက စားသုံးသူရေးရာဦးစီးဌာနရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC)သို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများအား အမှတ်(၂) စစ်မြေပြင် ဆေး တပ်ရင်းမှ တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲကို တပ်ရင်းရှိအရာရှိ အရာခံများ၊ ရဲမေများတက်ရောက်ခဲ့ပြီး တက်ရောက်သူအင်အားမှာ ၁၀၂ ဦးရှိကြောင်း သိရှိရပါသည်။

**မြင့်မွန်အေး(တောင်ကြီး)**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံရုံး (အောင်ပန်း) နှင့် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲကို မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကလောမြို့နယ်ရှိ သာမိုင်းခမ်းကျေးရွာ၊ လက်ပံပင်ကျေးရွာနှင့် ဥသကံကျေးရွာတို့၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံရုံး (အောင်ပန်း) မှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းထွေးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် အန္တရာယ်ရှိသော အစားအသောက်များအကြောင်းကိုလည်းကောင်း၊ စာရင်းကိုင် -၃ ဦးတင်ဌေးက ကုန်စည်နှင့်ဝန်ဆောင်မှုများအကြောင်းကို လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ကလောပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သင်းသင်းမော်က ကျေးလက်နေပြည်သူများ အသိဉာဏ် ဗဟုသုတ ရရှိစေရန်အတွက် စာများများဖတ်ကြရန်နှင့် ကျေးရွာအတွင်း စာကြည့်တိုက်များ ထားရှိရန် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသူများအား စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေစာအုပ်များ၊ တိုင်ကြားမှုပုံစံနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတရရှိစေမည့်စာအုပ်များ၊ ဂျာနယ်များ၊ စာစောင်များဖြန့်ဝေပေးခဲ့ကာ ၁၅ မိနစ်ကြာ ကျေးရွာစာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

**ငြိမ်းငြိမ်းထွေး(အောင်ပန်း)**

# စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်ရှိကျေးရွာများတွင် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေ ၂၉ ရက်က စစ်ကိုင်းမြို့နယ် ပန်းချီကျေးရွာသို့ သွားရောက်ပြီး အလုပ်အမှုဆောင် ၅ ဦး၊ အသင်းသား ၂၄ ဦးဖြင့် လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဖွဲ့စည်းဆောင်ရွက်ရာတွင် စစ်ကိုင်းခရိုင်ဦးစီးမှူးကအသင်း၊ အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် မိမိတို့ဌာနအနေဖြင့် စားသုံးသူရေးရာလုပ်ငန်းများအပြင် ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များနှင့်ပေါင်းစပ်၍ နိုင်ငံခြားဈေးကွက်ရရှိရေး၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၊ လျှော်ဖြူအသင်းအစုအဖွဲ့များအား တရားဝင်လမ်းကြောင်းမှ တင်ပို့ရောင်းချနိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ၊ ကျားမင်းကြီးကျေးရွာ၊ မြေတိုင်ကျေးရွာနှင့် ကင်းကျေးရွာများတွင်လည်း လျှော်ဖြူအစုအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အခြားလျှော်ဖြူစိုက်ပျိုးသော ကျေးရွာများတွင်လည်း ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် နောင်အနာဂတ်တွင် မိမိတို့၏ စီးပွားရေးအရ အကျိုးအမြတ်များစွာ ရရှိသည့် လုပ်ငန်းဖြစ်ပြီး နိုင်ငံအတွက်ပါ အကျိုးအမြတ်များစွာဖြစ်ထွန်းနိုင်ကြောင်း၊ မိမိရပ်ရွာဒေသရှိ လူများကိုလည်း အလုပ်အကိုင်ရရှိစေပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေခြင်းကိုလည်း အထောက်အကူပြုသည့်လုပ်ငန်းဖြစ်သည့်အတွက် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှ စီးပွားဖြစ်အထိ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်သွားကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

# စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာ၌ မေ ၂၂ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ဟောပြာပွဲသို့ စားသုံးသူရေးရာဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ လူအင်အား ၁၃၁ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဝမ်းတွင်းမြို့နယ် တာဝန်ခံ ဦးစီးမှူးဒေါ်ခင်စန်းမြင့်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာကိစ္စရပ်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ခွင့်မပြုဓာတုဆိုးဆေးများနှင့် ပြည့်ဝဆီများအကြောင်း၊ လုံခြုံစိတ်ချမှုမရှိသော အစားအစာများ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း၊ မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ တိုင်ကြားနိုင်ကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကုန်းကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လူအင်အား ၇၅ ဦးတက်ရောက်ခဲ့ကြောင်း၊ ဝမ်းတွင်းမြို့နယ်တာဝန်ခံ ဒေါ်ခင်စန်းမြင့်က ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူထွန်း(မိတ္ထီလာ)**

# လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များ ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ဦးဆောင်မှုဖြင့် မိတ္ထီလာခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ပျော်ဘွယ်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ပျော်ဘွယ်မြို့ မြို့မဈေးကြီးအတွင်း နမူနာကောက်ယူခြင်း လုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန (FDA)ဓာတ်ခွဲစစ်ဆေးချက်အရ ခွင့်မပြုဆိုးဆေးများ တွေ့ရှိခဲ့ပါတယ်။

မိတ္ထီလာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မိတ္ထီလာခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ ပျော်ဘွယ်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရာတွင် ခွင့်မပြုဆိုးဆေးပါဝင်သော စွန်ပျံရုပ်တံဆိပ်ဗူးသေး ၁၁၀ နှင့် ဗူးကြီး ၂၂ ဗူး၊ နေတိုးပုံအရောင်တင်မှုန့် တစ်ပိဿာထုပ် ၁၀ ထုပ်နှင့် Smoke Candy ၁၂ ကတ်တို့ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး စည်ပင်သာယာဝင်းအတွင်း၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် အများပြည်သူများရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရပါတယ်။

**စိမ့်စိမ့်ထွေး(မိတ္ထီလာ)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် မေ ၂၅ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့် အမှာစကား ပြောကြားခဲ့ ပြီး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးဇော်မင်းက (၁၇)ကြိမ် မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ချက်များကို တင်ပြ ခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။

ထို့နောက် မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီး ဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက (၁၇)ကြိမ်မြောက် အစည်းအဝေးအကောင်အထည်ဖော်မှုများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများအကြောင်းကို ဆောင်ရွက်မှုများမှ အောင်မြင်မှုရရှိသည့် အခြေအနေများကို အသေးစိတ် တင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**Consumer MT**

**Visit** Myanmar's Largest Food & Hospitality Trade Exhibition

# FHMM FOOD & HOTEL MYANMAR

Including:

MCAC 2018 Myanmar Culinary Arts Competition

Coffee & Tea Myanmar 2018

MNBC 2018 Myanmar National Barista Championship

# 6-8 June 2018

## MEP at Mindama, Yangon 10.00-18.00 Hrs.



## ...the world on your **plate in Myanmar**

Register at **www.foodandhotelmyanmar.com**

**Info Hotline : +951 378 975 Ext. 103**

Officially Supported by:
ထောက်ပံ့ပေးသည်

Organised by:
စီစဥ်သည်

UBM

**Admission** • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire



# ရီးရဲလ်မက်ဒရစ်အသင်း နည်းပြရာထူးအတွက်

## ဝင်းဂါး၊ ပိုချက်တီနိုနှင့် ဂူတီတို့အပါအဝင် နည်းပြ ၁၀ ဦးရေပန်းစားနေ

ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာသွားပြီဖြစ်သည့် နည်းပြ ဇီဒန်း၏နေရာတွင် အစားထိုးခန့်အပ်ရန် အာစင်ဝင်းဂါး၊ ပိုချက်တီနိုနှင့် ရီးရဲလ်မက်ဒရစ် ကစားသမားဟောင်း ဂူတီတို့ အပါအဝင် နည်းပြ ၁၀ ဦးအထိ ရေပန်းစားလျက်ရှိကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများအနေဖြင့် လာမည့်ရာသီအတွက် နည်းပြကို စတင်ရှာဖွေလျက်ရှိရာ ပဏာမစာရင်းမှာ ၁၀ဦးအထိပင်ရှိနေသည်။

ရီးရဲလ်မက်ဒရစ် အသင်းနည်းပြရာထူးအတွက် ရေပန်းအစားဆုံးမှာ ချဲလ်ဆီးအသင်းနည်းပြ ကွန်တီပင်ဖြစ်သည်။ သို့သော် ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဌ ပီရက်ဇ်အလိုချင်ဆုံး နည်းပြမှာ စပါးအသင်းနည်းပြ ပိုချက်တီနိုပင်ဖြစ်နေသည်။ ပိုချက်တီနိုသည် မကြာသေးမီရက်ပိုင်းကမှ စပါးအသင်းနှင့် စာချုပ်သက်တမ်းငါးနှစ်တိုးထားသူ ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြရာထူးအတွက် တတိယ ရေပန်းအစားဆုံးမှာ အာစင်ဝင်းဂါးပင်ဖြစ်သည်။ အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းမှ ထွက်ခွာသွားပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ ရီးရဲလ်မက်ဒရစ်အသင်းဥက္ကဌ ပီရက်ဇ် အကြိုက်တွေ့နေသည့် နောက်ထပ်နည်းပြတစ်ဦးမှာ ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လို ဖြစ်သည်။ ဂျိုအာချင်လိုသည် ဂျာမနီအသင်းနှင့် ၂၀၂၂ခုနှစ်အထိ စာချုပ်သက်တမ်းရှိနေသည်။ ရီးရဲလ်မက်ဒရစ်အသင်း၏ လျာထားနည်းပြစာရင်းတွင် အသက်(၄၁)နှစ်ရှိ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ဂူတီလည်း ပါဝင်နေသည်။ ထို့ပြင် အာဂျင်တီးနားအသင်းနည်းပြ ဂျော်ဂျီဆမ်ပါအိုလီ၊ နာပိုလီနည်းပြ ဆာရီ၊ ဂျူဗင်တပ်အသင်း နည်းပြ အယ်လ်လီဂရီ၊ ဗလန်စီယာ အသင်းနည်းပြ ဂါစီယာတိုရယ်၊ အာဂျင်တီးနား ကစားသမားဟောင်း ဆိုလာရီတို့သည်လည်း ရီးရဲလ်မက်ဒရစ်အသင်း၏ ပဏာမ နည်းပြများစာရင်းတွင် ပါဝင်လျက်ရှိသည်။

ရီးရဲလ်မက်ဒရစ်အသင်းမှ နည်းပြ ဇီဒန်း ထွက်ခွာသွားခြင်းကြောင့် အသင်းတာဝန်ရှိသူများအနေဖြင့် ထိပ်တန်းနည်းပြတစ်ဦးကို ရှာဖွေလျက်ရှိသည်။ ဇီဒန်းသည် ၂၀၁၆ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းကို စတင်ကိုင်တွယ်ခဲ့ပြီး ချန်ပီယံလိဂ်ဖလားကို သုံးနှစ်ဆက်တိုက် ရရှိအောင် စွမ်းဆောင်နိုင်သည့်အပြင် စုစုပေါင်းဆုဖလား ကိုးလုံးရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အသင်းမှ နည်းပြဇီဒန်း ထွက်ခွာသွားမှုနှင့်ပတ်သက်ပြီး ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဌ ပီရက်ဇ်က ‘ဇီဒန်းဟာ အသင်းအတွက် တကယ့်နည်းပြကောင်းတစ်ဦးပါ။ သူ့ဟာတန်ဖိုးမဖြတ်နိုင်တဲ့ နည်းပြတစ်ယောက်ဆိုရင်လည်း မမှားပါဘူး။ အသင်းကနေ သူထွက်ခွာသွားတာ များစွာစိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမဲ့ ဒါဟာ သူ့ရဲ့ဆုံးဖြတ်ချက်ပါ။ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားတွေရော ပရိသတ်တွေကပါ သူ့ကိုသတိရနေမယ်ဆိုတာ သေချာနေပါတယ်’ဟု ပြောကြားခဲ့သည်။

## ဘောလုံးလောက သတင်းတိုများ

- **ရီးရဲလ်မက်ဒရစ်ကို ချန်ပီယံလိဂ်ဖလား (၃)ကြိမ် ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ရာထူးမှနုတ်ထွက်သွားသည့် ဇီဒန်းသည် ကာတာလက်ရွေးစင်အသင်း၏ နည်းပြသစ်အဖြစ် စံချိန်တင်လုပ်ခလစာ တစ်နှစ် ပေါင် ၄၄သန်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်းသိရသည်။ ဇီဒန်းသည် လေးနှစ် စာချုပ်အတွက် စုစုပေါင်း ပေါင် ၁၇၆ သန်းရရှိမည်ဖြစ်သည်။**
- ချဲလ်ဆီးအသင်းသည် ရိုးမားဂိုးသမား အလစ်ဆင်ကို ပေါင်သန်း ၆၀ အထိပေးပြီးခေါ်ယူရန် ပြင်ဆင်နေကြောင်း ဒေးလီးမေးလ်သတင်းစာတွင် ဖော်ပြထားသည်။ ထို့ပြင် ချဲလ်ဆီးအသင်းသည် မိုရာတာ ထွက်သွားပါက ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဟီဂူအင်ကိုခေါ်ယူသွားမည်ဟု သိရသည်။
- **အဲဗာတန်အသင်း နည်းပြသစ် မာကိုဆေးလ်ဗားက အသင်းအတွက် မိမိပထမဆုံးခေါ်ယူမည့် ကစားသမားမှာ စပို့တင်းအသင်းမှ ပေါ်တူဂီလက်ရွေးစင်ကစားသမား ယီလီယံကာဗယ်ဟိုဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။**
- ချဲလ်ဆီးအသင်းမှ နည်းပြ ကွန်တီထွက်ခွာသွားပါက ၎င်း၏နေရာတွင် ပြန်လည်အစားထိုးခန့်အပ်ရန် ရေပန်းအစားဆုံးမှာ ဝီအက်စ်ဂျီနှင့် ပြင်သစ်နည်းပြဟောင်း လောရင့်ဘလန့်ဖြစ်ကြောင်း The Sun သတင်းစာတွင် ဖော်ပြထားသည်။
- **ဂျူဗင်တပ်အသင်းသည် အက်သလက်တီကို အသင်းမှ ဂိုဒင်နှင့် အေဂျက်အသင်းမှ အသက်(၁၈)နှစ်သာရှိသေးသည့် ဒီလိုက်တို့ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။**

# ဂါရက်ဘေးလ်ကို စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း ကမ်းလှမ်း



ရီးရဲလ်မက်ဒရစ်အသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား ဂါရက်ဘေးလ်ကို စာချုပ်သက်တမ်းတိုး ချုပ်ဆိုနိုင်ရေးအတွက် ကမ်းလှမ်းလိုက်ကြောင်းသိရသည်။

ဂါရက်ဘေးလ်သည် ယခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလားရရှိအောင် အဓိကစွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး ၎င်းသည် လီဗာပူးအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲတွင် အနိုင်ဂိုးနှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဂါရက်ဘေးလ်ကို ပေါင် ၁၂၁ သန်းဖြင့် ရောင်းချတော့မည်ဟု ယခင်က သတင်းများပေါ်ထွက်ခဲ့ဖူးသော်လည်း ဇွန် ၁ ရက်တွင် ထွက်ပေါ်လာသည့် သတင်းများအရ ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းတို့၏ ကစားသမားကို စာချုပ်သက်တမ်းတိုးရန် တရားဝင်ကမ်းလှမ်းလိုက်ကြောင်းသိရသည်။

ဂါရက်ဘေးလ်က ‘ကျွန်တော်က ပွဲတိုင်းကို အချိန်ပြည့် ဝင်ကစားချင်သူပါ။ ဒါပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းမှာ ကျွန်တော့်အတွက် ပွဲချိန်ပြည့်နေရာမရှိတာက ပြဿနာပါ။ ခုချိန်မှာတော့ ကျွန်တော် ဘာမှမစဉ်းစားရသေးပါဘူး။ တိကျတဲ့ အဖြေတစ်ခုကတော့ မကြာမီရက်ပိုင်းအတွင်းမှာ သိရတော့မှာပါ’ဟု ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းက စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေသည့် ဂါရက်ဘေးလ်ကို မန်ယူအသင်းကလည်း ခေါ်ယူသွားရန် ကြိုးပမ်းနေသည်ဟု သတင်းများတွင် ဖော်ပြထားသည်။ အခြားတစ်ဖက်တွင် ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား စီရိုနယ်ဒို၏ အနာဂတ်မှာလည်း ရေရာမှုမရှိခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဂါရက်ဘေးလ်ကို လက်လွှတ်မခံရရန် စာချုပ်သက်တမ်းတိုး ချုပ်ဆိုရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# မန်ယူအသင်း ဒိုင်အိုဂိုဒါလော့ကို ခေါ်ယူနိုင်ရန် အလွန်နီးစပ်နေပြီဖြစ်

မန်ယူအသင်းသည် ပေါ်တိုအသင်းမှ ပေါ်တူဂီ ညာနောက်ခံကစားသမား ဒိုင်အိုဂိုဒါလော့ကို ခေါ်ယူနိုင်ရေးအတွက် ဆေးစစ်ချက်များ ပြုလုပ်နေပြီဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းစာတွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် ဒိုင်အိုဂိုဒါလော့ကို လာမည့်ရက်သတ္တပတ်အတွင်း အပြီးခေါ်ယူသွားမည်ဟု သတင်းတွင် ဖော်ပြထားသည်။

ဒိုင်အိုဂိုဒါလော့၏ တန်ကြေးမှာ ပေါင် ၁၇ ဒသမ ၄ သန်းခန့် ရှိမည်ဖြစ်ကြောင်း သိရပြီး ၎င်းကစားသမားမှာ လက်ရှိမန်ယူအသင်း၏ ညာနောက်ခံကစားသမား ဗလန်စီယာနေရာတွင် ဝင်ရောက်အားဖြည့်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အသက်(၁၉) နှစ်သာ ရှိသေးသည့် ဒိုင်အိုဂိုဒါလော့သည် ပေါ်တူဂီ ယူ-၂၁ လက်ရွေးစင်ကစားသမားတစ်ဦးလည်း ဖြစ်သည်။ ၎င်းကစားသမားသည် ၂၀၁၇ ခုနှစ်ကုန်ကာနီးအချိန်တွင် ပေါ်တို-ဘီအသင်းမှ ပေါ်တိုအသင်းကြီးသို့ရောက်ရှိလာသူဖြစ်ပြီး ပေါ်တိုအသင်းတွင် ခုနစ်ပွဲသာ ပါဝင်ကစားထားသူဖြစ်သည်။ ဒိုင်အိုဂိုဒါလော့၏ ခြေစွမ်းကိုဥရောပထိပ်တန်းအသင်းကြီးများကလည်း စောင့်ကြည့်လျက်ရှိရာ ယခုအချိန်တွင် မန်ယူအသင်းက လက်ဦးမှု ရယူနိုင်ခဲ့ပြီဖြစ်သည်။



# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

|ရွှေစင်ဦး|

**ယခင်တစ်ပတ်မှအဆက်**

- ♦ မည်သည့်ခေါင်းစဉ်ဖြင့်မဆို ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ၊ စက်ရုံထုတ်စျေးနှုန်း၏ ၇၀% မကျော်လွန်သော ကုန်ပစ္စည်းများကို အသုံးပြုထားသည့် ထုတ်ကုန်များမှလွဲ၍။

**၃၊၆။ ပေါင်းစပ်တွက်ချက်မှုစနစ်**

**၃၊၆၊၁ ပေါင်းစပ်တွက်ချက်မှုစနစ်နှင့် ကိုက်ညီခြင်း**

ပေါင်းစပ်တွက်ချက်မှုသည် ဥရောပသမဂ္ဂတွင် ပင်ရင်း ပင်ရင်းပြုသည့် သွင်းအားစုများ (နှစ်နိုင်ငံအကြားပေါင်းစပ် တွက်ချက်မှု) သို့မဟုတ် အခြားနိုင်ငံများမှ သွင်းအားစုများကို မြန်မာနိုင်ငံတွင် ပင်ရင်းပြုထားသကဲ့သို့ မှတ်ယူထားသည်။ ဤအချက်က ပင်ရင်းဒေသဆိုင်ရာစည်းမျဉ်းများကို ပြည့်မီအောင် အကူအညီပေးနိုင်သည်။ ဥပမာ -သီးခြားထုတ်ကုန်တစ်မျိုးအတွက် ပင်ရင်းဒေသစည်းမျဉ်းများသည် စက်ရုံထုတ်စျေး၏ အနိမ့်ဆုံးဒေသတွင်း တန်ဖိုး ဝေစု ၃၀%ကို လိုအပ်သည်ဆိုလျှင် ဥရောပသမဂ္ဂတွင် ပင်ရင်းပြုသည့် သွင်းအားစုများသည်လည်း အဆိုပါ အနိမ့်ဆုံး ဒေသတွင်တန်ဖိုးဝေစုသို့ ဦးတည်ရေတွက်မည်ဖြစ်သည်။ ထို့ကြောင့် ပေါင်းစပ်တွက်ချက်မှုတွင် အလျှော့အတင်းပြုလုပ်နိုင်သည့် သဘောကို ထည့်သွင်းထားပြီး ထုတ်ကုန်များ၏ ပင်ရင်းဖြစ်မှုကို အခွင့်အရေးပေးအပ်ထားခြင်းဖြစ်ကာ ယင်းသို့မဟုတ်ပါက ပင်ရင်းထုတ်ကုန်အဖြစ် သတ်မှတ်မည်မဟုတ်ပေ။

ဆိုခဲ့သည့်အတိုင်း ပင်ရင်းဒေသစည်းမျဉ်းများသည် ယခင်ကတည်းက အလွန်အလျှော့အတင်းလုပ်နိုင်သည့် သဘောဖြစ်ကာ ပေါင်းစပ်တွက်ချက်မှုဆိုင်ရာ သတ်မှတ်ဖော်ပြချက်များသည် နောက်ထပ်အလျှော့အတင်းလုပ်နိုင်သည့် သဘောနည်းနည်းကို ထပ်ပေါင်းထည့်လိုက်ခြင်းမျိုးဖြစ်သည်။ မြန်မာနိုင်ငံက အသုံးပြုနေသည့် EU GSP အတွက် အဓိကထုတ်ကုန်အမျိုးအစားများ၊ အမည်အားဖြင့် အထည်နှင့် အခြားအဝတ်အထည်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများအတွက် ပင်ရင်းဒေသစည်းမျဉ်းများသည် အလွန်အလျှော့အတင်းလုပ်နိုင်သည့်အခြေအနေရှိသည်။ ဥပမာ - အဝတ်အထည်ထုတ်လုပ်ရန်အတွက် အခြားမည့်သည့် တတိယအုပ်စုထံမှ ချည်ကုန်ကြမ်းကိုမဆို အသုံးပြုရန် ခွင့်ပြုထားခြင်းမျိုးဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ EU ၏ပင်ရင်းထုတ်ကုန်၊ ချည်ကုန်ကြမ်းကိုသာ အသုံးပြုလျှင်လည်း အားသာချက်မရှိလျှင်လည်း အားသာချက်မရှိနိုင်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ အကယ်၍ တရုတ်နိုင်ငံမှ ထုတ်လုပ်ထားသော ကုန်ကြမ်းကို သုံးစွဲထားလျှင်ပင် အဆိုပါထုတ်ကုန်သည် မည်သည့်ကိစ္စရပ်၌မဆို အရည်အချင်းပြည့်မီသည်ဟု ပြောနိုင်သည်။ အကယ်၍ ပင်ရင်းဒေသစည်းမျဉ်းများသည် ပင်ရင်း ပင်ရင်းပြုထားသည့် ချည်ကုန်ကြမ်းကိုသာ အသုံးပြုရန် လိုအပ်သည်ဟုဆိုလျှင် ဤအချက်သည် ကွဲပြားခြားနားသွားနိုင်သည်။ သို့သော် ၎င်းသည် EU GSP အတွက် ဖြစ်ရပ်မဟုတ်ပေ။

> **မှတ်ချက်။ ။ ပေါင်းစပ်တွက်ချက်မှုဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များသည် ပင်ရင်းဒေသ စည်းမျဉ်းများက ကန့်သတ်ထားသည့် မည်သည့်အချိန်မဆို အထူးသဖြင့် ကိုက်ညီမှုရှိကြသည်။ တတိယအုပ်စုထံမှ သွင်းအားစုများ အများအပြားကို အသုံးပြုရန် ခွင့်ပြုထားသည့် အလွန်အလျှော့အတင်းရှိသော ပင်ရင်းဒေသစည်းမျဉ်းရှိသည့် ထုတ်ကုန်များအတွက် ပေါင်းစုခြင်းက ကိုက်ညီမှုနည်းသည်ဟု ဆိုရမည်ဖြစ်သည်။**

**၃၊၆၊၂ နှစ်နိုင်ငံအကြားပေါင်းစပ်တွက်ချက်မှု**

အကျိုးခံစားရသည့်နိုင်ငံရှိ ကုန်ထုတ်လုပ်သူသည် ပြည်တွင်းထုတ်လုပ်မှုတွင် EU မှ ပင်ရင်းထုတ်ကုန်ပစ္စည်းများအား အသုံးပြုခွင့်ရရှိပြီး ပင်ရင်းဒေသဆုံးဖြတ်ရာ၌ ၎င်းတို့ကိုမြန်မာနိုင်ငံတွင် ပင်ရင်းပင်ရင်း ပြုထားသည့် ပစ္စည်းများအဖြစ် ယူဆသည်။ ဤစနစ်ကို နှစ်နိုင်ငံအကြားပေါင်းစပ်တွက်ချက်မှုဟုခေါ် ဆိုပြီး လယ်ယာထွက်ကုန်နှင့် စက်မှုထုတ်ကုန်အားလုံးအတွက် အကျုံးဝင်သည်။

ထို့အပြင် EU၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့သည် GSP ပင်ရင်းဒေသစည်းမျဉ်းများကို ကျင့်သုံးရန်နှင့် မိမိတို့၏ ကုန်ပစ္စည်းများအား ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုတွင် ကုန်ပစ္စည်းများထုတ်လုပ်ရာ၌ အသုံးပြုခဲ့လျှင် ပင်ရင်းဒေသအဖြစ် မိမိတို့အချင်းချင်း အသိအမှတ်ပြုကြရန် စာတမ်းများ အပြန်အလှန်ဖလှယ်လျက် သဘောတူထားကြသည်။ သို့သော် မိတ်ဖက်လေးနိုင်ငံအကြား ပေါင်းစပ်တွက်ချက်မှုနည်းလမ်းသည် HS အခန်း ၂၅ မှ ၉၇ အတွင်းကျရောက်သော စက်မှုထုတ်ကုန်ပစ္စည်းများ အတွက်သာအကျုံးဝင်သည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# စင်ကာပူနိုင်ငံသို့ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

|ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ)|

စင်ကာပူနိုင်ငံဟာ စားသောက်ကုန်တွေရဲ့ ၉၀ ရာခိုင်နှုန်းကို ပြည်ပကနေတင်သွင်းရတာဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကနေ စားသောက်ကုန်တွေကို တင်သွင်းတယ်လို့ဆိုပါတယ်။ စားသောက်ကုန်တင်သွင်းမှုအပေါ် မှာ များစွာမှီခိုနေရတဲ့အတွက်ကြောင့်လည်း အစားအစာဖြည့်တင်းမှု (food supply) နှင့် အစားအသောက်ဘေးကင်းလုံခြုံမှု (food safety) တို့နဲ့ ပတ်သက်ပြီး စင်ကာပူနိုင်ငံဟာ အထူးအလေးထားဆောင်ရွက်ဖို့ မဖြစ်မနေလိုအပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် စင်ကာပူအစားအသောက်ဥပဒေရဲ့အဓိကရည်ရွယ်ချက်ဟာ နိုင်ငံအတွက် အစားအစာဖြည့်တင်းမှု ဖူလုံစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို လွယ်ကူချောမွေ့စေဖို့ ဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။ လွတ်လပ်ပြီး တံခါးဖွင့်ထားတဲ့ ကုန်သွယ်မှုမူဝါဒစနစ်ကို ကျင့်သုံးပေမယ့် စင်ကာပူနိုင်ငံဟာ အစားအစာဘေးကင်းလုံခြုံမှုအတွက် အပင်နှင့် တိရစ္ဆာန်ပိုးမွှား ရောဂါကင်းစင်ရေး (Sanitary and Phytosanitary) ကိစ္စရပ်တွေမှာ တင်းကျပ်တဲ့ ဥပဒေ၊ မူဝါဒတွေ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ စင်ကာပူဟာ ဆေးရွက်ကြီးနဲ့ အဖျော်ယမကာတို့ကလွဲရင် လယ်ယာထွက်ကုန်တင်သွင်းမှုအပေါ် မှာ ကိုတာ (Quota) နဲ့အခွန်သတ်မှတ်ချက်တွေ ပြဋ္ဌာန်းမထားဘူးလို့လည်း သိရှိရပါတယ်။

လယ်ယာထွက်စားသောက်ကုန်နှင့် တိရစ္ဆာန်ကျန်းမာရေး အာဏာပိုင်အဖွဲ့ (Agri-Food and Veterinary Authority-AVA) ဟာ စင်ကာပူနိုင်ငံရှိ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန်ဆိုင်ရာ ကိစ္စရပ်တွေအတွက် အဓိကတာဝန်ယူဆောင်ရွက်တဲ့ အာဏာပိုင်အဖွဲ့ အစည်းဖြစ်ပါတယ်။ AVA အနေနဲ့ လယ်ယာထွက် စားသောက်ကုန်နှင့် တိရစ္ဆာန်ကျန်းမာရေးအခွင့်အာဏာအက်ဥပဒေ၊ တိရစ္ဆာန်နှင့် ငှက်များအက်ဥပဒေ၊ အပင်ထိန်းချုပ်ရေး အက်ဥပဒေ၊ မျိုးတုန်းပျောက်ကွယ်နိုင်သောမျိုးစိတ်များ တင်ပို့/တင်သွင်းခြင်း အက်ဥပဒေ၊ တိရစ္ဆာန်အစာအက်ဥပဒေ၊ ငါးလုပ်ငန်းအက်ဥပဒေ၊ စားသောက်ကုန်ရောင်းချခြင်း အက်ဥပဒေ၊ အသားနှင့်ငါး ကျန်းမာရေးဆိုင်ရာ အက်ဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် ငှက်များအက်ဥပဒေ စတဲ့ ဥပဒေတွေနဲ့ ၎င်းတို့နဲ့သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ကြီးကြပ်ဆောင်ရွက်တာ ဖြစ်ပါတယ်။

**စားသောက်ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

အထက်မှာဖော်ပြခဲ့တဲ့ ဥပဒေတွေထဲက အရေးကြီးတဲ့ တစ်ခုကတော့ စားသောက်ကုန်ရောင်းချခြင်းအက်ဥပဒေ (Sale Food Act) ဖြစ်ပြီး အစားအစာဖူလုံမှုရှိစေရေး၊ သန့်ရှင်းမှုနှင့်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေးနှင့် ကျန်းမာရေးကိုထိခိုက်စေနိုင်ပြီး အန္တရာယ်ရှိတဲ့ ပစ္စည်းများ အသုံးပြုထားတဲ့ စားသောက်ကုန်များကို ရောင်းချမှုမှ ကာကွယ်တားဆီးရေးစတာတွေအတွက် လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းထားပါတယ်။ အဆိုပါအက်ဥပဒေရဲ့လုပ်ထုံး လုပ်နည်းများ (Subsidiary Legislations) အနေနဲ့ကတော့ စားသောက်ကုန်လုပ်ထုံးလုပ်နည်း၊ စားသောက်ကုန်ရောင်းချခြင်းဆိုင်ရာ လျော်ကြေးပေးခြင်း လုပ်ထုံးလုပ်နည်း၊ စားသောက်ကုန် ရောင်းချခြင်းဆိုင်ရာ အခကြေးငွေလုပ်ထုံးလုပ်နည်း၊ စားသောက်ကုန်ရောင်းချခြင်းဆိုင်ရာ စားသောက်ကုန်ထုတ်လုပ်ငန်းများ လုပ်ထုံးလုပ်နည်း၊ ၂၀၀၃ ခုနှစ်၊ စားသောက်ကုန်ရောင်းချခြင်း (ပီကေတားမြစ်ခြင်း) လုပ်ထုံး လုပ်နည်းများ ပါဝင်နေပါတယ်။

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

စင်ကာပူနိုင်ငံရဲ့ စားသောက်ကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုင်း (၄) မှာ စားသောက်ကုန်အမျိုးအစားတွေအတွက် စံချိန်စံညွှန်းတွေနဲ့ သီးခြားတံဆိပ်ကပ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းတွေကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ထုတ်ကုန် အမျိုးအစားတွေကတော့ ဂျုံမှုန့်၊ မုန့်နှင့် စပါး/ပြောင်း ထွက်ကုန်များ၊ ဓာတ်ငွေ့သွင်းပါဝင်ပစ္စည်းများ (aerating ingredients)၊ အသားနှင့်အသားထွက်ကုန်များ၊ ငါးနှင့်ငါးထွက်ကုန်များ၊ စားသုံးနိုင်သော အဆီများနှင့်ဆီများ၊ နို့နှင့် နို့ထွက်ကုန်များ၊ ရေခဲမုန့်၊ အေးခဲထားသောမုန့်များနှင့် ဆက်စပ်ထုတ်ကုန်များ၊ အချဉ်ရည်များ၊ ရှာလကာရည်နှင့် လက်သိပ်ချဉ်များ၊ သကြားနှင့် သကြားထွက်ကုန်များ၊ လက်ဖက်ရည်၊ ကော်ဖီနှင့် ချောကလက်၊ အသီးဖျော်ရည်များ၊ ယိုများ၊ အယ်လ်ကိုဟောမပါဝင်သော ဖျော်ရည်များ၊ အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာများ၊ ဆား၊ ဟင်းခတ်အမွှေးအကြိုင်နှင့် မဆလာ၊ ရနံ့မွှေးစေသောပစ္စည်းများ၊ မွေးကင်းစကလေးများအစားအစာ၊ ဓာတ်စာအဖြစ်စားသုံးသည့် အစားအစာ စသည့် အထူးရည်ရွယ်ချက်ဖြင့်ထုတ်လုပ်သောပစ္စည်းများ၊ အထွေထွေစားသောက်ကုန်များနှင့် ဆန်စသည်တို့ဖြစ်ပါတယ်။ ဒီနေရာမှာ အထူးတင်ပြလိုတဲ့အချက်ကတော့ AVA ဟာ စားသောက်ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ်ပြီး ပြုပြင်မွမ်းမံခြင်း (Update) ပြုလုပ်လေ့ရှိတဲ့ အချက်ပဲဖြစ်တယ်လို့သိရပါတယ်။ AVA အနေနဲ့တာဝန်ယူဆောင်ရွက်တဲ့ အပိုင်းတွေကတော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်-

- ♦ ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းသည့် လတ်ဆတ် သောထုတ်ကုန်များနှင့် ဆင့်တက် ပြုပြင်ထားသော စားသောက်ကုန်များအတွက် ဘေးကင်းလုံခြုံမှု လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်း၊
- ♦ ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းသည့် လတ်ဆတ်သောထုတ်ကုန်များနှင့် ဆင့်တက်ပြုပြင်ထားသော စားသောက်ကုန်များအတွက် အစားအစာ ဘေးကင်းလုံခြုံမှုအစီအစဉ်များအား အသက်ဝင်အာဏာတည်စေခြင်း၊
- ♦ ကျယ်ပြန့်လွှမ်းခြုံသော စစ်ဆေးမှုအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအတွက် ပေါ်ပေါက်လာသော ဘေးအန္တရာယ်များအား စောင့်ကြည့်ခြင်းနှင့် လတ်ဆတ်သော ထုတ်ကုန်များနှင့် ဆင့်တက်ပြုပြင်ထားသော စားသောက်ကုန်များအတွက် မူဝါဒများ ပြဋ္ဌာန်းပေးခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# အာခိတပေးတဲ့ သင်ခန်းစာ

**ခင်စိုးစိုးလင်း**

**ယခင်တစ်ပတ်မှအဆက်**

ဆောင်းရာသီညှော့သည်ပါးတဲ့ အချိန်မှာလည်း အရောင်းမပါးပါဘူး။ Direct Mail က တစ်ဆင့် ရောင်းရပါတယ်။ ဆိုင်လေးဖြစ်အောင် မွေးဖွားပေးခဲ့တဲ့ ဦးလေးကြီးက ကျွန်မတို့သိလို သမျှကို စိတ်ရှည်လက်ရှည်ရှင်းပြပါတယ်။ ဆိုင်က ထုတ်တဲ့ အမယ်ပေါင်းစုံအတွက် ပြည်တွင်းထုတ်လုပ်မှု မလုံလောက်တာကြောင့် ပြည်ပက ပျားရည်တင်သွင်းရတယ်လို့ပြောတဲ့ အခါ ကျွန်မတို့က မြန်မာနိုင်ငံကလည်း ပျားရည်တင်ပို့ပါတယ်ဆိုပြီး ကြော်ငြာဝင်ကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ မြန်မာပျားရည်က ပရဆေးဆိုင်မှာတော့ ရောင်းချပေမယ့် အနံ့ပြင်းတဲ့အတွက် သူ့ဆိုင်မှာ မသုံးဘူးလို့ ပြန်ဖြေပါတယ်။ Acacia ပန်းကရတဲ့ ပျားရည်ကို အများဆုံး သုံးပြီး ဟန်ဂေရီနိုင်ငံကနေ တင်သွင်းတဲ့ Acacia ပန်းပျားရည်က အရောင်းရဆုံးလို့ သိရပါတယ်။ မြန်မာပျားရည်အနေနဲ့ ပရဆေးဆိုင်မှာ ရောင်းချတဲ့အတွက် အာဟာရ ပြည့်ဝမယ်ဆိုတာကို အငြင်းပွားဖွယ် မရှိပါဘူး။ ဒါ့အပြင် မြန်မာနိုင်ငံဟာပန်းပေါပြီး ရေမြေသဘာဝ ပတ်ဝန်းကျင်ကောင်းမွန်တာကြောင့် ကောင်းမွန်တဲ့ ပန်းအမျိုးအစားကို စနစ်တကျစိုက်ပျိုးပြီး ထုတ်လုပ်မှုပမာဏမြှင့်တင်နိုင်မယ်ဆိုရင် နိုင်ငံတကာဈေးကွက်ကို တင်ပို့နိုင်မှာ ဖြစ်ပါတယ်။ ပျားရည်ဆိုင်လေးက အပြင်ပိုင်းပုံစံချစ်စဖွယ်ကောင်းရုံသာမက အတွင်းပိုင်းမှာလည်း ကုန်ပစ္စည်းတွေကို ရှုချင်စဖွယ် ခင်းကျင်းထားတာ တွေ့ရပါတယ်။ ဆိုင်တွင်းမှာ ပျားရုပ်ကလေးတွေကို နေရာအနှံ့တွေ့ရပြီး နာရီကအစ ပျားအုံပုံလေး ဖန်တီးထားတာ တွေ့ရပါတယ်။ တွဲလောင်းကျနေတဲ့ ချိန်သီးလေးတွေကလည်း ပျားကောင်လေးတွေနဲ့ ချစ်စဖွယ် အမြင်ဆန်းနေပါတယ်။ မထူးဆန်းပါဘူးလို့မြင်ချင်လည်း မြင်နိုင်ပေမယ့် ပျားရည်ဆိုင်ရဲ့Trademark အနေနဲ့ လာရောက်တဲ့သူတွေကို အချိန် အတော်ကြာ မှတ်မိနေစေမယ့်ဆိုင်လေးမို့ ကျွန်မကိုယ်တိုင်လည်း အခုချိန်ထိ မမေ့နိုင်သေးပါဘူး။

နောက်ထပ် ကျွန်မတို့အဖွဲ့ သွားရောက်လေ့လာခဲ့တဲ့နေရာကတော့ ပင်လယ်ရေမျက်နှာပြင် အထက် မီတာ ၅၀၀ အမြင့်မှာရှိတဲ့ Sun Velly Jersy Farmyပဲဖြစ်ပါတယ်။ နွားမွေးမြူရေးကို အဓိကထား လုပ်ဆောင်ပြီး စားသောက်ဆိုင်လည်း တွဲဖွင့်ထားပါတယ်။ နွားနို့စိမ်း၊ နို့ရေခဲမုန့်၊ ဒိန်ချဉ်၊ ချိစ်ကိတ်အလွှာ၊ ဂျာစီပူတင်း ၊ ချိစ်၊ အသားချောင်း စတာတွေရောင်းချပါတယ်။ ဂျာစီနွားတွေက ရေမြေဒဏ်မခံနိုင်ရင် ရှင်သန်ဖို့မလွယ်တာမို့အတော်လေးကို ဂရုတစိုက်မွေးရတယ်လို့ သိရပါတယ်။ မွေးမြူရေးခြံကလည်း ပင်လယ်ရေမျက်နှာပြင် အထက် မီတာ ၅၀၀ အမြင့် တောင်ကုန်းပေါ်မှာမို့ နှစ်တစ်ဝက်လောက်က နှင်းကျနေတာပါ။ ဒါကြောင့် နွေရာသီအတွင်းမှာ နွားစာအတွက် မြက်တွေကို အခြောက်လှမ်းပြီး Lactose Bacteria နဲ့ အချဉ်ဖောက်ထားရပါတယ်။ အစာအများကြီးကျွေးပြီး နို့အများကြီးညှစ်ရင်လည်း နွားကအသက်တိုတဲ့အတွက် နွားနို့ကိုအတင်းအများကြီးမညှစ်ယူပါဘူး။ ညှစ်လို့ရတဲ့ နွားနို့ကိုအအေးခံတာ၊ ပိုးသတ်တာတွေကိုလည်း သတ်မှတ်ထားတဲ့ အပူချိန်နဲ့ စနစ်တကျဆောင်ရွက်တာ တွေ့ရပါတယ်။ ပိုးသတ်ရာမှာ အပူချိန်ဟာ ၈၅ ဒီဂရီကျော်ရင် ဗီတာမင်ဓာတ်နဲ့ ကယ်လဆီယမ်ဓာတ်တွေ ပျက်ဆီးတာကြောင့် အပူချိန် ၇၅ဒီဂရီပေးပြီး ပိုးသတ်ပါတယ်။ နွားနို့ အရသာရှိဖို့အတွက် နွားရဲ့မျိုးစိတ်ကို နှစ်ပေါင်းများစွာပြင်ခဲ့ရတာပါ။ ကျန်းမာရေးကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်တာကြောင့် မြန်မာနိုင်ငံမှာလည်း အစားအသောက်ကနေ အာဟာရရယူနိုင်ဖို့ အရေးကြီးပါတယ်။ ဒါ့အပြင် နိုင်ငံအတွင်းရောင်းချတဲ့ စားသောက်ကုန်အချို့ကို FDA က စစ်ဆေးတာမျိုး၊ စားသုံးသူရေးရာဦးစီးဌာနက စစ်ဆေးတာမျိုးတွေတွေ့ရပါတယ်။ မြန်မာနိုင်ငံကို တခြားနိုင်ငံတွေက (အထူးသဖြင့် တရုတ်ကနေ)ဝင်တဲ့ စားသောက်ကုန်တွေကိုလည်း ကျန်းမာရေးအတွက် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီးမှ တင်သွင်းခွင့်ပေးတာမျိုးလည်း လုပ်ဆောင်သင့်တယ်လို့ ကျွန်မမြင်မိပါတယ်။

ဓာတ်မြေသြဇာစက်ရုံကနေလည်း ကျွန်မတို့ အတုယူစရာ၊ သင်ခန်းစာယူစရာတွေ တော်တော်များများ လေ့လာခဲ့ရပါတယ်။ ဂျပန်လူမျိုးတွေက ဥပဒေကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးကြပါတယ်။ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတွေက ဂျပန်နိုင်ငံရဲ့အသက်ပါပဲ။ ဓာတ်မြေသြဇာထုတ်လုပ်ရာမှာ ပါဝင်ပစ္စည်းတွေရဲ့ စံချိန်စံညွှန်းကို ဥပဒေနဲ့သတ်မှတ်ထားရုံသာမက စွန့်ပစ်ပစ္စည်းတွေကို စွန့်ပစ်ရာမှာလည်း ဥပဒေနဲ့အညီ ဆောင်ရွက်ရပါတယ်။ လေထု၊ ရေထုတွေကိုလည်း အမြဲစစ်ဆေးနေပြီး သဘာဝပတ်ဝန်းကျင်မထိခိုက်ဖို့အတွက် အလေးပေး ဆောင်ရွက်တာတွေကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ စားသုံးမှုမလုံလောက်တာကြောင့် ဓာတ်မြေသြဇာများများသုံး၊ များများစိုက်၊ များများထုတ်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ Quantity ကို ဦးစားပေးလုပ်ဆောင်ခဲ့ပေမယ့် စားသုံးမှုဖူလုံချိန်ကစပြီး Qualityကို အလေးပေးဆောင်ရွက်ခဲ့တာကိုလည်း လေ့လာခဲ့ရပါတယ်။ အရည်အသွေးကို ဦးစားပေးဆောင်ရွက်ခဲ့တာကြောင့် ဂျပန်နိုင်ငံရဲ့ ထုတ်ကုန်များဟာ ကမ္ဘာ့ဈေးကွက်မှာ နေရာယူနိုင်ခဲ့တာကို အထင်အရှားတွေ့ မြင်နိုင်ပါတယ်။

ကျွန်မတို့အဖွဲ့ ဂျပန်နိုင်ငံ အာခိတခရိုင်အတွင်း နေထိုင်စဉ်မှာ Home Stay အတွေ့အကြုံလည်း ရယူခဲ့ရပါတယ်။ ဂျပန်လူမျိုးတွေရဲ့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းဆောင်တာများနဲ့ ယဉ်ကျေးမှု၊ နေထိုင်မှုပုံစံများကို လေ့လာခွင့်ရခဲ့ပါတယ်။ ညှော့ဝတ်ကျေပွန်မှု ၊ ဖော်ရွေပြီး ရိုးသားပွင့်လင်းမှုရှိတာကြောင့် အာခိတမှာ Home Stay နေထိုင်ခွင့်ရတဲ့အချိန်တွေဟာလည်း မမေ့နိုင်စရာပါ။ ဂျပန်လူမျိုးတွေရဲ့ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှု၊ အချိန်လေးစားမှုတွေကိုလည်း အတုယူလိုက်နာကျင့်သုံးသင့်ပါတယ်။ “အလုပ်တစ်ခုကို ကောင်းသည် ထက်ကောင်းအောင် လုပ်ခြင်းသည် အလုပ်၏ ဂုဏ်သာမက လုပ်သူ၏ ဂုဏ်လည်းဖြစ်ပေသည်” ဆိုတဲ့ ဆရာကြီး ပီမိုးနင်းရဲ့စကားကလည်း ဂျပန်လူမျိုးတွေရဲ့ နှလုံးသားနဲ့ အလုပ်လုပ်တယ်ဆိုတာနဲ့ အလားသဏ္ဍာန်တူတယ်လို့ ကျွန်မမြင်ပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကလည်း အစည်းအဝေးတစ်ခုမှာ ပြောခဲ့ဖူးပါတယ်။ ဘာအလုပ်ပဲဖြစ်ဖြစ် အလုပ်တစ်ခုလုပ်ရာမှာ စေတနာလေး ထည့်လုပ်ပါတဲ့။ ဟုတ်ပါတယ်. . ကျွန်မတို့အခုလက်ရှိလုပ်နေတဲ့အလုပ်တွေမှာ စေတနာလေး တွေ လိုအပ်နေပါသေးတယ်။ ကျွန်မကိုယ်တိုင်လည်း အားစိုက်ရပါဦးမယ်။ အလုပ်တစ်ခုလုပ်ရာမှာ စေတနာထားပြီးလုပ်ရင် အမှားပိုနည်းမယ်လို့လည်း မြင်မိပါတယ်။ အမှားကင်းတဲ့အတွက် ကိုယ်နဲ့ ဆက်စပ်လုပ်ကိုင်နေသူတွေလည်း ဒုက္ခမရောက်တော့ပါဘူး။ ပြီးလွယ်၊ စီးလွယ်လုပ်လို့ အလုပ်မြန်မြန်ပြီးနိုင်ပေမယ့် အမှားမကင်းတဲ့အခါ မလိမ္မာနှစ်ခါမိုက်ဆိုသလို ကိုယ်တာဝန်ယူတဲ့ အလုပ်မို့ ကိုယ်ပဲ နှစ်ခါပင်ပန်းရမှာပါ။ အချိန်လည်း ကုန်ပါတယ်။ ဒါကြောင့် အသေးအမွှားကစပြီး ဘာကိုပဲလုပ်လုပ် စေတနာထားပြီး လုပ်တတ်ဖို့ လေ့ကျင့်ယူရပါမယ်။ ကိုယ်နဲ့မဆိုင်တဲ့အရာတွေမှာ မဆိုင်ပါဘူးလေဆိုပြီး နေကြမယ်ဆိုရင်တောင် ကိုယ်နဲ့ဆိုင်တဲ့ ကိုယ်တာဝန်ယူနေတဲ့ အလုပ်တွေမှာတော့ သေးသေးမွှားမွှားကစပြီး စေတနာရှေ့ထားလို့ နှလုံးသားနဲ့ အလုပ်လုပ်ကြပါစို့လား ရှင်. . . .။

❑

# 5th China-South Asia Expo & 25th China Kunming Import and Export Fair ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ (ကုန်သွယ်မှုမြှင့်တင်ရန် ကုန်စည်ပြပွဲအခြေခံ)

**ဝင်းသန်းကျော်(ကုန်သွယ်မြှင့်)**

**ယခင်တစ်ပတ်မှအဆက်**

## ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့ သွားရောက်ခြင်း

ယခုနှစ်တွင် မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင် နိုင်ငံအဖြစ်ပါဝင်ပြသမည်ဖြစ်သည့်အတွက် အဆိုပါ ကုန်စည်ပြပွဲတွင် တည်ဆောက်ခင်းကျင်းပြသမည့် မြန်မာ့ထွက်ကုန်အထူးပြုပြခန်းဆောင် တည်ဆောက်ခြင်းနှင့် မြန်မာနိုင်ငံမှ သွားရောက်ပြသမည့် ကုန်စည်ပြခန်းဆောင်အတွက် ကြီးကြပ်ခြင်းနှင့် မြန်မာကိုယ်စား လှယ်အဖွဲ့၊ ကူမင်းမြို့တွင် တည်းခိုနေထိုင်ရေးစသည့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ ဆက်ဆံရေးအရာရှိ (Liaison Office) ဖြစ်သူ ဒေါက်တာ သက်လွင်ဦး၊ နန်နင်းမြို့၊ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်မှ ဦးဆောင်၍ ပြပွဲဆိုင်ရာစာရင်းများ၊ တရုတ်ဘက်နှင့်ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ရမည် ဖြစ်ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများအား ကူမင်းမြို့သို့ ပြပွဲမတိုင်မီ ရှေ့ပြေးအဖွဲ့အဖြစ် ဇွန်လ ၈ ရက်မှစ၍ သွားရောက်ရန် စီစဉ်ထားပါသည်။

## ကုန်စည်ပြခန်းဆောင်တွင် ပြသမည့်ပစ္စည်းများ (OGL) ထုတ်ပေးခြင်း

အထက်ပါ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ သက်ဆိုင်ရာအသင်းအဖွဲ့၊ ကုမ္ပဏီများမှ သွားရောက်ပြသမည့် ကျောက်မျက်လက်ဝတ်ရတနာများ၊ သစ်အချောထည်ပရိဘောဂများ၊ စားသောက်ကုန်များ၊ Invoices များ တင်ပြလာပါက သက်ဆိုင်ရာဌာနများသို့ ဆက်လက်အကြောင်းကြားပြီး ၎င်းဌာနများ၏ ခွင့်ပြုထောက်ခံချက်ရရှိပါက အထွေထွေ ခွင့်ပြုမိန့် (OGL) ထုတ်ပေးသွားမည်ဖြစ်ပါသည်။

## ကုန်းလမ်းခရီးဖြင့် နယ်စပ်ဖြတ်ကျော်သွားရောက်ခြင်း

အဆိုပါပြပွဲသို့ ရန်ကုန်မြို့၊ မန္တလေးမြို့၊ လားရှိုးမြို့၊ မူဆယ်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံ ကူမင်းမြို့သို့ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းခရီးဖြင့် သွားရောက်မည့် လူနှင့်ပစ္စည်းများစာရင်း တင်ပြလာပါက အချိန်မီ သွားရောက်ပြသနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော်သွားရောက် ပြသခွင့်ပြုမိန့်ရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဝန်ကြီးရုံးမှ တစ်ဆင့်တင်ပြသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက်ရရှိပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ ဆက်လက် ပေးပို့သွားမည် ဖြစ်ပါသည်။

## မြန်မာနေ့ အခမ်းအနားကျင်းပခြင်းနှင့် Business Guide Book & Pamphlet များ ဖြန့်ဝေခြင်း

အဆိုပါ ကာလအတွင်း သင့်လျော်သည့် နေ့ရက်တွင် မြန်မာနေ့အဖြစ် သတ်မှတ်ပြီး မြန်မာနေ့အခမ်းအနား ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ- တရုတ် ဧည့်သည်တော်များ ဖိတ်ကြားကာ မြန်မာ့ရိုးရာအစား အသောက်များဖြင့် တည်ခင်းဧည့်ခံခြင်း၊ အမှတ်တရ လက်ဆောင်များ (Business Guide Book & Pamphlet)များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ယဉ်ကျေးမှုအကအဖွဲ့ လိုက်ပါဖျော်ဖြေခြင်း

ယခုနှစ်တွင် မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင် နိုင်ငံအဖြစ် ပါဝင်ပြသမည့် မြန်မာအမျိုးသားပြခန်း ဆောင်တွင် မြန်မာ့ယဉ်ကျေးမှုအက အဖွဲ့ကို ငှားရမ်း၍ကူမင်းမြို့ကုန်စည်ပြပွဲသို့ခေါ်ယူသွားပြီး ယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ကူမင်း ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်ရရှိခဲ့မှုအခြေအနေ

ကူမင်းကုန်စည်ပြပွဲကျင်းပရေး ကော်မတီသည် ပါဝင်ပြသသည့် နိုင်ငံများမှ တစ်နှစ်ထက်တစ်နှစ် ထူးခြားစွာ ပြသနိုင်ရေးနှင့် ပိုမို စိတ်ဝင်စားအောင် ဆောင်ရွက်လျက်ရှိရာ ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုလည်း ထည့်သွင်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ကူမင်းကုန်စည်ပြပွဲ၌ ‘စုစည်းမှုအကောင်းဆုံးဆု’လက်ခံရရှိခဲ့ပါသည်။

## ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ အချိန်မီသွားရောက်နိုင်ရေး

5th China-South Asia Expo & 25th China Kunming Import and Export Fair ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန် ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ အချိန်မီ သွားရောက်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အနေနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ သမဝါယမဦးစီးဌာန၊ သက်ဆိုင်ရာ အသင်းအဖွဲ့များသို့ အကြောင်းကြားထားပြီး ဖြစ်ပါသည်။

အထက်ပါကုန်စည်ပြပွဲကြီးသို့ ယခင်နှစ်များနည်းတူ အောင်မြင်စွာ သွားရောက်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် ပြပွဲကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများ၊ UMFCCI နှင့်ညီနောင်အသင်းအဖွဲ့များမှ ကဏ္ဍစုံလင်စွာဖြင့် ပါဝင်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

# ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ ပြန်လည်ဆောင်ရွက်မည့် အစီအစဉ်အပေါ် လေ့လာဆန်းစစ်မှုအသစ်များ ပြုလုပ်

ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်နှစ်ခုရှိ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနှစ်ခုသည် လေးနှစ်တာကာလအတွင်း တိုးတက်မှု နှောင့်နှေးခဲ့ပြီးနောက် ပိုင်း ပြန်လည်တိုးတက်ရေးစီစဉ် ဆောင်ရွက်ရန် စဉ်းစားလျက်ရှိကြောင်း စွမ်းအင်ဆိုင်ရာ မူဝါဒရေးဆွဲသူများက ပြောကြားခဲ့ပါသည်။ အဆိုပါ အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအား ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ကြောင်း၊ စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စီမံကိန်းဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုစသည်တို့မှ လေ့လာတွေ့ရှိရသည့် စိန်ခေါ်မှုများအပေါ် လေ့လာဆန်းစစ်ရန် ကော်မတီဖွဲ့စည်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပါကြောင်း သိရှိရပါသည်။

စွမ်းအင်ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ဖြစ်သူ Ms.Natika က မတ် ၃၀ ရက်တွင် စွမ်းအင်ဝန်ကြီးမှ လက်မှတ်ရေးထိုး သဘောတူခဲ့သည့် The Strategic Environment Assessment (SEA) အစီရင်ခံစာအတွက် ဖြစ်နိုင်စွမ်းအခြေအား လေ့လာသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ SEA အတွက် လေ့လာမှုကုန်ကျစရိတ်မှာ ဘတ်သန်း ၅၀ ခန့်ရှိနိုင်ပြီး ငါးလအတွင်း အပြီးသတ်လေ့လာသွားရန်နှင့် မူဝါဒ ရေးဆွဲသူများ၏ နောက်ဆုံး ဆုံးဖြတ်ချက်မထွက်မီ အစီရင်ခံစာထွက်ရှိရမည်ဖြစ်ပါကြောင်း၊ ထိုလေ့လာမှုသည် တောင်ပိုင်းဒေသရှိ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ ရှိသင့်/မသင့် ဆုံးဖြတ်မှုအတွက် အထောက်အကူပေးနိုင်မည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာ၏အဖြေမှာ မသင့်ဟုထွက်ရှိခဲ့ပါက မူဝါဒပိုင်းမှ အဆိုပါ ဒေသအတွင်းအခြားစနစ်များဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် Plan B ကို ရေးဆွဲကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

The National Economic and Social Development Board ၏ ဒုတိယ အထွေထွေအတွင်းရေးမှူးဖြစ်သူ Danucha Pichayanan က အဆိုပါ SEA ၏ အစီရင်ခံစာသည် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ သဘာဝ ပတ်ဝန်းကျင်၊ ရေလုပ်ငန်း၊ အဏ္ဏဝါသိပ္ပံ၊ ပြည်သူ့ကျန်းမာရေး၊ မြို့ပြစီမံကိန်းရေး ဆွဲရေး၊ အင်ဂျင်နီယာပိုင်းနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့အား ကျွမ်းကျင် ပညာရှင်များနှင့် လေ့လာမည်ဖြစ်၍ ကုန်ကျစရိတ်ကြီးပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ လေ့လာရေးအစီအစဉ် စတင်ပြီး တစ်လအတွင်းကျွမ်းကျင်သူများအနေဖြင့် အခြေအနေကို မျှော်မှန်းနိုင်ကြမည်ဖြစ်ပါကြောင်း၊ အဆိုပါ လေ့လာတွေ့ရှိမှုအား လူမှုအဖွဲ့အစည်းအတွင်းသို့ ချပြမည် ဖြစ်ပါကြောင်း စွမ်းအင်ပညာရှင်က ပြောကြားခဲ့ပါသည်။ လက်ရှိတွင် အဆိုပါ တောင်ပိုင်းဒေသနှစ်ခု၌ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံနှစ်ရုံရှိပြီး ၂၄၀၆ မီဂါဝပ် ထုတ်လုပ်နိုင်ပါကြောင်း၊ အဆိုပါ နယ်မြေနှစ်ခုအတွင်း အခြားပြန်လည်ဆန်းသစ်လျက်ရှိသည့် ရေအားလျှပ်စစ်၊ ဇီဝလောင်စာနှင့် နေစွမ်းအင်သုံးစက်ရုံများလည်းရှိပြီး စုစုပေါင်း ၃၈၂ မီဂါဝပ်သာရရှိကြောင်း သိရှိရပါသည်။

ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်သည် ၂၀၁၅-၂၀၃၆ ခုနှစ် အမျိုးသားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပါဝင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံလျှပ်စစ်ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (EGAT) ကလည်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အတွက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မီဂါဝပ် ၈၀၀ ထုတ်နိုင်သည့်စက်ရုံအား Krabi တွင် တည်ထောင်ရန်နှင့် လုပ်ငန်းစတင်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ၂၀၁၁-၂၀၂၂ ခုနှစ်အတွင်း Thepha, Songkhla တို့တွင်လည်း မီဂါဝပ် ၂၀၀၀ ထုတ် စက်ရုံများ တည်ထောင်ရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

နိုင်ငံတော်အစိုးရတွင် အဆိုပါ စက်ရုံနှစ်ရုံအတွက် ရင်းနှီးမြှုပ်နှံငွေ ဘတ်သန်း ၁၆၀ မြှုပ်နှံရန်စီစဉ်ထားပါကြောင်း၊ ထိုင်းနိုင်ငံသည် သဘာဝဓာတ်ငွေ့အပေါ် အကြီးအကျယ်မှီခိုအားထားပါကြောင်း၊ ကျောက်မီးသွေးလောင်စာပေါ် မှီခိုအားထားမှုလျှော့ချသွားမည်ဖြစ်ပါကြောင်း၊ ထိုင်းပင်လယ်ကွေ့နှင့် မြန်မာနိုင်ငံ မုတ္တမပင်လယ်ကွေ့မှရရှိသည့် သဘာဝဓာတ်ငွေ့များ နှစ်ကြာလာပါက အရေအတွက် လျော့နည်းလာမည်ကို စိုးရိမ်ခဲ့မှုကြောင့် အစီရင်ခံစာ မူကြမ်းရှိခဲ့ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုကုန်ကျစရိတ်မှာလည်း မြင့်မားလာသည့်အပြင် သုံးစွဲမှုလည်း တိုးတက်နေပါကြောင်း သိရှိရပါသည်။ ယခင်က အဆိုပါ ကျောက်မီးသွေးစက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကုမ္ပဏီနှစ်ခုကို ခွင့်ပြုခဲ့သော်လည်း နှောင့်နှေးကြန့်ကြာနေမှုများကြောင့် ၂၀၀၂-၂၀၀၃ ခုနှစ်က ဖျက်သိမ်းခဲ့ရကြောင်း လေ့လာသိရှိရပါသည်။

**သန်းသန်းနိုင်**

# ပညာရှင်မဟုတ်သည့် နိုင်ငံခြားသားလုပ်သားများအပေါ် သတ်မှတ်ချက်များဖြေလျှော့ရန် ဂျပန်အစိုးရ စဉ်းစား



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေး မူဝါဒသစ်ကို ဇွန်လလယ်ခန့်တွင် အကောင်အထည်ဖော်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။ အဆိုပါမူဝါဒသစ်တွင် ပညာရှင်မဟုတ်သည့် နိုင်ငံခြားသား လုပ်သားစုစုပေါင်း ငါးသိန်းခန့်ကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး နေထိုင်ခွင့် အများဆုံးငါးနှစ်ခန့်တိုးမြှင့် သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

၎င်းစီးပွားရေးမူဝါဒသစ်အရ ဝင်ရောက်ခွင့်ပြုမည့် လုပ်သားများကို စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ လုံခြုံရေးအစောင့်များ၊ သူနာပြုများ၊ သင်္ဘောတည်ဆောက်ရေး အလုပ်ကြမ်းသမားများအဖြစ် အဓိက စုဆောင်းမည်ဖြစ်သည်။ လက်ရှိ နေထိုင်နေသည့် ဖော်ပြပါလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံခြားသား လုပ်သားများကိုမူ နောက်ထပ် ၁၀ နှစ် နေထိုင်ခွင့် တိုးမြှင့်ပေးမည့်ကိစ္စကိုလည်း ဆွေးနွေးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့ရာတွင် အဆိုပါကိစ္စ နှင့် ပတ်သက်၍ ကက်ဘိနက်မှ နှုတ်ဆိတ်နေပြီး အလုပ်သမား အရေအတွက်နှင့်ပတ်သက်၍ အငြင်းပွားမှုများရှိနေကြောင်း အစိုးရအဖွဲ့မှ အရာရှိတစ်ဦးက ပြောခဲ့သည်။

အကယ်၍ ဝန်ကြီးချုပ်၏ စီးပွားရေးမူဝါဒသစ်ကို ပြဋ္ဌာန်းနိုင်ပါက နိုင်ငံ၏ ပင်မမူဝါဒပြောင်းလဲမှု ရှိလာနိုင်ပြီး မူဝါဒချမှတ်သူများသည် နိုင်ငံစီးပွားရေးအဟုန်ကို ထိန်းသိမ်းရန် နိုင်ငံခြားသား လုပ်အားလိုအပ်မှုကို လက်ခံလာသည်ဟု ယူဆနိုင်ဖွယ်ရာရှိကြောင်း နိုင်ငံရေးသုံးသပ်သူအချို့က ဆို သည်။ လက်ရှိမူဝါဒအရမူ နိုင်ငံခြားသား လုပ်သားများအတွက် ဂျပန်နိုင်ငံ၏ သတ်မှတ်ချက်များသည် တင်းကျပ်နေဆဲဖြစ်သည်။ ဂျပန်အစိုးရသည် နိုင်ငံတွင်း မွေးဖွားနှုန်းကျဆင်းခြင်းနှင့် သက်ကြီးရွယ်အိုများပြားလာမှုတို့အပေါ် စိုးရိမ်ပူပန်မှုများ ရှိနေသော်လည်း နိုင်ငံခြားသားများ ဝင်ရောက်လာမှုကို တင်းကျပ်ထားလျက်ရှိသည်။

"နိုင်ငံခြားသား လုပ်သားခေါ်ယူမှုဟာ သက်ရောက်မှု နှစ်ခုရှိနိုင်တယ်။ သူတို့ဟာ လုပ်ငန်းရှင်တွေအတွက် အဆင်ပြေပေမယ့် နိုင်ငံသားတွေကတော့ ဒီအပေါ်မှာ စိုးရိမ်မှုတွေ ရှိနေကြတယ်"ဟု ဂျပန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်က ပြောခဲ့သည်။

လက်ရှိအခြေအနေအရ ဂျပန်နိုင်ငံသည် လုပ်သား ရှားပါးမှုနှင့် ရင်ဆိုင်နေရပြီး စီးပွားရေး အရှိန်အဟုန် ရပ်တန့်သွားမည်ကို စိုးရိမ်နေသော လုပ်ငန်းရှင်များကမူ ဝန်ကြီးချုပ်၏ မူဝါဒသစ်ကို ထောက်ခံနေကြကြောင်း သတင်းရရှိပါသည်။

**ခင်လေးယု**

# မလေးရှား အစိုးရသစ် လက်ထက်တွင် တရုတ်ရင်းနှီးမြှုပ်နှံမှု တိုးမြင့်



မလေးရှားနိုင်ငံတွင် ဝန်ကြီးချုပ် Tun Dr Mahathir Mohamad ဦးဆောင်သော အစိုးရသစ် တက်ရောက်ခဲ့ပြီးနောက် တရုတ်စီးပွားရေး လုပ်ငန်းသုံးခုမှ မလေးရှားရင်းဂစ် ၁ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရသည်။

"ဒါဟာ တရုတ်နိုင်ငံအနေနဲ့ မလေးရှားအစိုးရရဲ့ စီးပွားရေး ဝန်းကျင်ဖန်တီးပေးမှုအပေါ်မှာ ကျေနပ်မှုရှိပြီး အစိုးရသစ်ကို ယုံကြည်မှုရှိတယ် ဆိုတာကို ဖော်ပြလိုက်တာပါပဲ။ မကြာခင်မှာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ခဲ့တဲ့ ၄၄ နှစ်ပြည့် နှစ်ပတ်လည်ပွဲကို ကျင်းပဖို့လည်း ရှိပါတယ်။ နှစ်နိုင်ငံအချင်းချင်း ချစ်ကြည်မှု တည်တံ့ခိုင်မာဖို့အတွက် ချစ်ကြည်ရေးခရီးတွေလည်း သွားလာဖို့ အစီအစဉ်တွေ ရှိပါတယ်"ဟု မလေးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်က မှတ်ချက်ပြုခဲ့သည်။

တရုတ်နိုင်ငံ ပြန်လည်ထူထောင်ပြီး တံခါးဖွင့်ခဲ့သည့်အချိန်ကတည်းက မလေးရှား စီးပွားရေး လုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံစီးပွားရေးတိုးတက်မှုအတွက် ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုဖြေလျှော့ရေး လုပ်ငန်းစဉ်များတွင် မလေးရှားလုပ်ငန်းရှင်များမှလည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၎င်းက ဆက်လက် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၈ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီး တရုတ်နိုင်ငံမှလည်း မလေးရှားနိုင်ငံအပေါ် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့ကူညီပေးမှုများလည်း ရှိနေပြီး အာရှငွေကြေးဆိုင်ရာ အကျပ်အတည်းဖြစ်ပေါ်မှုများနှင့် တမီးလ်သူပုန်များအား တိုက်ခိုက်ရာတွင်လည်း ထောက်ပံ့မှုများပြုခဲ့ကြောင်း သတင်းများအရ သိရသည်။ တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။

**ခင်လေးယု**


Clarte'
Home Comfort Center
AIR COOLERS
ELECTRIC FANS
WATER PURIFIERS
DISPENSERS
GOOD HEALTH GOOD LIFE
Assorted Products
TUN HTAIK TIN COMPANY LIMITED
TEL. 097-3202424, 099-65134446
PRODUCTS FROM THAILAND


BPG Biz-Partner Group
• Carestream Medical Solutions
CR, DR, Imagers, X-ray, Ultrasound
• Carestream Dental Solutions
Dental X-ray, Sensors, CR, OPG, CBCT, CEPH, Oral cameras
• Carestream NDT Solutions
Industry use Films, CR, Portable CR
• Orfit Radiation Therapy Solutions
Mould Room Accessories, Rehab Accessories, Immobilization Devices
• Network Solutions
PACS, HIS, RIS, Cloud based Tele-radiology Services
• Other Solutions
Contrast Injectors, Syringes and Tubing
Address : No.397 , Gant Gaw Myaing St, 23 Ward, Thuwanna, Thingangyun Tsp, Yangon
Website : www.bpgmyanmar.com
Phone : 01573147, 09 5136284, 095102199



တို့တောင်သူတွေ ဘဝစိတ်အေးဖို့ သီးနှံအာမခံထားကြစို့
GLOBAL WORLD INSURANCE CO., LTD
ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ
Crop Insurance
သီးနှံအာမခံ
Hotline
09 - 33087771
အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၂၃၀၂၅၀၈



BENHUR
BENHUR TRADING CO.,LTD.
Show Room
Room No.(002/003/004), Business Twin Tower(B),
Damazedi Road, Sanchaung Township, Yangon, Myanmar.
Tel : 01-516659, 505139, 516807, Fax : 01-516660
Gmail : benhur1112@gmail.com
facebook page : https://facebook.com/benhurtrading
Website : www.benhurtrading.com
Head Office
(1/40), Kanaung Min Thar Gyi Street,
Hlaingthayar Industrial Zone(1),
Hlaingthayar Township, Yangon, Myanmar.
Tel : 01-3682283, 3682289, 3682076, 3684164,
3682674, 3687957, 3681938, 3682961 (Ext : 133,137,139)
Fax : 01-3684090
Email : benhursteel@ytp.com.mm
benhurpipe@ytp.com.mm
benhur@ytp.com.mm
Benhur Pipe Factory
No.114, Kanaung Minthargyi Street,Zone(4)
Shwe Pyi Thar Township, Yangon, Myanmar
TEl : 3618329, 3618397, 3618221, 3618223, 3618396
GI-Plain Sheet
Color Sheet
HR-Sheet
D-Bar
Angle-Channel
Wire Coil
H-BEAM
OPP
Air-Ventilator
Wire Nails
Hollow Round Pipe
Hollow Square Pipe
Orbit Clip
H Bolt & Nut
Steel Rail
Tapping Screw
Dry Wall Screw
Roofing Screw
330-17032
330-17033
330-17034
330-17035
330-17036
330-17037
330-17038
330-17039
330-17040
330-17041
330-17042
330-17043
330-17044
330-17045
330-17046
330-17047
Aung Ceramic Tile Factory
No.(16 to 23), Thaducan Industrial Zone(1),
Tharducan Street, Shwe Pyi Thar Township,
Yangon, Myanmar.
Tel ; 3611423, 3611262, 3611670~3611677
Wire Nail Factory
No.114, Maikhayar Minthargyi Maung Pyo Street,Hlaingthayar Industrial Zone(2),
Hlaingthayar Township,Yangon, myanmar.
Tel : 3684596, 3684677, 3685865, 3685867

# COMMERCE INTERNATIONAL

## တောင်ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုပစ္စည်းတင်ပို့မှု ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်

တောင်ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုပစ္စည်း (Cultural Content) တင်ပို့မှုသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ခဲ့ကြောင်း ဇွန် ၁ ရက်က ထုတ်ပြန်သော အစိုးရ၏ကိန်းဂဏန်းများအရ တွေ့ရသည်။

ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုပစ္စည်းများတင်ပို့မှုသည် ၂၀၁၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၀၈ ဘီလီယံကို ကျော်လွန်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်မူ ၂၀၁၆ ခုနှစ်ကထက် ၆ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

ပို့ကုန်များသည် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းမှအပ ဖျော်ဖြေတင်ဆက်မှု ကဏ္ဍအသီးသီးတွင် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်ထုတ်လုပ်မှုက တိုးတက်မှုနှုန်း ၄၉ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ရုပ်သံထုတ်လွှင့် မှုက ၂၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် တေးဂီတပိုင်းက ၁၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ပို့ကုန်ပမာဏအရ ဂိမ်းထုတ်လုပ်မှုမှာ အချိုးအစား အများဆုံးဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃ ဒသမ ၂၇ ဘီလီယံရှိသည်။




ဇာတ်ကောင်ရုပ်များ (Characters) က အမေရိကန်ဒေါ်လာ သန်း ၆၀၀ ဖိုးဖြင့် သူ့နောက်မှလိုက်ပါနေပြီး အီလက်ထရွန်းနစ် သင်ယူရေးက အမေရိကန်ဒေါ်လာ သန်း ၅၆၀၊ ဂီတက အမေရိကန်ဒေါ်လာ ၄၄၂ သန်း၊ ရုပ်သံထုတ်လွှင့်မှုက အမေရိကန်ဒေါ်လာ ၄၄၁ သန်း စသည်ဖြင့် အသီးသီး ရရှိခဲ့သည်ကို တွေ့ရသည်။ ယင်းကဏ္ဍများတွင် ပြည်ပမှ တင်သွင်းမှုက နှစ်အလိုက်နှိုင်းယှဉ်လျှင် ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၆ ဘီလီယံ ရှိခဲ့သည်။

K.Pop အပါအဝင် တောင်ကိုရီးယား ဖျော်ဖြေရေး အစီအစဉ်များ လူကြိုက်များလာသည့်အတွက် ဖျော်ဖြေတင်ဆက်မှုလုပ်ငန်းသည် ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ် ၆ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ စုစုပေါင်း ရောင်းချရမှု တန်ဖိုးမှာလည်း ငါးရာခိုင်နှုန်း မြင့်တက်ကာ ၂၀၁၆ ခုနှစ်တွင် ဝမ် ၁၀၅ ဒသမ ၅ ထရီလီယံအထိ ရောက်ရှိခဲ့သည်။ အထူးသဖြင့် အင်နီမေးရှင်းနှင့် ဇာတ်ကောင်များ၏တင်ပို့မှုမှာ ၁၀ ဒသမ ၉ ရာခိုင်နှုန်း နှင့် ၉ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။

ပြည်တွင်း ရောင်းချမှုအရ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝင်ငွေသည် အမြင့်မားဆုံးဖြစ်ပြီး ဝမ် ၂၀ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့သည်။ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းနောက်မှ ရုပ်သံလွှင့်လုပ်ငန်း၊ ကြော်ငြာနှင့် အွန်လိုင်း သတင်းအချက်အလက်ဝန်ဆောင်မှုနှင့် ဇာတ်ကောင်များ ရောင်းချမှုတို့က အသီးသီး လိုက်ပါလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ကျဆင်းမှုအပါအဝင် ပြည်တွင်းပြည်ပ၌ အခက်အခဲများ ဖြစ်ပေါ်နေသော်လည်း ပြည်တွင်းစုစုပေါင်းရောင်းချမှု၏ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှစ၍ ၄ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် အင်အားခြောက်သိန်းခွဲနီးပါးရှိသော ဖျော်ဖြေတင်ဆက်မှုကဏ္ဍတွင် ပါဝင်သည့် ကဏ္ဍကိုးခုအား စစ်တမ်းကောက်ယူခဲ့သည်။ ထိုသို့ကောက်ယူထားသော စစ်တမ်းအချက် အလက်များကို ထုတ်ပြန်ရာတွင် ကိုရီးယားရုပ်ရှင်ကောင်စီနှင့် ကိုရီးယား ဆက်သွယ်ရေးကော်မရှင်တို့မှ ကောက်ယူစစ်တမ်းများကို စုစည်းကာ လေ့လာတွေ့ရှိချက်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

## ကုန်သွယ်မှုဆိုင်ရာ သဘောထား ကွဲလွဲချက်များကို အပြုသဘောဖြင့်ဖြေရှင်းရန် အိုင်အမ်အက်ဖ်တိုက်တွန်း

အမေရိကန်ပြည်ထောင်စုက ဥရောပသမဂ္ဂ၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့အပေါ်တွင် သံမဏိနှင့် အလူမီနီယံခွန်များ ကောက်ခံရန် ဆက်လက်ဆောင်ရွက်နေသည့်အတွက် ဖြစ်ပေါ်နေသော ကုန်သွယ်ရေးဆိုင်ရာ သဘောကွဲလွဲမှုများကို ဖြေရှင်းရာတွင် အပြုသဘောစိတ်ဓာတ် ဆောင်ရွက်ကြရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က မေ ၃၁ ရက်တွင် တိုက်တွန်းခဲ့သည်။

ကမ္ဘာ့စီးပွားရေး နာလန်ထူမှုကို ကုန်သွယ်ရေးဖြင့် အထောက်အပံ့ ပေးနေရသည့်အချိန်တွင် ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပွားနေသည်မှာ စိတ်မကောင်းစရာ ဖြစ်ကြောင်း အိုင်အမ်အက်ဖ်၏ ဆက်သွယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ ဂယ်ရီရိုက်စ်က ပြောသည်။

ကာလရှည်ကြာစွာ ဖြစ်ပွားနေသော ကုန်သွယ်မှုစစ်ပွဲတွင် လူတိုင်းဆုံးရှုံးမှုဖြစ်နိုင်သည့်အတွက် ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားရန်နှင့် ကုန်သွယ်မှုတွင် ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများကို ခြွင်းချက်မထားဘဲ ဖြေရှင်းရန် နိုင်ငံများအား အိုင်အမ်အက်ဖ်က အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူကပြောသည်။

အကယ်၍ ကုန်သွယ်မှုစစ်ပွဲများ ပြင်းထန်လာပါက ဆင်းရဲသားများမှာ ပိုမိုခံစားရမည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်၏ ညွှန်ကြားရေးမှူးချုပ် ခရစ်စတင်းလားဂတ်က ပြောသည်။ ပိုမိုကောင်းမွန်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစနစ်ကို ဖန်တီးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်ကြရန် အိုင်အမ်အက်ဖ်အကြီးအကဲက မကြာသေးမီက တိုက်တွန်းပြောကြားခဲ့သည်။

ဆင်းရဲသား သန်းပေါင်းများစွာကို ဆင်းရဲတွင်းမှ ကယ်တင်နိုင်ရန်အတွက် နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို နိုင်ငံအများအပြားက လွန်ခဲ့သော နှစ်ပေါင်း ၇၀ အတွင်း အတူတကွ ပူးပေါင်းတည်ထောင်ခဲ့ကြကြောင်းနှင့် နိုင်ငံအားလုံးရှိ လူနေမှုအဆင့်အတန်းနှင့် ဝင်ငွေကို မြှင့်တင်ပေးခဲ့ကြောင်း လားဂတ်က ပြောသည်။

သို့ရာတွင် အီးယူ၊ ကနေဒါနှင့် မက္ကဆီကိုတို့မှ တင်သွင်းသော သံမဏိ အလူမီနီယံတို့အပေါ် သွင်းကုန်ခွန်များ ကောက်ခံရန် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဝီလ်ဘာရောစ်က မေ ၃၁ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

## ဗီယက်နမ် အစိုးရက စက်မှုလက်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ကို မြှင့်တင်ရန်ရည်ရွယ်



မေ ၂၅ ရက်မှာ ဗီယက်နမ်၏ ဒုတိယဝန်ကြီးချုပ် ထရင်ဒင်ဒန်း လက်မှတ်ရေးထိုးခဲ့သော ၂၀၁၈-၂၀၂၀ ကာလ စက်မှုလုပ်ငန်း ပြန်လည်တည်ဆောက်ရေး စီမံကိန်းသစ်အရ စက်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ၂၀၂၀ ပြည့်နှစ်မှာ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ ၃၀-၃၅ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

စက်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍအပါအဝင် ဗီယက်နမ်နိုင်ငံ၏ စက်မှုကဏ္ဍကို ၂၀၁၆-၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်တည်ဆောက်ရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်အတွက် ယခုစီမံကိန်းမှာ အဆိုပါဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

စီမံကိန်းတွင် စက်မှုကဏ္ဍ၏ ဖွံ့ဖြိုးမှုနှုန်းကို ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းထက် ပိုမိုမြင့်မားအောင် ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။ စက်မှုထုတ်ကုန်ပစ္စည်းများ၏ စုစုပေါင်း ပို့ကုန်တွင် ပါဝင်မှု အချိုးကို ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းနှင့် စက်မှုနှင့်ဆောက်လုပ်ရေးကဏ္ဍရှိအလုပ်သမား ပါဝင်မှုအချိုးကို အလုပ်အကိုင်ဖန်တီးမှုအားလုံး၏ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပါဝင်အောင် ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

အစိုးရသည် စက်မှုကဏ္ဍ၏ ပျမ်းမျှကုန်ထုတ်လုပ်မှု တိုးတက်မှုနှုန်းကို ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။ စက်မှုလုပ်ငန်းကဏ္ဍ၏ ယှဉ်ပြိုင်မှုစွမ်းရည် အညွှန်းကိန်းတွင် မူလအာဆီယံလေးနိုင်ငံနှင့် ကွာဟချက် ကျဉ်းမြောင်းအောင် ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် အဆင့်မြင့်နည်းပညာသုံးစွဲသည့် စက်မှုလုပ်ငန်း အရေအတွက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။ ကုန်ထုတ်လုပ်ငန်း၏ တန်ဖိုးမြှင့်ထုတ်လုပ်မှု တန်ဖိုးကို ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။

အထက်ပါ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရန် အစိုးရက အဆိုပြုထားသည်။

ပထမအချက်မှာ ထုတ်လုပ်မှုကဏ္ဍတွင် ခေတ်မီနည်းပညာများကို ပိုမိုအသုံးချပြီး စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍကို သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ရာသီဥတု ပြောင်းလဲမှုတို့နှင့် ဆက်နွယ်ဆောင်ရွက်ရန် ဖြစ်သည်။ ဒုတိယအချက်မှာ အထည်ချုပ်၊ သားရေအစရှိသည့်ထုတ်ကုန်များ၏ တန်ဖိုးကွင်းဆက်ကို တန်ဖိုးမြှင့် ထုတ်လုပ်ကာ မြှင့်တင်ရန်ဖြစ်သည်။ တတိယအချက်မှာ ဗီယက်နမ် စက်မှုထုတ်ကုန်များ၏ ကုန်သွယ်မှုနှင့် ကုန်အမှတ်တံဆိပ် ဖွံ့ဖြိုးမှုကို မြှင့်တင်ရန် အဆိုပြုထားကြောင်း သိရသည်။

**စနစ်တကျ အမှိုက်စွန့်ပစ်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**